# ကြေးမုံ

The Mirror Daily

၁၉၅၇ ပြေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။ လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၄ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 23 November 2022 ၁၀၉၂၈


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား (ခ)အဆင့် ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားနေမှု

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား (ခ)အဆင့် ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် နိုဝင်ဘာ ၂၂

၂၀၂၂ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား (ခ)အဆင့် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု ဘောလုံးအသင်းနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု ဘောလုံးအသင်းတို့ ယနေ့ညနေပိုင်းတွင် ဇေယျာသီရိ တပ်မတော် အားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေးသည်။

အဆိုပါအားကစားပြိုင်ပွဲသို့ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့် ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

## တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ၊ ဘောလုံးဗိုလ်လုပွဲနှင့် ပိတ်ပွဲအခမ်းအနားများ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၂၂

၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ "က"အဆင့် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားပုံများ၊ ဆုချီးမြှင့်ခြင်းနှင့် ပိတ်ပွဲအခမ်းအနားကျင်းပပုံများကို နိုဝင်ဘာ ၂၅ ရက် မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင် MRTV HD Channel၊ MWD HD Channel၊ MWD Variety HD Channel၊ MWD Education, knowledge & Sports HD Channel နှင့် Skynet Sport 4 Channel တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။ သတင်းစဉ်

**ယနေ့ ဖတ်စရာ**

**ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး မြန်မာဘာတွေဆောင်ရွက်နေသလဲ ဘယ်သူတွေက နှောင့်နှေးအောင် နှောင့်ယှက်ဖန်တီးနေသလဲ** ဆောင်းပါး စာမျက်နှာ » ၆

**အခုအခါမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အသိအမှတ်ပြုပြီး ကျွန်မတို့ကို ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းတဲ့အတွက် ပိုပြီး ကျေနပ်ပီတိဖြစ်ရပါတယ်။ နိုင်ငံကောင်းကျိုးအတွက် ကျရာကဏ္ဍကနေ အလုပ်တွေ ပိုပြီးတော့ အားစိုက်ဆောင်ရွက်ကြဖို့အတွက် တွန်းအားတစ်ခုလို့ ယုံကြည်ပါတယ်** စာမျက်နှာ » ၈

**မွန်တောင်ဒေသခံအစုအဖွဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေ သတ်မှတ်ဖွဲ့စည်း** စာမျက်နှာ » ၁၆

ကြေးမုံ

# ပါတီစုံဒီမိုကရေစီစနစ်ဖြင့် နိုင်ငံတည်ဆောက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်မှ နောက်ဆုံးအချက်တွင် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဟုပါရှိပြီး အဆိုပါရှေ့လုပ်ငန်းစဉ် အကောင်အထည်ပေါ်အောင် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်ပါ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို စနစ်တကျပြန်လည်ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များအား အဆင့်ဆင့်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါတွင် လုပ်ငန်းအတော်များများ ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အကြိုလုပ်ငန်းစဉ်များဖြစ်သည့် ဥပဒေမူဘောင်ဆိုင်ရာများကို ယခင်ရွေးကောက်ပွဲအတွေ့အကြုံ ပြောင်းလဲကျင့်သုံးမည့် ရွေးကောက်ပွဲစနစ်တို့နှင့်အညီ သုံးသပ်ပြင်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေသစ်ကို မကြာမီပြဋ္ဌာန်းနိုင်တော့မည်ဖြစ်သည်။

ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးရာတွင် ရွေးကောက်ပွဲနှင့် နိုင်ငံရေးပါတီများ အခန်းကဏ္ဍသည် အလွန်အရေးကြီးသဖြင့် ခိုင်မာအားကောင်းသည့် နိုင်ငံရေးပါတီများ ဖြစ်ပေါ်လာရေးရည်ရွယ်ပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ရေးဥပဒေသစ်ကို ပြဋ္ဌာန်းဆောင်ရွက်ခြင်းဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးကို အာမခံထားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လမ်းညွှန်ပေးထားသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေးနှင့် မဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးနိုင်ရေးကို အလေးထားဆောင်ရွက်နေသည်။

ရွေးကောက်ပွဲသည် ဒီမိုကရေစီနိုင်ငံတည်ဆောက်ရာ၌ ပဓာနကျသည့် ရှေးဦးလုပ်ငန်းစဉ်ဖြစ်သည်။ ဒီမိုကရေစီစနစ်ဖြင့် နိုင်ငံတော်ကို တည်ဆောက်ရာ၌ ရွေးကောက်ပွဲမှပေါ်ထွက်လာသည့် ပြည်သူ့ကိုယ်စားလှယ်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ကြသည်။ နိုင်ငံ၏အရေးအရာကိစ္စအားလုံးကို လွှတ်တော်များတွင် အတည်ပြုဆုံးဖြတ်ခြင်းဖြင့် ပြည်သူများအား ကိုယ်စားပြုမှု၊ ပြည်သူအကျိုးဆောင်ရွက်နိုင်မှုကို အလေးအနက်ထားသည်။ ထို့ကြောင့် ရွေးကောက်ပွဲအောင်မြင်စေရန်အတွက် ကြုံတွေ့ရမည့်၊ ကြုံတွေ့နိုင်မည့် စိန်ခေါ်မှုများကိုလည်း ကျော်လွှားနိုင်အောင် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ ယခုကျင်းပမည့် ရွေးကောက်ပွဲသည် နိုင်ငံတော်အတွက် ဥပဒေနှင့်အညီ ဆောင်ရွက်နေသော်လည်း ပြည်ပမှအပြုသဘောမဆောင်မှုများရှိနေသည်။

ရွေးကောက်ပွဲကို ပြည်သူအားလုံး၏ ဆန္ဒပါဝင်စေရန်အတွက် နိုင်ငံတစ်ဝန်းလွှမ်းခြုံဆောင်ရွက်ရာ၌ နယ်မြေဒေသအခြေအနေများနှင့် ကိုယ်ပိုင်ဆန္ဒအရလိုအပ်ချက်များရှိမည်။ သို့သော် အကြားအလပ်မရှိ ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ရာ အဓိကကျသည့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ငြိမ်းချမ်းရေးကို နိုင်ငံတော်အစိုးရက အလေးထားဆောင်ရွက်နေသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) အပေါ်အခြေခံ၍ ဆွေးနွေးနေသည်။ ဆွေးနွေးမှုရလဒ်များကို လွှတ်တော်တွင် ဆက်လက်အတည်ပြုနိုင်ရန် ရွေးကောက်ပွဲကို အောင်မြင်စွာဆောင်ရွက်ရမည်ဖြစ်သည်။

လွှတ်တော်တွင် ဆွေးနွေးရာ၌ သက်ဆိုင်ရာတိုင်းရင်းသားကိုယ်စားလှယ်များ ပါဝင်ရန်လိုအပ်သဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် ရွေးကောက်ပွဲကျင်းပရန်လိုအပ်သည်။ သို့မှသာ လွှတ်တော်များတွင် တိုင်းရင်းသားများအရေး၊ ဒေသများအရေးကို အပြည့်အဝဆွေးနွေးနိုင်မည်ဖြစ်သည်။ တိုင်းရင်းသားအားလုံးနှင့် မတူကွဲပြားသော အဖွဲ့အစည်းများအားလုံးပါဝင်နိုင်ရန်အတွက် အချိုးကျကိုယ်စားပြုစနစ် ပီအာစနစ်ကိုကျင့်သုံးလျက်ရှိသည်။ ယခုအခါ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ထိုက်သင့်သလောက် တိုးတက်မှုများရရှိနေပြီဖြစ်၍ တိုင်းရင်းသားဒေသများတွင် သန်းခေါင်စာရင်းကောက်ယူခြင်းနှင့် နိုင်ငံသားမှတ်ပုံတင်ပြုလုပ်ခြင်းများဆောင်ရွက်နေပြီး မဲစာရင်းပြုစုခြင်းလုပ်ငန်းများကို အထောက်အကူပြုကာ တိုင်းရင်းသားဒေသများ၌ ရွေးကောက်ပွဲများ ကျင်းပနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်ပါအတိုင်း လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ပြန်လည်ကျင်းပ၍ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို တိုင်းရင်းသားပြည်သူများနှင့်လက်တွဲ၍ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။ ။




## စွန့်လွှတ်စွန့်စားသူတို့၏ကွန်းခိုရာ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ(နေပြည်တော်)သို့ အလှူငွေပေးအပ်

နေပြည်တော် နိုဝင်ဘာ ၂၂

စွန့်လွှတ်စွန့်စားသူတို့၏ကွန်းခိုရာ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ(နေပြည်တော်)သို့ နိုဝင်ဘာ ၂၂ ရက်က ဦးပိုက်ထွေး (ဒုတိယဝန်ကြီး-ငြိမ်း)နှင့်ဇနီး ဒေါ်ခင်မျိုးငွေးတို့၏ (၃၅)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ငွေပဒေသာပင် ငွေကျပ် ၁၀ သိန်း၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှင်းထန်ပြည်သူ့စစ်ခေါင်းဆောင် ဦးဝင်းသန့်လွင်(ခ)အားရှန်မိသားစုက ငွေပဒေသာပင် ငွေကျပ်သိန်း ၃၀ နှင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၁၀၁၆ နယ်ခြားစောင့်တပ် ကြီးကြပ်ရေးအဖွဲ့ဝင် ဦးအောင်ဝင်းမိသားစု (ကိုယ်စား)ငွေပဒေသာပင် ငွေကျပ်သိန်း ၃၀ တို့ကို ပေးအပ်လှူဒါန်းရာ ဗဟိုအလုပ်အမှုဆောင်ကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းကြည်(ငြိမ်း)ကိုယ်စား တာဝန်ခံအရာရှိ ဗိုလ်မှူးသောင်းမြင့်(ငြိမ်း)က လက်ခံရယူ၍ သာဓုအနုမောဒနာခေါ်ဆိုကာ ဆုတောင်းမေတ္တာပို့သခဲ့ကြောင်းနှင့် ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်




## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၂ - ၁၁ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၀၀၀ | ၉,၁၀၀ | ၂,၄၇၁ | ၂၂,၃၆၈,၆၀၀ |
| MTSH | ၃,၃၅၀ | ၃,၃၅၀ | ၃,၄၅၁ | ၁၁,၅၆၀,၈၅၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၁၁ | ၈၄,၇၀၀ |
| FPB | ၁၉,၅၀၀ | ၁၉,၅၀၀ | ၀ | ၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၀ | ၀ |
| EFR | ၂,၇၀၀ | ၂,၇၀၀ | ၀ | ၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၁၇၈ | ၈၇၂,၂၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် နိုဝင်ဘာ ၂၂

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၂၁၅၇.၃ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၂၉၄.၃၀ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၈.၁၈၀ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၅၈.၅၂ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၇၂၂ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၉၄.၇ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၂၂.၇ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၄၈၆.၇ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၅.၁၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲတွင် တိုက်ကွမ်ဒိုပြိုင်ပွဲ ကျင်းပစဉ်။



၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲတွင် လက်ဝှေ့ပြိုင်ပွဲ ကျင်းပစဉ်။



၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲတွင် ဗန်တိုအတိုက်ပြိုင်ပွဲ ကျင်းပစဉ်။



၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲတွင် ဓားတစ်လက်အတိုက်ပြိုင်ပွဲ ကျင်းပစဉ်။

☆ ရှေ့ဖုံးမှ

အဆိုပါ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား (ခ)အဆင့် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုဘောလုံးအသင်းနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု ဘောလုံးအသင်းတို့သည် ဗိုလ်လုပွဲသို့ တက်ရောက်လာကြသည့် အသင်းများဖြစ်သည်နှင့်အညီ တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ် အပြန်အလှန်ဖိအားပေး ယှဉ်ပြိုင်ကစားကြပြီး ပွဲကစားချိန် ၈၇ မိနစ်တွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းက ဂိုးရရှိခဲ့ကာ အရှေ့တောင်တိုင်းစစ်ဌာနချုပ်အသင်းကို တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အလားတူ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများဖြစ်သည့် လက်ဝှေ့ပြိုင်ပွဲကို နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ တပ်နယ်အားကစားခန်းမ၌ ကီလိုအလိုက် လူသစ်တန်းပွဲစဉ် လက်ဝှေ့ပြိုင်ပွဲများကို လည်းကောင်း၊ တိုက်ကွမ်ဒိုပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ(A)၌ ဝိတ်တန်းအလိုက် ဆီမီးဖိုင်နယ်ပွဲစဉ်များနှင့် (က)အဆင့် တစ်ဦးချင်းကကွက်၊ (က)အဆင့် အသင်းလိုက် ကကွက်ပြိုင်ပွဲများကို လည်းကောင်း၊ မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ(C)၌ အတိုက်ပြိုင်ပွဲမှ ဗန်တိုအတိုက်ပြိုင်ပွဲ၊ ပန်ကြပ်ဆီလပ်အတိုက်ပြိုင်ပွဲ၊ ဓားတစ်လက်အတိုက်ပြိုင်ပွဲ၊ ဓားနှစ်လက်အတိုက်ပြိုင်ပွဲ၊ တပ်မတော်လက်ရေးပညာစဉ် စွမ်းရည်ပြပြိုင်ပွဲများကို လည်းကောင်း ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြပြီး တစ်ဦးချင်းဆုရရှိကြသည့် အားကစားသမားများကို တပ်မတော် အရာရှိကြီးများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား (ခ)အဆင့် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ကျင်းပစဉ်။

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ စာရေးဝန်ထမ်းကြီးကြပ်မှုသင်တန်း အမှတ်စဉ် (၈) သင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၂**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ စာရေးဝန်ထမ်းကြီးကြပ်မှုသင်တန်း အမှတ်စဉ် (၈) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲက မင်္ဂလာတောင်ညွန့်မြို့နယ် စက်ရုံလမ်းရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝန်ထမ်းသင်တန်းကျောင်း သင်တန်းခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး၊ တိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ ဒုတိယမြို့တော်ဝန် ဦးညီညီ၊ အတွင်းရေးမှူး ဦးညွန့်ဖေနှင့် ကော်မတီဝင်များ၊ ဌာနမှူးများ၊ သင်တန်းကျောင်းအုပ်ကြီးနှင့် နည်းပြများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် မြို့တော်ဝန် ဦးဗိုလ်ဌေးက မြို့တော်အတွင်းနေထိုင်ကြသည့် မြို့တော်သူ မြို့တော်သားများသည် သန့်ရှင်းသော ရေကောင်းရေသန့်ရရှိရေး၊ စိတ်လက်အပန်းဖြေနိုင်ရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေးအတွက် မိမိတို့ စည်ပင်သာယာဝန်ထမ်းများသည် တတ်နိုင်သမျှ ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ သင်တန်းသား သင်တန်းသူများသည် ခံယူချက်မှန်ကန်ခြင်း၊ စိတ်ဓာတ်အတွေးအခေါ်မြင့်မားခြင်း၊ လုပ်ငန်းခွင်အတတ်ပညာ ထူးချွန်ထက်မြက်ခြင်း စသည့် အရည်အချင်းကောင်းများနှင့် စွမ်းဆောင်ရည်မြင့်မားရန် အထူးကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့တော်ဝန်သည် သင်တန်းသားခေါင်းဆောင်ထံ သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ပြီး သင်တန်းတွင် ပထမဆုရရှိသည့် တိရစ္ဆာန်ဆေးကုနှင့် ထုတ်လုပ်ရေးဌာနမှ ဒုတိယတိရစ္ဆာန်ဆေးကုမှူး ဒေါက်တာနုနုထွေးဝေ၊ ဒုတိယဆုရရှိသည့် စီမံရေးရာဌာနမှ ဌာနခွဲစာရေး ဒေါ်သီသီမြင့်နှင့် တတိယဆုရရှိသည့် စီမံရေးရာဌာနမှ ဌာနခွဲစာရေး ဒေါ်သန်းသန်းချစ်တို့အား ထူးချွန်ဆုများ ချီးမြှင့်ပေးအပ်သည်။

အဆိုပါသင်တန်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရှိ ဌာနအသီးသီးမှ သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ (၄)ပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့ပင်လယ်ပြင်

**နေပြည်တော် နိုဝင်ဘာ ၂၂**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# ၂၀၂၂ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**၂၀၂၂ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ**
**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၄၈ / ၂၀၂၂)**
**၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်**
**(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၂၀၂၂ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ (က) ဤဥပဒေ၏ ပုဒ်မ ၃ နှင့် ပုဒ်မ ၄ ပါ ကိစ္စရပ်များသည် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၃ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ အကျိုးသက်ရောက်စေရမည်။

(ခ) ဤဥပဒေ၏ ပုဒ်မ ၅ ပါ ကိစ္စရပ်သည် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၂၃ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ အကျိုးသက်ရောက်စေရမည်။

၃။ ၂၀၂၂ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ(က) အထူးကုန်စည်ခွန်ကျသင့်စေသည့် ဇယားအမှတ်စဉ် ၁၂ (က)၊ (ခ)နှင့် (ဂ)တို့တွင်ပါရှိသော **“လျှပ်စစ်ကားများမှအပ”**ဆိုသည့် စကားရပ်ကို **“ဘက်ထရီလျှပ်စစ်ကား [Battery Electric Vehicle (BEV)] များမှအပ”** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ၂၀၂၂ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၁၄၊ ပုဒ်မခွဲ(က) ကုန်သွယ်လုပ်ငန်းခွန်မကျသင့်စေသည့် ကုန်စည်များဇယား၏ အမှတ်စဉ် ၄၅ နောက်၌ အမှတ်စဉ် ၄၆ ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

| စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၄၆ | ဘက်ထရီလျှပ်စစ်ကား [Battery Electric Vehicle (BEV)] နှင့် ယင်း၏ ဘက်ထရီ။ |

၅။ ၂၀၂၂ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပုဒ်မ ၂၃ ၏ နောက်၌ ပုဒ်မ ၂၃-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

“၂၃-က။ ပုဒ်မ ၂၃၊ ပုဒ်မခွဲ(က)တွင် မည်သို့ပင်ပါရှိစေကာမူ မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သည့် ပုဂ္ဂိုလ်စုဖြစ်ပါက ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုဘဲ စုစုပေါင်း အသားတင်အမြတ်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။”

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# မဲစာရင်းများ မှန်ကန်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေးအတွက် အလေးအနက်ထား ဆောင်ရွက်လျက်ရှိရာ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက မဲစာရင်းများပြုစုရာတွင် သက်ဆိုင်ရာဌာနများမှ စာရင်းဇယားများနှင့် ပူးပေါင်းဆောင်ရွက်ရသကဲ့သို့ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်း စသည့် ကိစ္စရပ်များတွင်လည်း ယနေ့တက်ရောက်လာသည့် ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မဲစာရင်းများပြုစုရာတွင် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေများနှင့်အညီ “မဲစာရင်းများကိုပြုစုရာတွင် ကော်မရှင်ကသတ်မှတ်သည့် လူဦးရေစာရင်း ပုံစံဇယားများအတိုင်း ပြည်ထဲရေးဝန်ကြီးဌာန မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက ပြုစုထားသည့် လူဦးရေစာရင်းများကို ရယူအခြေခံပြီး ပြုစုရမည်ဖြစ်ကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးများက ပြုစုထားသည့် လူဦးရေစာရင်းများသည် မဲစာရင်းမှန်ကန်ရေးအတွက် အဓိကကျပါကြောင်း။

မြေပြင်နှင့် တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းများ ပြီးမြောက်ပြီးသည့်နောက် ရရှိလာသည့် လူဦးရေစာရင်းများကို ကွန်ပျူတာဆော့ဝဲလ်အသုံးပြု၍ နိုင်ကတ်ထပ်နေသူများ၊ နိုင်ကတ်မရှိသူ/မပြည့်စုံသူများ၊ အသက် ၁၈ နှစ်အောက်ရှိသူများ၊ မွေးသက္ကရာဇ် မပြည့်စုံသူများ၊ မွေးရက် မွေးလထပ်နေသူများ စသည်ဖြင့် ခွဲခြားစိစစ်ခဲ့ပါကြောင်း၊ စိစစ်ပြီးသည့်စာရင်းများကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ပေးပို့ခဲ့ပါကြောင်း။

စိစစ်ပြီးသည့် စာရင်းများအပေါ်အခြေခံပြီး အခြေခံမဲဆန္ဒရှင်စာရင်းများ အချိန်နှင့် တစ်ပြေးညီ မှန်ကန်စေရေး မြို့နယ်အသီးသီးရှိ ရပ်ကွက်/ကျေးရွာအုပ်စုများ၌ သေဆုံးသူ၊ ပြောင်းရွှေ့ထွက်ခွာသူ/ဝင်ရောက်သူ၊ အသက် ၁၈ နှစ်ပြည့်ပြီး ဥပဒေနှင့်အညီ သတ်မှတ်အရည်အချင်းပြည့်မီသည့် နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပြီးသူများ၏ အင်အားအတိုးအလျှော့ပြောင်းလဲမှုများကို သက်ဆိုင်ရာဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးများနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးများ ပူးပေါင်း၍ ၂၀၂၂ ခုနှစ် စက်တင်ဘာလမှစတင်၍ လစဉ် တိုက်ဆိုင်စိစစ် ဆောင်ရွက်စေလျက်ရှိပါကြောင်း။

မြေပြင်တိုက်ဆိုင်စစ်ဆေးမှုမှ ရရှိသည့်လူဦးရေ စုစုပေါင်းမှာ မူလ Pilot Project ပြုလုပ်စဉ်က ၆၁၀၆၉၀၀၈ ဦး (၆၁ ဒသမ ၀၇ သန်းခန့်)ဖြစ်ပြီး စက်တင်ဘာလတွင် ကျန်ရှိသော ရပ်ကွက်/ ကျေးရွာအုပ်စုများ ထပ်မံပါဝင်လာခဲ့သည့်အတွက် ၆၁၂၁၄၀၉၉ ဦး (၆၁ ဒသမ ၂၁၄ သန်းကျော်)ရှိလာပြီဖြစ်ကြောင်း၊ ယင်းစာရင်းများသည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့၏ စာရင်းနှစ်ခုပေါင်းဖြစ်ကြောင်း၊ လစဉ် လူဦးရေစာရင်း အတိုးအလျှော့များကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုများအရ အောက်တိုဘာလအထိ ရရှိသောအချက်အလက်များမှာ -

| | | |
|---|---|---|
| ၁။ | ဥပဒေနှင့်အညီနေထိုင်သူဦးရေ | ၄၁၆၀၉၂၁၈ ဦး |
| ၂။ | နိုင်ကတ်ရှိသူဦးရေ | ၂၉၂၈၄၉၀၉ ဦး |
| ၃။ | ၁၈ နှစ်အထက်အောက်များအပါအဝင် နိုင်ကတ်မရှိသူဦးရေ | ၁၂၁၆၃၇၂၃ ဦး |
| ၄။ | သေဆုံးသူ စုစုပေါင်း | ၇၈၅၀၀၇ ဦး |
| ၅။ | နိုင်ကတ် (၂) ကြိမ်ထပ်မှ လျှော့နိုင်သည့်ဦးရေ | ၁၀၅၇၁၂ ဦး |
| ၆။ | နိုင်ကတ် (၃) ကြိမ်ထပ်မှ လျှော့နိုင်သည့်ဦးရေ | ၁၀၂၄၉ ဦး |
| ၇။ | နိုင်ကတ်ထပ်မှ အသစ်ပြုလုပ်သည့်ဦးရေ | ၆၅၉၄ ဦး |
| ၈။ | လဝက လက်ကျန်စာရင်းမှ ထပ်မံဖြည့်သွင်းသည့်ဦးရေ | ၃၆၀၅၇၆ ဦး |
| ၉။ | အချက်အလက်ပြင်ဆင်မှုပေါင်း | ၁၅၆၇၅၉၄ ခု |

တို့ဖြစ်ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ပြောင်းဝင်/ပြောင်းထွက် စာရင်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ပြောင်းဝင်/ပြောင်းထွက် စာရင်းများ စသည်ဖြင့် လူဦးရေစာရင်းများကိုလည်း ကောက်ယူရရှိခဲ့ကြောင်း။

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၀ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌနှင့် အစည်းအဝေး၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ပုံစံ (၆၆/၆) များ မြေပြင်တိုက်ဆိုင်စစ်ဆေးရန် လမ်းညွှန်ခဲ့ကြောင်း၊ မြေပြင်တိုက်ဆိုင်စစ်ဆေးခြင်း ဆောင်ရွက်ရာတွင် ပုံစံ(၆၆/၆)မရှိဘဲ မြေပြင်တွင် နေထိုင်သူများကိုလည်း တစ်ပါတည်း စာရင်းပြုစုသင့်ပါကြောင်း၊ ထို့အတူ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ ရွေးချယ်ရန်အတွက် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးကိုလည်း ခွဲခြား၍ စာရင်းကောက်ယူသင့်ကြောင်း အကြံပြုပြောကြားလိုပါကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့် အကြံပြုဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များက တိုင်းဒေသကြီး/ပြည်နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်စပ်လျဉ်း၍ မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးရရှိခဲ့သည့် အခြေခံစာရင်းအပေါ် စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် ထပ်မံစိစစ်ဆောင်ရွက်ရာ၌ တိုးတက်မှု အသေးစိတ်စာရင်းများနှင့် လုပ်ငန်း၏ လိုအပ်ချက်များကို ရှင်းလင်းတင်ပြခဲ့ကြသည်။

ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မဲဆန္ဒရှင်စာရင်းမှန်ကန်ရေးအတွက် တိုက်ဆိုင်စစ်ဆေးဆောင်ရွက်မှု၊ ပန်းခင်းစီမံချက်ဖြင့် နိုင်ကတ်များ ပြုလုပ်ပေးမှုနှင့် အခြေခံလူဦးရေစာရင်း မြေပြင်ကောက်ယူမည့် ဖွဲ့စည်းမှုတို့နှင့်စပ်လျဉ်း၍လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ၎င်းတို့၏ ဝန်ထမ်းခန့်အပ်မှု၊ မဲစာရင်းမှန်ကန်ရေးအတွက် ဆောင်ရွက်နေမှုနှင့် မဲဆွယ်စည်းရုံးရေးကာလတွင် နိုင်ငံရေးပါတီများနှင့် စပ်လျဉ်းသည့်အခြေအနေတို့ကိုလည်းကောင်း တင်ပြဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကား ပြောကြားသည်။

**သတင်းစဉ်**

**☆ ပြည်ထောင်စုနေ့၏ အနှစ်သာရတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက်သို့ လှည့်လည်သယ်ဆောင် ညအိပ်ရပ်နားခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ကာ ပြီးခဲ့သည့် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနား၌ ရန်ကုန်မြို့တော်တွင် ရပ်နားထားသည့် ပြည်ထောင်စုအလံတော်အား နေပြည်တော်ကောင်စီနယ်မြေသို့ စည်ကားသိုက်မြိုက်စွာ အခမ်းအနားဖြင့် သယ်ယူရပ်နားခဲ့ပါကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား နှစ်စဉ်လှည့်လည်သယ်ဆောင်ခြင်းမပြုစေဘဲ (၅)နှစ်တစ်ကြိမ်သာ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် လှည့်လည်သယ်ဆောင် ညအိပ်ရပ်နားခြင်း အစီအစဉ်များ ဆောင်ရွက်ရန်လည်း လျာထားပြီး အဆိုပါကိစ္စရပ်အပေါ်တွင်လည်း ဆွေးနွေးပေးနိုင်ရန်ဖြစ်**

☆ ကျောဖုံးမှ

အစည်းအဝေးသို့ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ဆပ်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ကျန်ကော်မတီဝင်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

အစည်းအဝေးတွင် ၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေး လိုအပ်သည်များ ကြိုတင်ညှိနှိုင်းဆောင်ရွက်နိုင်ရန် ပြုလုပ်သည့် ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးဖြစ်ကြောင်း၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီလတွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို တစ်ဆက်တစ်စပ်တည်း ဆက်လက်ပြုလုပ်သွားမည်ဖြစ်သဖြင့် အခမ်းအနားများ ဆက်နေသည်ကို တွေ့ရှိရမည်ဖြစ်သော်လည်း နိုင်ငံတော်အဆင့်အခမ်းအနားများ ဖြစ်သည်နှင့်အညီ ခမ်းခမ်းနားနားဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့နှင့်ပတ်သက်၍ အမျိုးသားရေးဦးတည်ချက်(၅)ရပ်ကိုလည်း ထုတ်ပြန်ထားပြီးဖြစ်ပြီး အဆိုပါ ဦးတည်ချက်များနှင့်အညီ ကျင်းပဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားကြီးကို စုပေါင်းစွမ်းအားဖြင့် အောင်မြင်စွာ ကျင်းပပြုလုပ်ကျော်ဖြတ်နိုင်ခဲ့ပြီးဖြစ်သကဲ့သို့ စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားကြီးကိုလည်း ခမ်းနားစွာ ကျင်းပနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကျင်းပပြုလုပ်ခဲ့သကဲ့သို့ပင် ပုံမှန်ကျင်းပနိုင်ရေး လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ လျာထားချက်အပေါ်မူတည်၍ တက်ရောက်လာကြသည့် တာဝန်ရှိသူများက ဆွေးနွေးကြရမည်ဖြစ်ကြောင်း။

ပြည်ထောင်စုနေ့၏ အနှစ်သာရတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက်သို့ လှည့်လည်သယ်ဆောင် ညအိပ်ရပ်နားခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ကာ ပြီးခဲ့သည့် (၇၅)နှစ်မြောက်စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနား၌ ရန်ကုန်မြို့တော်တွင် ရပ်နားထားသည့် ပြည်ထောင်စုအလံတော်အား နေပြည်တော်ကောင်စီနယ်မြေသို့ စည်ကားသိုက်မြိုက်စွာ အခမ်းအနားဖြင့် သယ်ယူရပ်နားခဲ့ပါကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား နှစ်စဉ်လှည့်လည်သယ်ဆောင်ခြင်းမပြုစေဘဲ (၅)နှစ်တစ်ကြိမ်သာ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် လှည့်လည်သယ်ဆောင် ညအိပ်ရပ်နားခြင်းအစီအစဉ်များ ဆောင်ရွက်ရန်လည်း လျာထားပြီး အဆိုပါကိစ္စရပ်အပေါ်တွင်လည်း ဆွေးနွေးပေးနိုင်ရန်ဖြစ်ကြောင်း။

(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဗဟိုကော်မတီ၊ စီမံခန့်ခွဲရေးကော်မတီနှင့် ဆပ်ကော်မတီအသီးသီးကို ဖွဲ့စည်းထားပြီးဖြစ်သည့်အတွက် အောင်မြင်စွာကျင်းပနိုင်ရေး လိုအပ်သည်များကို ထည့်သွင်းဆွေးနွေးကြရန်လိုကြောင်း၊ အခမ်းအနားများ ကျင်းပပြုလုပ်ရာတွင် ကိုဗစ်-၁၉ ရောဂါသတ်မှတ်ချက်များ ကိုက်ညီစွာဖြင့် စည်းကမ်းစနစ်တကျဆောင်ရွက်သွားရန်လိုအပ်သကဲ့သို့ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ လစ်ဟင်းမှုမရှိစေရေးအတွက်လည်း ပိုမိုဂရုပြုဆောင်ရွက်သွားရန်လိုကြောင်း၊ အခမ်းအနား အောင်မြင်စွာကျင်းပပြီးစီးနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများက မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များအလိုက် ကျေပွန်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က စီမံခန့်ခွဲမှုကော်မတီမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် လုံခြုံရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ ပြန်ကြားရေးဆပ်ကော်မတီ၊ ညစာစားပွဲဖျော်ဖြေရေးဆပ်ကော်မတီ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဆပ်ကော်မတီ၊ သဝဏ်လွှာပြုစုရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ ယဉ်ကျေးမှုအဖွဲ့များ ကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် နေရာချထားရေးဆပ်ကော်မတီ၊ မြေစိုက်ပိုစတာများ စိုက်ထူရေးဆပ်ကော်မတီ၊ နိုင်ငံတော်အလံတင်အခမ်းအနား စီစဉ်ရေးဆပ်ကော်မတီ၊ မီးရှူးမီးပန်းများ ပစ်ဖောက်ရေးဆပ်ကော်မတီ၊ အလှပြ Drone လွှတ်တင်ရေးဆပ်ကော်မတီ၊ စာရင်းစစ်ဆေးရေးဆပ်ကော်မတီ၊ ညစာစားပွဲခင်းကျင်းကျွေးမွေးရေးဆပ်ကော်မတီနှင့် အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အောင်မြင်စွာကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများနှင့် တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးကြသည်။

**နိဂုံးချုပ်အမှာစကား ပြောကြား**

ယင်းနောက် ၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် အခမ်းအနားအောင်မြင်စွာ နိုင်ငံတော်အဆင့် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဆပ်ကော်မတီအလိုက် မိမိတို့၏တာဝန်များကို အစဉ်အဆက် ဆောင်ရွက်ခဲ့သည်များအတိုင်း လစ်ဟင်းမှုမရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ၂၀၂၃ ဖေဖော်ဝါရီလ အစောပိုင်းတွင် ယဉ်ကျေးမှုအဖွဲ့များ စတင်ရောက်ရှိမည်ဖြစ်သဖြင့် မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍ လိုအပ်သည်များ ကြိုတင်ပြင်ဆင်သွားရန်လိုကြောင်း၊ မြေစိုက်ပိုစတာများ အချိန်မီဆောင်ရွက်နိုင်ရေး ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ကာ အချိန်မီပြန်လည်တင်ပြရန်လိုကြောင်း၊ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား အမျိုးသားရေးဦးတည်ချက်(၅)ရပ်နှင့်အညီ ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှု ထာဝရရေရှည်တည်တံ့ခိုင်မြဲရေး၊ ဥမကွဲသိုက်မပျက်ရှိစေရေးတို့ကို ဖော်ဆောင်နိုင်ရန်လိုကြောင်း၊ ပြည်ထောင်စုကြီး ရေရှည်တည်တံ့ခိုင်မြဲရမည်ဟူသည့် စိတ်ဓာတ်များ ကိန်းဝပ်ရှင်သန်နေစေရေး၊ လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာသည့် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ကာ ပြည်ထောင်စုကြီး ထာဝရတည်မြဲရေး၊ စည်းလုံးညီညွတ်မှုမှတစ်ဆင့် ထာဝရငြိမ်းချမ်းရေးရရှိရေး စသည့် ဦးတည်ချက်များ အောင်မြင်စေရန် အားလုံးဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်းဖြင့် မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Sochi မြို့၌ ကျင်းပသည့် (၁၂)ကြိမ်မြောက် နျူကလီးယားနည်းပညာအခြေခံသည့် ဆန်းသစ်တီထွင်မှုဖိုရမ်(၂၀၂၂)သို့ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂၂**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်တို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလွင်ဦးနှင့် တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၂၁ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Sochi မြို့၌ ကျင်းပသည့် (၁၂)ကြိမ်မြောက် နျူကလီးယားနည်းပညာအခြေခံသည့် ဆန်းသစ်တီထွင်မှုဖိုရမ် (၂၀၂၂) (XII International Forum ATOMEXPO 2022 )ဖွင့်ပွဲသို့ တက်ရောက်ကြသည်။



မြန်မာကိုယ်စားလှယ်အဖွဲ့ Rosatom ၏ အကြီးအကဲဥက္ကဋ္ဌ အလက်ဆီလီကာချော့နှင့် တွေ့ဆုံဆွေးနွေးစဉ်။

အဆိုပါ ဖိုရမ်သို့ နိုင်ငံပေါင်း ၇၄ နိုင်ငံမှ နျူကလီးယားဆိုင်ရာကျွမ်းကျင်ပညာရှင်များ၊ အစိုးရအဖွဲ့များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ Rosatom ၏ အကြီးအကဲဥက္ကဋ္ဌ အလက်ဆီလီကာချော့က ဖိုရမ်ဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် ပတ်သက်၍ အဖွင့်အမှာစကားပြောကြားကာ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် တက်ရောက်လာကြသူများက (၁၂)ကြိမ်မြောက် နျူကလီးယားနည်းပညာအခြေခံသည့် ဆန်းသစ်တီထွင်မှုဖိုရမ်(၂၀၂၂) (XII International Forum ATOMEXPO 2022 )တွင် ခင်းကျင်းပြသထားသည့် နျူကလီးယားစက်မှုလုပ်ငန်း၏ ခေတ်မီပြခန်းများနှင့် ပုံစံငယ်များကို လိုက်လံကြည့်ရှုလေ့လာကြ၍ သိရှိလိုသည်များအား မေးမြန်းဆွေးနွေးကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် Sirius Park of Science and Art ရှိ Atom ခန်းမ၌ ပြုလုပ်သည့် မျက်နှာစုံညီအစည်းအဝေးတွင် “Nuclear Spring: creating sustainable future” ခေါင်းစဉ်ဖြင့် ဆွေးနွေးမှုကို တက်ရောက်လေ့လာကြသည်။ အဆိုပါ အခမ်းအနားတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin က ပေးပို့သည့် မိန့်ခွန်းအား Rosatom ၏ အကြီးအကဲ ဥက္ကဋ္ဌ အလက်ဆီလီကာချော့က ကိုယ်စားပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် တာဝန်ရှိသူများက Nuclear Energy မှ နိုင်ငံတကာ၏ စွမ်းအင်အကျပ်အတည်းကို ဖြေရှင်းနိုင်မှု၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝထိခိုက်မှုမရှိဘဲ နိုင်ငံ၏ စီးပွားရေးတိုးတက်မှုကဏ္ဍတွင် အထောက်အကူပြုပုံနှင့် ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်မှုတို့ကို အလှည့်ကျဆွေးနွေးကြသည်။

ယင်းနောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် Rosatom ၏ အကြီးအကဲဥက္ကဋ္ဌ အလက်ဆီလီကာချော့နှင့် သီးခြားတွေ့ဆုံ၍ အသေးစားရေအားလျှပ်စစ်၊ လေအား၊ Nuclear Power Plant(SMR)နှင့် လူသားအရင်းအမြစ် လေ့ကျင့်သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး Non Disclosure Agreement ကို လက်မှတ်ရေးထိုးကြသည်။

ATOMEXPO FORUM မှာ ၂၀၀၉ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး နှစ်စဉ်ကျင်းပဆောင်ရွက်ခဲ့သည့် နိုင်ငံတကာနျူကလီးယားအဖွဲ့အစည်းများဖြစ်သော IAEA နှင့် ဥရောပ၊ လက်တင်အမေရိက၊ အာရှနှင့် အာဖရိကနိုင်ငံအသီးသီးမှ အလေးထားတက်ရောက်သော ဖိုရမ်တစ်ခုဖြစ်သည်။ Nuclear Power မှ ကာဗွန်ဒိုင်အောက်ဆိုက်လျှော့ချရေးနှင့် Green Energy သို့ အသွင်ကူးပြောင်းရေး ရည်မှန်းချက်အား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ယခုဖိုရမ်တွင် ဘယ်လာရုစ်၊ ဇင်ဘာဘွေ၊ ဘူရန်ဒီ၊ မြန်မာ၊ ဥဇဘက်ကစ္စတန် စသည့်နိုင်ငံများနှင့် လက်မှတ်ရေးထိုးဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။ ဆွေးနွေးပွဲတွင် Program ပေါင်း ၄၀ ကျော်၊ တက်ရောက်သူပေါင်း ၄၀၀၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး မြန်မာဘာတွေဆောင်ရွက်နေသလဲ ဘယ်သူတွေက နှောင့်နှေးအောင် နှောင့်ယှက်ဖန်တီးနေသလဲ

**မင်းခေါင်**

> **အဓိကပြဿနာမှာ မြန်မာနိုင်ငံ၏ဥပဒေနှင့် သမိုင်းကြောင်း၌ မည်သည့်အခါကမျှမရှိခဲ့ဘဲ ပြည်သူများက အသိအမှတ်မပြုသည့် “ရိုဟင်ဂျာ”ဆိုသည့် အသုံးအနှုန်းဖြစ်သည်။ မြန်မာအစိုးရနှင့် ပြည်သူများသည် “ရိုဟင်ဂျာ”ဆိုသည့် အသုံးအနှုန်းကို အသိအမှတ်မပြု၊ လက်မခံပါ။ ယင်းအမည်သည် သမိုင်းအထောက်အထားများတွင်မရှိဘဲ ဥပဒေကြောင်းအရလည်း သုံးစွဲမှုမရှိပါ။ ယင်းအမည် သုံးစွဲသူများသည် နိုင်ငံရေးရည်ရွယ်ချက်ဖြင့် သုံးစွဲနေကြခြင်းဖြစ်သည်။**
>
> **အမေရိကန်အပါအဝင် အနောက်နိုင်ငံအချို့နှင့် နိုင်ငံတကာအဖွဲ့အစည်းအချို့ကလည်း မြန်မာနိုင်ငံအပေါ် နိုင်ငံရေးရည်ရွယ်ချက်ဖြင့် လူ့အခွင့်အရေး၊ လူသားချင်းစာနာမှုခေါင်းစဉ်အောက်မှ သံယောင်လိုက်၍ပြောဆို၊ ထုတ်ပြန်သုံးနှုန်းလာ**

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံသည် မြန်မာ-တရုတ်-ဘင်္ဂလားဒေ့ရှ် သုံးနိုင်ငံအကြား သုံးပွင့်ဆိုင် သံတမန်ဆွေးနွေးပွဲများ ကျင်းပ၍ လည်းကောင်း၊ မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံပူးတွဲလုပ်ငန်းအဖွဲ့ အစည်းအဝေးများကျင်းပ၍ လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

**လုပ်ငန်းကော်မတီလေးခု**

ထို့ပြင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီအပါအဝင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီနှင့် လုပ်ငန်းကော်မတီလေးခုဖွဲ့စည်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

၁၄-၆-၂၀၂၂ ရက်က ကျင်းပခဲ့သော ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးဆိုင်ရာ မြန်မာ-ဘင်္ဂလားဒေ့ရှ် ပူးတွဲလုပ်ငန်းအဖွဲ့၏ ပဉ္စမအကြိမ်အစည်းအဝေးတွင် နေရပ်စွန့်ခွာသူများအား လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စိစစ်ဆောင်ရွက်နေမှု အခြေအနေနှင့် ကြုံတွေ့ရသည့်အခက်အခဲများ ဖြေရှင်းနိုင်ရေး၊ စိစစ်ပြီး နေရပ်စွန့်ခွာသူများအားပြန်လည်လက်ခံရေးလုပ်ငန်း စတင်နိုင်ရန်အတွက် အစီအမံများပြင်ဆင်ဆောင်ရွက်နေမှုလုပ်ငန်းများ၊ ပြန်လည်ဝင်ရောက်လာသူများအား ပြန်လည်နေရာချထားရေးအစီအမံများ၊ ပြန်လည်ဝင်ရောက်လာမည့်သူများ မိမိဆန္ဒအလျောက် နေရပ်ပြန်စေရေးအတွက် ယုံကြည်မှုတည်ဆောက်ရေး လုပ်ငန်းများ စသည့်ကိစ္စရပ်တို့ကို နှစ်ဖက်ပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရာတွင် နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးထားသော သဘောတူညီချက်များနှင့်သာမက ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်လက်ခံနိုင်ရေး၊ နေရပ်စွန့်ခွာသူများအား ပြန်လည်စိစစ်ရာတွင် ဖြစ်ပေါ်လာနိုင်သည့်ကိစ္စရပ်များကို အဖြေရှာနိုင်ရန်အတွက် ဖွဲ့စည်းထားပြီးဖြစ်သည့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် စိစစ်ရေးလုပ်ငန်းစဉ်ဆိုင်ရာ မြန်မာ-ဘင်္ဂလားဒေ့ရှ် အထူးအဖွဲ့အကြား ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့က ရခိုင်ပြည်နယ်၌ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ပြန်လည်လက်ခံရေးစခန်းများ၊ ကြားစခန်းနှင့် နေရာချထားပေးမည့်ကျေးရွာများရှိ နေအိမ်များကို ပြန်လည်မွမ်းမံပြင်ဆင်နေမှု အခြေအနေများ၊ ပြန်လည်ဝင်ရောက်လာမည့်သူများအတွက် အသက်မွေးဝမ်းကျောင်း၊ ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှုပေးအပ်နိုင်ရန်အတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ကောင်းမွန်သည့်ပတ်ဝန်းကျင်ဖန်တီးပေးရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်တွင် မိတ်ဖက်နိုင်ငံများ၊ အာဆီယံနှင့်ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံသည် နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရာတွင် ၁၉၉၂ ခုနှစ်၌ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံသဘောတူညီခဲ့သည့် မိမိဆန္ဒအလျောက် ပြန်လည်ဝင်ရောက်လာသူများဖြစ်ရန်၊ မြန်မာနိုင်ငံတွင် မွေးဖွားခဲ့သူများ၊ မြန်မာနိုင်ငံတွင်နေထိုင်သည့် သက်သေအထောက်အထားပြနိုင်သူများဖြစ်ရန် စသည့်အချက် လေးချက်အပြင် မွေးဖွားခဲ့သူများအနေဖြင့် တရားရုံးမှထောက်ခံချက်များပါရှိရန်ဟူသည့် ၂၀၁၇ ခုနှစ်က ထပ်တိုးအချက်တစ်ချက် အပါအဝင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ မြန်မာနိုင်ငံအစိုးရနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အစိုးရတို့အကြား သဘောတူညီမှုများအရ Pilot Project အနေဖြင့် နေရပ်စွန့်ခွာသူဦးရေ ၁၀၀၀ ကျော်ကို နေရပ်သို့ ပြန်လည်ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။ သို့ရာတွင် နေရပ်စွန့်ခွာသူများစာရင်းနှင့် ပတ်သက်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တောင်းခံရာ၌မူ နှစ်နိုင်ငံအကြား သဘောတူညီထားသည့်ပုံစံအတိုင်း ပေးအပ်ခြင်းမရှိဘဲ ၎င်းတို့ ပေးအပ်လိုသည့်ပုံစံဖြင့်သာ စာရင်းများ ပေးအပ်လာသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် ဆက်လက်စိစစ်ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း သိရသည်။ နေရပ်စွန့်ခွာသူများအနေဖြင့်လည်း မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာခဲ့ခြင်း မရှိတော့ချေ။

**အကြိမ်ကြိမ်ဖိတ်ခေါ်ခဲ့**

မြန်မာနိုင်ငံဘက်က ယင်းကိစ္စရပ်အား အချိန်မရွေးပြန်လည်ဆွေးနွေးပေးရန် အကြိမ်ကြိမ်ဖိတ်ခေါ်ခဲ့သော်လည်း ၎င်းတို့အနေဖြင့် အကြောင်းအမျိုးမျိုးပြ၍ ဆက်လက်ဆောင်ရွက်ခြင်းမရှိခဲ့ကြောင်း သိရသည်။

အဓိကပြဿနာမှာ မြန်မာနိုင်ငံ၏ ဥပဒေနှင့် သမိုင်းကြောင်း၌ မည်သည့်အခါကမျှမရှိခဲ့ဘဲ ပြည်သူများက အသိအမှတ်မပြုသည့် “ရိုဟင်ဂျာ”ဆိုသည့် အသုံးအနှုန်းဖြစ်သည်။ မြန်မာအစိုးရနှင့် ပြည်သူများသည် “ရိုဟင်ဂျာ”ဆိုသည့် အသုံးအနှုန်းကို အသိအမှတ်မပြု၊ လက်မခံပါ။ ယင်းအမည်သည် သမိုင်းအထောက်အထားများတွင်မရှိဘဲ ဥပဒေကြောင်းအရလည်း သုံးစွဲမှုမရှိပါ။ ယင်းအမည်သုံးစွဲသူများသည် နိုင်ငံရေးရည်ရွယ်ချက်ဖြင့် သုံးစွဲနေကြခြင်းဖြစ်သည်။

အမေရိကန်အပါအဝင် အနောက်နိုင်ငံအချို့နှင့် နိုင်ငံတကာအဖွဲ့အစည်းအချို့ကလည်း မြန်မာနိုင်ငံအပေါ် နိုင်ငံရေးရည်ရွယ်ချက်ဖြင့် လူ့အခွင့်အရေး၊ လူသားချင်းစာနာမှုခေါင်းစဉ်အောက်မှ သံယောင်လိုက်၍ပြောဆို၊ ထုတ်ပြန်သုံးနှုန်းလာသည်။

ယခုရက်ပိုင်း ၁၆-၁၁-၂၀၂၂ ရက်က အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ ကျင်းပခဲ့သည့် (၇၇)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ တတိယကော်မတီအစည်းအဝေးတွင် “မြန်မာနိုင်ငံရှိ ‘ရိုဟင်ဂျာ’ဆိုသူ မွတ်စလင်များနှင့် အခြားလူနည်းစုများ၏ လူ့အခွင့်အရေးအခြေအနေ”ဟု ခေါင်းစဉ်တပ်ထားသည့် ဆုံးဖြတ်ချက်အဆိုကို မြန်မာနိုင်ငံ၏ တရားဝင်ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခြင်းမရှိဘဲ အတည်ပြုချမှတ်ခဲ့ပြန်သည်။

ထို့ကြောင့် နိုင်ငံခြားရေးဝန်ကြီးဌာနက တစ်ဖက်သတ်စွပ်စွဲချက်များအပေါ် အခြေခံပြီး နိုင်ငံရေးသဘောသက်ဝင်သည့် နိုင်ငံတစ်နိုင်ငံအပေါ် ပစ်မှတ်ထားချမှတ်သော ယခုဆုံးဖြတ်ချက်အဆိုကို မြန်မာနိုင်ငံက ကန့်ကွက်ပယ်ချ၍ ပါဝင်ပတ်သက်မှုမရှိကြောင်း ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၁၈ ရက် ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည်။

အဆိုပါ ကန့်ကွက်ပယ်ချကြောင်း ထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံအနေဖြင့် တည်ဆဲဥပဒေနှင့် မြန်မာ-ဘင်္ဂလားဒေ့ရှ်အကြား နှစ်နိုင်ငံအစီအစဉ်များနှင့်အညီ ရခိုင်ပြည်နယ်မှ အမှန်တကယ်နေရပ်စွန့်ခွာသူများအဖြစ် အတည်ပြုနိုင်သူများကိုစိစစ်လက်ခံရန် အဆင်သင့်ရှိကြောင်း၊ အခြားနိုင်ငံများနည်းတူ နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်မှတစ်ဆင့် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနှင့် ကိုက်ညီသူများကို နိုင်ငံသားအဖြစ် ခွင့်ပြုလျက်ရှိကြောင်း၊ သို့သော် ဥပဒေအရ လည်းကောင်း၊ သမိုင်းမှတ်တမ်းများအရ လည်းကောင်း မည်သည့်အခါကမျှမရှိခဲ့သော “ရိုဟင်ဂျာ”ဆိုသည့် အသုံးအနှုန်းကို အသိအမှတ်မပြုကြောင်း မြန်မာနိုင်ငံ၏ ရပ်တည်ချက်ကို ထပ်လောင်းဖော်ပြခဲ့သည်။

အမှန်တကယ်အားဖြင့်လည်း ကုလသမဂ္ဂအထွေထွေညီလာခံ တတိယကော်မတီအစည်းအဝေး၏ အဆိုပါဆုံးဖြတ်ချက်အဆိုသည် နေရပ်စွန့်ခွာသူများ လုံခြုံဘေးကင်းစွာ ပြန်လာနိုင်ရေးအတွက် အပြုသဘောဆောင်သည့် ဆောင်ရွက်ချက်မဟုတ်ပါ။ အဖြေမှန်တစ်ခုမဟုတ်သလို မြန်မာနိုင်ငံအတွက်လည်း ထူးဆန်းသည့်ကိစ္စမဟုတ်တော့ပါ။

**တစ်ဖက်သတ်ဆန်**

ရခိုင်ပြည်နယ်တွင် ၂၅-၈-၂၀၁၇ ရက်က ပေါ်ပေါက်ခဲ့သည့် ဖြစ်စဉ်နှင့်ပတ်သက်၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူ၊ အဖွဲ့အစည်းအချို့နှင့် နိုင်ငံအချို့က နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် ကြေညာချက်များ ထုတ်ပြန်လေ့ရှိသည်။ ထုတ်ပြန်သည့်အခါတိုင်း မှန်ကန်မှုမရှိ၊ တိကျမှုမရှိသည့် အချက်အလက်များ၊ အခြေအမြစ်မရှိသည့် ထပ်တလဲလဲစွပ်စွဲချက်များ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိုစွက်ဖက်ခြင်း၊ ဘက်လိုက်မှုရှိခြင်း၊ တစ်ဖက်သတ်ဆန်ခြင်းများကိုသာ တွေ့ရမည်ဖြစ်သည်။

တကယ်တော့ ရခိုင်ပြည်နယ်တွင် ၂၅-၈-၂၀၁၇ ရက်က စတင်ပေါ်ပေါက်ခဲ့သည့် ဖြစ်ရပ်သည် ARSA အကြမ်းဖက်အဖွဲ့က လုံခြုံရေးစခန်း(Security Outposts) ၃၀ နှင့် တပ်ရင်းဌာနချုပ်တစ်ခုကို တစ်ပြိုင်တည်းတိုက်ခိုက်ခဲ့ခြင်းမှ စတင်ခဲ့ခြင်းဖြစ်သည်။ ယင်းတိုက်ခိုက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အပါအဝင် အပြစ်မဲ့အရပ်သားများ သေဆုံးဒဏ်ရာရခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများ၏ လုံခြုံရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက်လိုအပ်သည့် အရေးယူတုံ့ပြန်မှုများကို တည်ဆဲဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ယင်းဖြစ်စဉ်ကြောင့် တစ်ဖက်နိုင်ငံသို့ ထွက်ခွာသူများဖြစ်ရန် ARSA အကြမ်းဖက်သမားများက ရည်ရွယ်ချက်ရှိရှိဖြင့် ကြိုတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ARSA ၏ အကြမ်းဖက်ခြိမ်းခြောက်မှုကြောင့် ထွက်ခွာခဲ့သည့်ဦးရေ ဖော်ပြရာတွင်လည်း မမှန်မကန်ချဲ့ကားမှုများ ရှိခဲ့သည်။ **စာမျက်နှာ ၇ သို့** ○

> **တကယ်တော့ ရခိုင်ပြည်နယ်တွင် ၂၅-၈-၂၀၁၇ ရက်က စတင်ပေါ်ပေါက်ခဲ့သည့် ဖြစ်ရပ်သည် ARSA အကြမ်းဖက်အဖွဲ့က လုံခြုံရေးစခန်း(Security Outposts) ၃၀ နှင့် တပ်ရင်းဌာနချုပ်တစ်ခုကို တစ်ပြိုင်တည်းတိုက်ခိုက်ခဲ့ခြင်းမှ စတင်ခဲ့ခြင်းဖြစ်သည်။ ယင်းတိုက်ခိုက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပါအဝင် အပြစ်မဲ့အရပ်သားများ သေဆုံးဒဏ်ရာရခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများ၏လုံခြုံရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့် အရေးယူတုံ့ပြန်မှုများကို တည်ဆဲဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်**

# မြန်မာနိုင်ငံသို့ AHA Centre မှတစ်ဆင့် လှူဒါန်းမည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့၏ ဒသမအကြိမ်အစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၂**

မြန်မာနိုင်ငံသို့ AHA Centre မှတစ်ဆင့် လှူဒါန်းမည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့၏ ဒသမအကြိမ်အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဧရာဝတီခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးကို လုပ်ငန်းအဖွဲ့၏ဥက္ကဋ္ဌဖြစ်သော အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က ဦးဆောင်၍ ကျင်းပခဲ့ပြီး လုပ်ငန်းအဖွဲ့၏ ဒုတိယဥက္ကဋ္ဌများဖြစ်သော ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ လုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လူသားချင်း စာနာထောက်ထားမှု အကူအညီများဖြန့်ဝေနိုင်ရေး အစီအစဉ် ဒုတိယအဆင့်ဖြစ်သော ဘဝတည်မြဲရေး လုပ်ငန်းစဉ် အကောင်အထည်ဖော်ခြင်းဆိုင်ရာ လိုအပ်ချက် ပူးတွဲလေ့လာဆန်းစစ်ခြင်းလုပ်ငန်းစဉ်၏ ဖြစ်ပေါ်တိုးတက်မှုများကို ဆွေးနွေးခဲ့ပြီး မြေပြင်လုပ်ငန်းစဉ်များ လျင်မြန်ချောမွေ့စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအကြား ပေါင်းစပ်ဆောင်ရွက်နိုင်ရေးအပေါ် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ ထို့ပြင် နိုင်ငံတစ်ဝန်းရှိ အကူအညီများ လိုအပ်လျက်ရှိသည့် ပြည်သူများထံသို့ ပိုမိုကျယ်ပြန့်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်နိုင်ရေးအတွက် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအပေါ် ဆက်လက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။



**သတင်းစဉ်**

## ရှားပါးစာအုပ်ပြပွဲ၊ ကလေးစာကြည့်တိုက်အစီအစဉ်နှင့် အမှတ်တရဈေးရောင်းပွဲတော်ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၂၂**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန အမျိုးသားစာကြည့်တိုက် (နေပြည်တော်)တွင် **"ရှားပါးစာအုပ်ပြပွဲ၊ ကလေးစာကြည့်တိုက်အစီအစဉ်နှင့် အမှတ်တရဈေးရောင်းပွဲတော်"** ကို ၂၅-၁၁-၂၀၂၂ ရက်နေ့မှ ၂၇-၁၁-၂၀၂၂ ရက်နေ့အထိ နံနက် ၀၉:၃၀ နာရီမှ ညနေ ၁၆:၀၀ နာရီအထိ ကျင်းပသွားမည်ဖြစ်ပါသည်။

ရှားပါးစာအုပ်ပြပွဲတွင် အမျိုးသားစာကြည့်တိုက်(နေပြည်တော်)၌ စုဆောင်းထားရှိသော ရှားပါးစာအုပ်များအနက်မှ လွန်ခဲ့သော နှစ် ၂၀၀ ကျော်ခန့် (၁၇၇၆ ခုနှစ်မှ ၁၈၉၈ ခုနှစ်အတွင်း) ပုံနှိပ်ထုတ်ဝေခဲ့သည့် မြန်မာ့သမိုင်းဆိုင်ရာစာအုပ်များ၊ ဗြိတိသျှခေတ်အုပ်ချုပ်ရေးဆိုင်ရာစာအုပ်များ၊ ဥပဒေဆိုင်ရာစာအုပ်များ၊ သုတေသနဂျာနယ်၊ ဘဏ္ဍာရေးအစီရင်ခံစာ၊ ပညာရေးအစီရင်ခံစာ၊ လူဦးရေစာရင်းအစီရင်ခံစာ၊ ဒေသန္တရနှင့် ခရီးသွားမှတ်တမ်းစာအုပ်များ၊ မြန်မာ့ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးတမ်းဆိုင်ရာစာအုပ်များ၊ ဘာသာစကားဆိုင်ရာ စာအုပ်များ၊ သတ္တဗေဒနှင့် ရုက္ခဗေဒဆိုင်ရာစာအုပ်များ၊ ဘုရားသမိုင်းဆိုင်ရာစာအုပ်များ၊ စီးပွားရေးနှင့် ပထဝီဝင်ဆိုင်ရာပညာရပ်များပါဝင်သည့် ရှားပါးစာအုပ်များကို ခင်းကျင်းပြသသွားမည် ဖြစ်ပါသည်။

ထို့အပြင် ကလေးစာကြည့်တိုက်အစီအစဉ်များတွင် အမျိုးသားစာကြည့်တိုက်(နေပြည်တော်)မှ စာကြည့်တိုက်မှူးများက ကလေးများအတွက် ပုံပြောအစီအစဉ်၊ ဉာဏ်စမ်းပဟေဠိအစီအစဉ်၊ လက်မှုပညာအစီအစဉ်၊ ပုံပြင်ဖန်တီးခြင်းအစီအစဉ် စသည့် ကလေးစာကြည့်တိုက်လှုပ်ရှားမှုအစီအစဉ်တို့ကို ပြုလုပ်သွားမည်ဖြစ်သည်။

ထို့အတူ အမှတ်တရဈေးရောင်းပွဲတော်တွင်လည်း စာအုပ်ဆိုင်များ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များ၊ အစားအသောက်ဆိုင်များ ပါဝင်မည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူ မည်သူမဆို လာရောက်ပါဝင်ဆင်နွှဲနိုင်ကြောင်း အသိပေးဖိတ်ကြားအပ်ပါသည်။

**သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

○ စာမျက်နှာ ၆ မှ

အမေရိကန်အပါအဝင် နိုင်ငံအချို့နှင့် နိုင်ငံတကာအဖွဲ့အစည်းအချို့ကလည်း မူလဘူတ ပေါ်ပေါက်ခဲ့သော ဖြစ်စဉ်ကို မျက်ကွယ်ပြုနေရုံမက ARSA အကြမ်းဖက်အဖွဲ့နှင့် အကြမ်းဖက်လှုပ်ရှားမှုများကို မျက်စိစုံမှိတ်၍ အိပ်ချင်ယောင် ဆောင်နေခဲ့ကြသည်။ သို့သော် ARSA သည် ပြီးခဲ့သည့် အောက်တိုဘာလ ၉ ရက်နေ့တွင် ၎င်းတို့၏ဖြစ်တည်မှုနှင့် တည်ရှိမှုကို ပေါ်ပေါ်ထင်ထင် ကိုယ်ထင်ပြလာခဲ့သည်။

**ပထမဦးဆုံးအကြိမ်ဖော်ပြ**

ဘင်္ဂလားဒေ့ရှ် နိုင်ငံအတွင်းရှိ နေရပ်စွန့်ခွာသူများနေထိုင်ရာ ဒုက္ခသည် စခန်းများအတွင်း၌ ARSA အဖွဲ့၏ (၆)နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ကျင်းပခဲ့ရုံမက အခမ်းအနားနှင့်သက်ဆိုင်သော ဓာတ်ပုံနှင့် ဗီဒီယိုများကိုလည်း လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် ဖြန့်ဝေခဲ့သည်။ အောက်တိုဘာလ ၉ ရက်က ကျင်းပခဲ့သော (၆)နှစ်မြောက် နှစ်ပတ်လည်နေ့ကျင်းပမှုကို "Happy Day"ဟု ခေါ်ဝေါ်ပြီး ကော့ခ်ဆက်ဘဇားဒေသတစ်ဝိုက်ရှိ ဒုက္ခသည်စခန်းများတွင် ၎င်းတို့၏တည်ရှိမှုကို ARSA အကြမ်းဖက်လက်နက်ကိုင်အဖွဲ့က ပထမဦးဆုံးအကြိမ်ပွင့်လင်းစွာ ဖော်ပြခဲ့ခြင်း ဖြစ်သည်။

အဆိုပါ အခမ်းအနားကျင်းပသည့် ဗီဒီယိုဖိုင်များတွင် ကော့ခ်ဆက်ဘဇားဒုက္ခသည်စခန်းများအတွင်းရှိ လူအများသည် တီရှပ်များဝတ်ဆင်၍ ဆိုင်းဘုတ်များနှင့်စာတန်းများကို ကိုင်ဆောင်ချိတ်ဆွဲကာ "Oct. 9 is What day? Happy Day, Happy Day"ဟု အော်ဟစ်ကြွေးကြော်ခဲ့ကြသည်။

အခြားဗီဒီယိုဖိုင်တစ်ခုတွင် စားပွဲပေါ်၌ ကိတ်မုန့်တစ်လုံးတင်ထားပြီး တီရှပ်ဆင်တူဝတ်ဆင်ထားသည့် လူများက ဝန်းရံထားကြသည့် ဗီဒီယိုတွင် ရုပ်ပါဝင်ခြင်းမရှိသူတစ်ဦးက "အောက်တိုဘာလ ၉ ရက်နေ့သည် ARSA က မြန်မာအာဏာရှင်အစိုးရကို တိုက်ခိုက်နိုင်ပြီး ရိုဟင်ဂျာပြည်သူများကို ဖိနှိပ်မှုများမှလွတ်မြောက်စေသည့်နေ့ဖြစ်သည်"ဟု ပြောကြားခဲ့သည်။

ARSA အဖွဲ့ကို ၂၀၁၃ ခုနှစ်တွင် Harakah al-Yaqin အမည်ဖြင့် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်တွင် ARSA အမည်ဖြင့် ပြောင်းလဲဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဓာတ်ပုံနှင့် ဗီဒီယိုများ လူမှုကွန်ရက်စာမျက်နှာများတွင် ဖော်ပြခဲ့ပြီးနောက် ရိုဟင်ဂျာဆိုသူ လူနှစ်ဦးကို ဘင်္ဂလားဒေ့ရှ်အာဏာပိုင်များက ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း၊ အခြားပါဝင်သူများအားလည်း လိုက်လံရှာဖွေလျက်ရှိကြောင်း ကြားသိရသည်။

လုံခြုံရေးအခြေအနေအရ အမည်ဖော်ပြလိုခြင်းမရှိသည့် အူခီးယားဒုက္ခသည်စခန်းမှ ခေါင်းဆောင်တစ်ဦးက ယခုကဲ့သို့ဖြစ်စဉ်သည် ကော့ခ်ဆက်ဘဇားဒေသအတွင်း၌ ARSA အဖွဲ့ဝင်များတည်ရှိမှုကို တွေ့မြင်ရခြင်းဖြစ်ကြောင်း၊ အစောပိုင်းက ၎င်းတို့သည် အစည်းအဝေးများကို လျှို့ဝှက်ကျင်းပကြကြောင်း၊ ယခုအခါတွင် ပေါ်ပေါ်ထင်ထင်ပြုလုပ်လာခြင်းဖြစ်ပြီး ၎င်းတို့၏ လူမှုကွန်ရက်စာမျက်နှာများတွင် ဖော်ပြလာခြင်းဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့ဘက်မှလည်း အဆိုပါဖြစ်စဉ်ဖြစ်ပွားပြီးနောက် စခန်းများ၌ လုံခြုံရေးပိုမိုတိုးမြှင့်ထားကြောင်း ပြောကြားခဲ့သည်။

ဒုက္ခသည် စခန်းများအတွင်း၌ မြန်မာနိုင်ငံသို့ နေရပ်ပြန်လည်ပို့ဆောင်ရေးလုပ်ငန်းစဉ်အား လိုလားသည့် ခေါင်းဆောင်များကလည်း ယခုကဲ့သို့ ARSA ၏ ကျင်းပမှုများသည် ပြန်လည်ပို့ဆောင်ရေး လုပ်ငန်းစဉ်များအား နှောင့်နှေးစေမည်ဟု စိုးရိမ်မှုဖြင့် စောဒကတက်လျက်ရှိကြောင်း ကြားသိရသည်။

> **"လုံခြုံရေးအခြေအနေအရ အမည်ဖော်ပြလိုခြင်းမရှိသည့် အူခီးယားဒုက္ခသည်စခန်းမှ ခေါင်းဆောင်တစ်ဦးက ယခုကဲ့သို့ဖြစ်စဉ်သည် ကော့ခ်ဆက်ဘဇားဒေသအတွင်း၌ ARSA အဖွဲ့ဝင်များတည်ရှိမှုကို တွေ့မြင်ရခြင်းဖြစ်ကြောင်း၊ အစောပိုင်းက ၎င်းတို့သည် အစည်းအဝေးများကို လျှို့ဝှက်ကျင်းပကြကြောင်း၊ ယခုအခါတွင် ပေါ်ပေါ်ထင်ထင်ပြုလုပ်လာခြင်းဖြစ်ပြီး ၎င်းတို့၏ လူမှုကွန်ရက်စာမျက်နှာများတွင် ဖော်ပြလာခြင်းဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့ဘက်မှလည်း အဆိုပါဖြစ်စဉ်ဖြစ်ပွားပြီးနောက် စခန်းများ၌ လုံခြုံရေးပိုမိုတိုးမြှင့်ထားကြောင်းပြော"**

**ညှိနှိုင်းဆောင်ရွက်လျက်ရှိ**

မြန်မာအစိုးရအနေဖြင့် နေရပ်စွန့်ခွာသူများကို နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးထားသည့် နှစ်နိုင်ငံသဘောတူညီချက်များနှင့်အညီ စနစ်တကျလက်ခံရေးကို နှစ်နိုင်ငံ ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်တို့ ပြီးခဲ့သည့် ဩဂုတ် ၁၇ ရက်က တွေ့ဆုံ ဆွေးနွေးခဲ့စဉ်ကလည်း ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည် လက်ခံရေးနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က "ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ရောက်ရှိနေသော ဒုက္ခသည်များကို မြန်မာနိုင်ငံ၏ ဥပဒေအရ ပြန်လည်စိစစ်လက်ခံပေးသွားမည်ဖြစ်ပြီး ဥပဒေအရ ဆောင်ရွက်ခြင်းမရှိဘဲ နိုင်ငံတကာမှ တစ်ဆင့်တောင်းဆို၍ လုပ်ဆောင်ခြင်းကို လက်ခံနိုင်ခြင်းမရှိပါ။ မိမိတို့အနေဖြင့် ဘင်္ဂါလီများကို လုံးဝလက်ခံနိုင်ခြင်းမရှိဟု ပြောကြားနေခြင်း မဟုတ်ဘဲ ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံတွင် တရားဝင်နေထိုင်ခဲ့သည့် အထောက်အထားပြသနိုင်မည်ဆိုလျှင် လက်ခံပေးသွားမည်ဖြစ်ကြောင်း" ဆွေးနွေးပြောကြားခဲ့ပါသည်။

သို့ဆိုလျှင် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် မြန်မာဘာတွေဆောင်ရွက်နေသလဲ၊ ဆောင်ရွက်ခဲ့သလဲ၊ ဘယ်သူတွေက နိုင်ငံရေးရည်ရွယ်ချက်ဖြင့် နှောင့်နှေးအောင် နှောင့်ယှက်ဖန်တီးနေသလဲဆိုသည်ကို အမှန်တကယ် လူသားချင်းစာနာမှုအရ ကြည့်သောသူ မြင်နိုင်ပါ၏။ ။

# အခုအခါမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အသိအမှတ်ပြုပြီး ကျွန်မတို့ကို ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းတဲ့အတွက် ပိုပြီးကျေနပ်ပီတိဖြစ်ရပါတယ်။ နိုင်ငံကောင်းကျိုးအတွက် ကျရာကဏ္ဍကနေ အလုပ်တွေ ပိုပြီးတော့အားစိုက်ဆောင်ရွက်ကြဖို့အတွက် တွန်းအားတစ်ခုလို့ ယုံကြည်ပါတယ်

ဒေါ်စန္ဒာခင်(ဒုတိယဝန်ကြီး-ငြိမ်း)

**သတင်းအဖွဲ့**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် ထူးကဲစွာဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရာတွင် သက်စွန့်ကြိုးပမ်း ထမ်းဆောင်ခဲ့ကြသော ပုဂ္ဂိုလ်များ၊ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးကဏ္ဍတို့တွင် ထူးခြားထက်မြက်စွာ စွမ်းဆောင်နိုင်ခဲ့ကြသော ပုဂ္ဂိုလ်များ၊ နယ်ဘက်နှင့် စစ်ဘက်ဆိုင်ရာတို့တွင် တိုင်းကျိုးပြည်ကျိုးကို အများနှင့်မတူအောင် ထူးခြားစွာ စွမ်းဆောင်နိုင်ခဲ့ကြသော ပုဂ္ဂိုလ်များ၊ နိုင်ငံနှင့် လူမျိုးအတွက် သိပ္ပံပညာ၊ ဝိဇ္ဇာပညာနှင့် အခြားသောပညာရပ်တစ်ခုခုတွင် ကမ္ဘာ့အဆင့်မီ အောင်မြင်စွာ တီထွင်ဖန်တီးစွမ်းဆောင်နိုင်သော ပုဂ္ဂိုလ်များ၊ စာပေနှင့် အနုသုခုမပညာရပ်များတွင် ထူးခြားကောင်းမွန်စွာ တတ်မြောက်သူ ပုဂ္ဂိုလ်များ၊ နိုင်ငံတော်လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် ကြိုးပမ်းထမ်းဆောင်ကြသော ပုဂ္ဂိုလ်များ၊ နိုင်ငံတော်နှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ကြသော နိုင်ငံခြားခေါင်းဆောင်များ၊ နိုင်ငံခြားသံတမန်များနှင့် ပုဂ္ဂိုလ်များကို ထိုက်တန်သော ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ပေးအပ်ခဲ့ပြီဖြစ်သည်။

ထိုသို့ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ပေးအပ်ချီးမြှင့်ခံရသည့် ပုဂ္ဂိုလ်များ၏ ဝမ်းသာပီတိစကားသံများကို စုစည်းဖော်ပြအပ်ပါသည်။



ဒေါ်ဒေစီကျော်ဝင်း(သရုပ်ဆောင်)



ဦးထွန်းထွန်းဝင်း(သရုပ်ဆောင်)



ဒါရိုက်တာ အေဝမ်းသိန်းထွဋ် (အမှုဆောင်အဖွဲ့ဝင်)
မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံး


ဒေါက်တာချစ်


ဒေါ်စန္ဒာခင်(ဒုတိယဝန်ကြီး-ငြိမ်း)


ဦးဇော်ဌေး(ဒုတိယအမြဲတမ်းအတွင်းဝန်-ငြိမ်း)
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

**ဒေါ်ဒေစီကျော်ဝင်း**
**အနုပညာထူးချွန်တံဆိပ်(ဒုတိယဆင့်)**
**သရုပ်ဆောင်**

နိုင်ငံတော်က အခုလို ဆုချီးမြှင့်လို့ ကျေးဇူးတင်ပါတယ်။ ဝမ်းလည်းသာပါတယ်။ အနုပညာအလုပ်ကို ၁၉၆၂ ခုနှစ်က စတင်လုပ်ခဲ့တာပါ။ ကိုဝင်းဦးက မင်းသားလုပ်ချင်တော့ ကျွန်မအမေဆီကို လာပြောတယ်။ ကျွန်မတို့မှာ မြတ်မော်ဦးကုမ္ပဏီရှိပါတယ်။ ဇာတ်လမ်းကို သူယူလာပါတယ်။ သူကရိုက်မယ်ဆိုတာနဲ့ ဒါရိုက်တာဦးတင်ယုနဲ့တင်တော့ အမေကလည်းသဘောတူပြီး ရိုက်ဖြစ်သွားပါတယ်။ သမီးနေရာမှာ သရုပ်ဆောင်ဖို့လူလိုနေတဲ့အတွက် ကိုယ်ပိုင်ထုတ်လုပ်သူဆိုတော့ ပိုက်ဆံအကုန်အကျနည်းအောင် လုပ်မယ်ဆိုပြီး ဒါရိုက်တာဦးတင်ယုက ကိုယ့်သမီးအရင်းရှိနေတာပဲ ထည့်ရိုက်လို့ ဆိုပါတယ်။ ကျွန်မက ရုပ်ရှင်ရိုက်ဖို့ အစီအစဉ်မရှိသလို ဝါသနာလည်းမပါပါဘူး။ ဒါပေမဲ့ သမီးအခန်းလိုတယ်ဆိုတော့ ဝင်ရိုက်ဖြစ်သွားတာပါ။ ဝင်ရိုက်ဖြစ်ရင်း အခြားကုမ္ပဏီတွေကလာငှားရင်း မင်းသမီးဖြစ်လာတာပါ။ အဖေကမြန်မာပြည်မှာ ပထမဦးဆုံး အကယ်ဒမီရပါတယ်။ အမေလည်း အကယ်ဒမီရတယ်။ ကျွန်မလည်း အကယ်ဒမီရတယ်။ အခုလို ဆုချီးမြှင့်တဲ့အချိန်မှာ သူတို့မရှိတော့ စိတ်လည်းမကောင်းပါဘူး။ ဝမ်းနည်းဝမ်းသာပေါ့။ ကျွန်မအနေနဲ့ အခုလို သက်ရှိထင်ရှားရှိတဲ့ အချိန်မှာ ဆုချီးမြှင့်ခံရတော့ ဝမ်းသာပီတိဖြစ်ရပါတယ်။

**ဦးထွန်းထွန်းဝင်း**
**အနုပညာထူးချွန်တံဆိပ်(ဒုတိယဆင့်)**
**သရုပ်ဆောင်**

ကျွန်တော် တက္ကသိုလ် ဒုတိယနှစ်လောက်က ရုပ်ရှင်မင်းသား ရွေးတယ်ဆိုပြီး ကုမ္ပဏီကခေါ်တော့ “ဘယ်ဆုတောင်းမလဲချစ်သူ”ဆိုတဲ့ ဇာတ်ကားနဲ့ ဇော်လင်း၊ ထွန်းထွန်းဝင်း၊ ခင်သန်းနုဆိုပြီး အရွေးချယ်ခံရပါတယ်။ အဲဒီကစပြီး ရုပ်ရှင်လောကကို ခြေချခဲ့တာပါ။ ၂၂ နှစ်အရွယ်လောက်က မင်းသားဖြစ်ခဲ့တာဆိုတော့ အခုဆို ရုပ်ရှင်အနုပညာသက်တမ်း နှစ် ၅၀ ကျော်လာပါပြီ။ အသက်ကလည်း ၇၃ နှစ်ထဲကို ရောက်ပါပြီ။ သရုပ်ဆောင်အတတ်ပညာနဲ့ပဲ အသက်မွေးဝမ်းကျောင်းပြုခဲ့ပါတယ်။ အခြားစီးပွားရေးတွေလည်း မရှိပါဘူး။ ရုပ်ရှင်ကို တော်တော်ဝါသနာပါတဲ့အတွက် အမှုအရာလုပ်ရရင် အမြဲတမ်းသဘောကျပါတယ်။ ကင်မရာရဲ့နောက်ကွယ်က ညွှန်ကြားတာထက် စာရင် ကင်မရာရှေ့မှာ အမှုအရာလုပ်ရတာကို အင်မတန်မှ သဘောကျပါတယ်။ ဒီလို ရိုက်ရင်းနဲ့ ကိုယ်ရဲ့လှုပ်ရှားမှုတွေများလာတော့ အခုလို အသိအမှတ်ပြုပြီး ချီးမြှင့်ခြင်းခံရတယ်လို့ ထင်ပါတယ်။

> **နိုင်ငံတော်က ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းလိုက်သည်ဆိုတဲ့သတင်းကို ကြားလိုက်တဲ့အချိန်မှာ ဝမ်းသာပီတိဖြစ်ပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။ နောက်ဆက်ပြီး နားထောင်လိုက်တော့ ဘွဲ့တံဆိပ်အမျိုးအစားပေါင်း ၂၆ မျိုးကျော်၊ လူပုဂ္ဂိုလ်က ၁၀၉၉ ဦးကို ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်တွေ ချီးမြှင့်မယ်ဆိုတော့ ဝမ်းသာပီတိပိုဖြစ်ရပါတယ်။ ဒီအထဲမှာ သက်ရှိထင်ရှားရှိနေတဲ့ လူပုဂ္ဂိုလ်တွေသာမက ကွယ်လွန်ပြီးဖြစ်တဲ့ လူပုဂ္ဂိုလ်တွေကိုပါ ဘွဲ့တံဆိပ်ချီးမြှင့်တယ်ဆိုတော့ သူတို့ရဲ့မိသားစုဆွေမျိုးတွေပါ အံ့သြဝမ်းသာနေကြမယ်ဆိုတာတွေးပြီး ဝမ်းသာရပါတယ်။**

**ဒါရိုက်တာ အေဝမ်းသိန်းထွဋ်**
**အနုပညာထူးချွန်တံဆိပ်(တတိယဆင့်)**
**ဒါရိုက်တာ၊ အမှုဆောင်အဖွဲ့ဝင်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

ကျွန်တော်အနေနဲ့ ဘာမှမျှော်လင့်ထားတာ မရှိခဲ့ပါဘူး။ ကိုယ့်အနုပညာအပေါ်မှာ ငယ်ငယ်ကတည်းကလုပ်လာရတဲ့ ကိုယ်ရဲ့သမိုင်းပေးတာဝန်တစ်ခု လုပ်နေရတာပဲဖြစ်ပါတယ်။ ဒါကလည်း အေဝမ်းမိသားစုအမွေအနှစ်အနေနဲ့ လုပ်တဲ့အပေါ်မှာ အခုလို အသက်အရွယ်ရလာတဲ့အချိန် ရုပ်ရှင်အနုပညာထူးချွန်ဆုဆိုပြီး ကိုယ့်ကိုသတ်သတ်မှတ်မှတ် ချီးမြှင့်တယ်ဆိုတော့ ဒီအသက်အရွယ်ရောက်လာမှ ကျားကန်ပေးလိုက်တယ်လို့ပဲ ခံစားရပါတယ်။

**ဒေါက်တာချစ်၊ စာပေထူးချွန်တံဆိပ်(ဒုတိယဆင့်)**
**စာရေးဆရာ**

ကျွန်တော်ရတဲ့ဆုက စာပေထူးချွန်ဆု(ဒုတိယဆင့်)ဖြစ်ပါတယ်။ နိုင်ငံတော်က ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းလိုက်သည်ဆိုတဲ့သတင်းကို ကြားလိုက်တဲ့အချိန်မှာ ဝမ်းသာပီတိဖြစ်ပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။ နောက်ဆက်ပြီး နားထောင်လိုက်တော့ ဘွဲ့တံဆိပ်အမျိုးအစားပေါင်း ၂၆ မျိုးကျော်၊ လူပုဂ္ဂိုလ်က ၁၀၉၉ ဦးကို ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်တွေ ချီးမြှင့်မယ်ဆိုတော့ ဝမ်းသာပီတိ ပိုဖြစ်ရပါတယ်။ ဒီအထဲမှာ သက်ရှိထင်ရှားရှိနေတဲ့ လူပုဂ္ဂိုလ်တွေသာမက ကွယ်လွန်ပြီးဖြစ်တဲ့ လူပုဂ္ဂိုလ်တွေကိုပါ ဘွဲ့တံဆိပ်ချီးမြှင့်တယ်ဆိုတော့ သူတို့ရဲ့မိသားစုဆွေမျိုးတွေပါ အံ့သြဝမ်းသာနေကြမယ်ဆိုတာ တွေးပြီးဝမ်းသာရပါတယ်။

ဒ့ါအပြင် ကျွန်တော်ကိုယ်တိုင်က စာပေထူးချွန်ဆုရတယ်။ ကျွန်တော့်သမီးအကြီး မစန္ဒာခင်ကလည်း ဝဏ္ဏကျော်ထင်ဘွဲ့ ရတဲ့အတွက် မပြောပြနိုင်လောက်အောင် ဝမ်းသာပါတယ်။ အရင်ကလည်းပဲ အမျိုးသားစာပေဆုပေးပွဲမှာ ၂၀၀၈ ခုနှစ်တုန်းက ကျွန်တော်တို့သားအဖနှစ်ယောက် အတူတူဆုရခဲ့ဖူးပါတယ်။ ဝမ်းသာပီတိဖြစ်ပါတယ်။ အဲဒီတုန်းက ဝမ်းသာပီတိဖြစ်တာထက် အခုတစ်ကြိမ်ဖြစ်တဲ့ ဝမ်းသာမှုက ပိုမိုပါတယ်။ ကျေးဇူးတင်ပါတယ်လို့ ပြောလိုပါတယ်။ အထူးသဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို အထူးကျေးဇူးတင်ပါတယ်။

**ဒေါ်စန္ဒာခင်၊ ဝဏ္ဏကျော်ထင်ဘွဲ့**
**ဒုတိယဝန်ကြီး(ငြိမ်း)၊ ယဉ်ကျေးမှုဝန်ကြီးဌာန**

အခုကျွန်မ ချီးမြှင့်ခံရတဲ့ ဘွဲ့တံဆိပ်ကတော့ ဝဏ္ဏကျော်ထင်ဘွဲ့ဖြစ်ပါတယ်။ ဒီဘွဲ့နဲ့ပတ်သက်တယ်ဆိုရင်တော့ အများပြည်သူတို့ရဲ့ ကောင်းရာ ကောင်းကြောင်းကို ဖြစ်ထွန်းအောင် **စာမျက်နှာ ၉ သို့** ○

## မိဘပြည်သူများသို့ အသိပေးထုတ်ပြန်ချက်

၁။ မိဘပြည်သူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ-၆၆/၆) (အထစ)များကို အပိုကိုင်ဆောင်ခြင်းများ ရှိပါက သက်ဆိုင်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလကျော်လွန်ပါက ဥပဒေနှင့်အညီ ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ၂၀-၉-၂၀၂၂ ရက်နေ့တွင် နေ့စဉ်ထုတ်သတင်းစာနှင့် နိုင်ငံပိုင်ရုပ်မြင်သံကြား၊ ရေဒီယိုတို့၌ ထုတ်လွှင့်ဖော်ပြအသိပေး ကြေညာခဲ့ပါသည်။

၂။ အဆိုပါအသိပေး ထုတ်ပြန်ချက်နှင့်ပတ်သက်၍ ၁-၁၀-၂၀၂၂ ရက်နေ့အထိ ဆောင်ရွက်နိုင်ကြောင်း ကြေညာထားသော်လည်း နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ-၆၆/၆) (အထစ)တစ်ခုထက်ပို၍ လက်ဝယ်ကိုင်ဆောင်ထားသူ ပြည်သူများ၏ ပညာရေး အောင်လက်မှတ်၊ ဘွဲ့လက်မှတ်များ၊ ဘဏ်ငွေစာရင်းများနှင့် စီးပွားရေးလုပ်ငန်းများ၊ အိမ်၊ ခြံ၊ မြေပိုင်ဆိုင်မှုများ၊ တယ်လီဖုန်းစသည့် ဆက်သွယ်ရေးလုပ်ငန်းများနှင့် သက်ဆိုင်နေသဖြင့် ပိုမိုသိရှိလာရောက်ဆောင်ရွက်နိုင်ရေးအတွက် ရက်သတ္တ(၂) ပတ်တိုး၍ ၁၅-၁၁-၂၀၂၂ ရက်နေ့အထိ လာရောက်ဆောင်ရွက်နိုင်ရန် ၉-၁၁-၂၀၂၂ ရက်နေ့မှစ၍ နေ့စဉ်ထုတ်သတင်းစာများနှင့် နိုင်ငံပိုင် ရုပ်မြင်သံကြား၊ ရေဒီယိုတို့တွင် ထပ်မံ အသိပေး ထုတ်ပြန်ကြေညာခဲ့ပါသည်။

၃။ ယခုအခါ လာရောက်ဆောင်ရွက်ရမည့်ရက်သည် ၁၅-၁၁-၂၀၂၂ ရက်နေ့တွင် သတ်မှတ် ကာလပြည့်မြောက်ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံသားကတ် အပိုကိုင်ဆောင်ပြီး လာရောက်ဆက်သွယ်ဆောင်ရွက်ခြင်းမရှိသူများ၏ ယခင်ကိုင်ဆောင်ထားသည့် နိုင်ငံသားစိစစ်ရေးကတ်များအား ပယ်ဖျက်၍ **နောက်ဆုံးထုတ်ယူခဲ့သော နိုင်ငံသားစိစစ်ရေးကတ်များအား အတည်ပြုပြီးဖြစ်ပါသည်။** နိုင်ငံသားစိစစ်ရေးကတ်တစ်ခုထက် ပိုမိုကိုင်ဆောင်ထားသူများအနေဖြင့် **ပယ်ဖျက်ပြီးဖြစ်သည့် ယခင်နိုင်ငံသားစိစစ်ရေးကတ်အား နီးစပ်ရာမြို့နယ်လဝကရုံးသို့ အပ်နှံကြပါရန်နှင့် အပ်နှံခြင်းမပြုဘဲ ဆက်လက်ကိုင်ဆောင်အသုံးပြုနေကြောင်း စစ်ဆေးတွေ့ရှိပါကဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း** အသိပေး ကြေညာအပ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

# အာဆီယံအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ (ASEAN-PAC) ၏ (၁၈) ကြိမ်မြောက် အကြီးအမှူးများ အစည်းအဝေးကျင်းပ မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးသန်းဆွေ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၂

အာဆီယံအဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့ (ASEAN Parties Against Corruption_ ASEAN-PAC) ၏ (၁၈)ကြိမ်မြောက် အကြီးအမှူးများအစည်းအဝေးကို ယနေ့တွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ Hyatt Regency Phnom Penh ဟိုတယ်၌ ကျင်းပရာ မြန်မာနိုင်ငံအဂတိ လိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးသန်းဆွေ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။




(၁၈)ကြိမ်မြောက် အကြီးအမှူးများအစည်းအဝေးတွင် ကမ္ဘောဒီးယားနိုင်ငံ အဂတိလိုက်စားမှုတိုက် ဖျက်ရေးအဖွဲ့ (Anti-Corruption Unit - ACU) ဒုတိယဥက္ကဋ္ဌ H.E YONN SINAT နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆမ်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ထို့နောက် ASEAN-PAC အလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့(Anti-Corruption Unit-ACU) ဥက္ကဋ္ဌ H.E. Kittinitikosalbindit Om Yentieng က အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ASEAN-PAC အဖွဲ့ဝင်နိုင်ငံများရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အေဂျင်စီများမှ အကြီးအကဲများနှင့် မြန်မာနိုင်ငံအဂတိ လိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးသန်းဆွေ အပါအဝင် ကိုယ်စားလှယ်စုစုပေါင်း ၅၉ ဦး ပါဝင်တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးသန်းဆွေသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်အတူ ASEAN-PAC နားလည်မှုစာချွန်လွှာ (Memorandum of Understanding-MoU) လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့တက်ရောက်၍ ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ (ACU) ဥက္ကဋ္ဌ Senior Minister H.E. Kittinitikosalbindit Om Yentieng နှင့် တွေ့ဆုံကာ နှစ်နိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးသည်။

ထို့နောက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနားလည်မှုစာချွန်လွှာ (Memorandum of Understanding -MoU) ကို လက်မှတ်ရေးထိုးကြသည်။

နားလည်မှုစာချွန်လွှာကို နှစ်နိုင်ငံအကြား အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍ သတင်းအချက်အလက်များဖလှယ်ရန်၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး လုပ်ငန်းစဉ်များဖြစ်သည့် စစ်တမ်းကောက်ယူခြင်း၊ အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှုဆန်းစစ်ခြင်း၊ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ခြင်းနှင့် နည်းပညာအထောက်အကူပြုကျွမ်းကျင်သင်တန်းများ ဖွင့်လှစ်နိုင်ရေးတို့ကို ပူးပေါင်းဆောင်ရွက်နိုင်ရေးရည်ရွယ်၍ လက်မှတ်ရေးထိုးခြင်း ဖြစ်သည်။

မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ခိုင်မာအားကောင်းစွာတည်ဆောက်ထားနိုင်ပြီး ယခုကဲ့သို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုနားလည်မှု စာချွန်လွှာလက်မှတ်ရေးထိုးခြင်းဖြင့် နှစ်နိုင်ငံရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာအားကောင်းအောင် တည်ဆောက်နိုင်မည်ဖြစ်ပြီး နှစ်နိုင်ငံအကြား အဂတိလိုက်စားမှုတိုက်ဖျက်ရေးနယ်ပယ်တွင် အတွေ့အကြုံနှင့်အလေ့အကျင့်ကောင်းများကို အပြန်အလှန်မျှဝေခြင်းဖြင့် ထိရောက်သော အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆောင်ရွက်မှုများကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❍ စာမျက်နှာ ၈ မှ

ထူးကဲ ကောင်းမွန်စွာ ဆောင်ရွက်ခြင်းအတွက် ဝဏ္ဏကျော်ထင်ဘွဲ့ကို ချီးမြှင့်တယ်လို့ ကျွန်မအနေနဲ့ သိရှိမှတ်သားရပါတယ်။ ကျွန်မအနေနဲ့ နိုင်ငံ့ဝန်ထမ်းအဖြစ် အသက် ၂၄ နှစ်ကစပြီး ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအောက်မှာ အချိန်ပိုင်း သရုပ်ပြဆရာမအဖြစ်နဲ့ စတင်ခဲ့တာဖြစ်ပါတယ်။ နောက်ပိုင်းယဉ်ကျေးမှုဝန်ကြီးဌာနကို ပြောင်းရွှေ့ပြီး တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ အဲဒီမှာ ကျွန်မက ဓာတုဗေဒနဲ့မဟာသိပ္ပံဘွဲ့ ရရှိထားတာဖြစ်တဲ့အတွက် ပထမတော့ နံရံဆေးရေးပန်းချီ ထိန်းသိမ်းရေး ရှေးဟောင်းအဆောက်အအုံတွေမှာ ရှိနေတဲ့ အနုလက်ရာတွေကို ဓာတုဗေဒနည်းပညာနဲ့ ထိန်းသိမ်းတဲ့လုပ်ငန်းကို စပြီးတာဝန်ယူရပါတယ်။ နောက်ပိုင်း ထိန်းသိမ်းရေးတွေကို တာဝန်ယူပါတယ်။ နောက်ရှေးဟောင်းသုတေသနရဲ့ အောက်မြန်မာပြည်တာဝန်ခံ (ဒုတိယညွှန်ကြားရေးမှူးချုပ်) အဖြစ် ဆောင်ရွက်ပါတယ်။ နောက် အမျိုးသားယဉ်ကျေးမှုနဲ့ အနုပညာတက္ကသိုလ်မှာ ပါမောက္ခချုပ်အဖြစ်နဲ့ တာဝန်ယူဆောင်ရွက်ခဲ့ပါတယ်။ ဝန်ထမ်းဘဝကြာလာတဲ့အခါမှာ ဌာနရဲ့လုပ်ငန်းတွေ၊ အခြေအနေတွေကိုကြည့်ပြီး ကျွန်မတို့ရဲ့ ခံယူချက်တွေကလည်း ပိုပြီးလေးနက်လာခဲ့ပါတယ်။

ကျွန်မတို့အနေနဲ့ သူများနိုင်ငံနဲ့ ရင်ပေါင်တန်းနိုင်အောင်ဆိုရင် အလုပ်က ဒီလောက်လေးလုပ်နေရုံနဲ့မရဘူး။ အလုပ်ကိုအရှိန်အဟုန်နဲ့ ပိုပြီးအဆပေါင်းများစွာ တိုးတက်ပြီးဆောင်ရွက်ဖို့လိုတယ်ဆိုတာကို ကျွန်မအနေနဲ့တွေးမိပါတယ်။ ဒါကြောင့် ကျွန်မပိုပြီးသိအောင်တတ်အောင် အချိန်ပေးပြီးတော့ သင်ယူတယ်၊ လေ့လာတယ်၊ ပြီးတော့ အားစိုက်ပြီး ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၁ ခုနှစ်မှာတော့ ကျွန်မကို ဒုတိယဝန်ကြီးအဖြစ် တာဝန်ပေးအပ်ခြင်းခံရပါတယ်။

### အိမ်ရှင်နိုင်ငံအဖြစ်ဆောင်ရွက်ရ

အဲဒီချိန်ကာလမှာဆိုရင် မြန်မာနိုင်ငံကနေမှ ASEAN Summit ကို အိမ်ရှင်နိုင်ငံအဖြစ်ဆောင်ရွက်ရပါတယ်။ အဲဒီနောက် ဆီးဂိမ်းပြိုင်ပွဲကြီးကိုလည်း အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပရပါတယ်။ နောက်အဲဒီအချိန်မှာ နိုင်ငံခြားဧည့်သည်တွေ၊ ခရီးသွားလုပ်ငန်းတွေလည်း တော်တော်လေး ဖွံ့ဖြိုးတိုးတက်ပါတယ်။ နိုင်ငံရဲ့ ယဉ်ကျေးမှုနဲ့ပတ်သက်တဲ့ဆိုင်ရာတွေကို ပြသရပါတယ်။ ပါဝင်ပြီးလုပ်ဆောင်ရပါတယ်။ ဒါကြောင့် ယဉ်ကျေးမှုကဏ္ဍမှာ အတော်လေး ဆောင်ရွက်ခဲ့ရပါတယ်။ အမျိုးသားပြတိုက်၊ အမျိုးသားစာကြည့်တိုက်တွေကိုလည်း ဖွင့်လှစ်ခဲ့ပါတယ်။

မြန်မာနိုင်ငံထဲမှာ ယဉ်ကျေးမှုအမွေအနှစ်တွေ အများကြီးရှိပါတယ်။ ပျူမြို့ဟောင်း၊ ပုဂံမြို့ဟောင်း၊ မြောက်ဦး စတဲ့ယဉ်ကျေးမှုအမွေအနှစ် ဒေသတွေ အပြင်ရွှေတိဂုံစေတီတော်နဲ့ ကျိုက်ထီးရိုးစေတီတော်ကို ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင်ဖြစ်ဖို့အတွက် ကြိုးစားခဲ့ကြပါတယ်။ ၂၀၁၄ ခုနှစ်မှာ ယူနက်စကိုရဲ့ ကမ္ဘာ့ယဉ်ကျေးမှုအမွေ အနှစ်စာရင်းဝင်အဖြစ် ပျူမြို့ဟောင်းတွေဖြစ်တဲ့ ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ မြို့ဟောင်းတွေ ရရှိခဲ့ပါတယ်။ ဒီအချိန်မှာ ရရှိခဲ့မယ်လို့ မမျှော်လင့်ပေမယ့် စွမ်းစွမ်းတမံကြိုးစားခဲ့တဲ့အတွက်ကြောင့် ရရှိခဲ့ခြင်းဖြစ်ပါတယ်။ ဆောင်ရွက်တဲ့အခါမှာလည်း တစ်ယောက်တည်းအားနဲ့ ရတာမဟုတ်ခဲ့ပါဘူး။ အချိန်အား၊ ငွေအား၊ လူအား၊ ပညာရှင်အားစသဖြင့် အားပေါင်းစုံနဲ့ပူးပေါင်းပြီး ဆောင်ရွက်ခဲ့ကြတာဖြစ်ပါတယ်။

အခုအခါမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အသိအမှတ်ပြုပြီး ကျွန်မတို့ကို ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းတဲ့အတွက် ပိုပြီးကျေနပ်ပီတိဖြစ်ရပါတယ်။ ဒီဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းခြင်းဟာ ကျွန်မနဲ့အတူ ပူးပေါင်းပါဝင်ပတ်သက်တဲ့သူတွေအတွက်လည်း ဝမ်းသာကျေနပ်မှုတွေ ဖြစ်ရပါတယ်။ တစ်ဖက်ကကြည့်မယ်ဆိုရင် မျိုးဆက်သစ်တွေအတွက် အားကျအတုယူဖွယ်ရာတွေလည်း ဖြစ်စေမှာဖြစ်ပါတယ်။ နိုင်ငံကောင်းကျိုးအတွက် ကျရာကဏ္ဍကနေ အလုပ်တွေ ပိုပြီးတော့အားစိုက် ဆောင်ရွက်ကြဖို့အတွက် တွန်းအားတစ်ခုလို့ ယုံကြည်ပါတယ်။ ဒါကြောင့် နိုင်ငံ့တာဝန်ကို အားစိုက်ဆောင်ရွက်ခဲ့တဲ့ ကျွန်မတို့ကို အခုလို ဂုဏ်ထူးဆောင်ဘွဲ့တွေ၊ ဂုဏ်ထူးဆောင်တံဆိပ်တွေ ချီးမြှင့်ပေးခြင်းအတွက် ဝမ်းသာဂုဏ်ယူရသလို ကျေးဇူးလည်းအထူးတင်ရှိပါတယ်လို့ ပြောကြားပါရစေ။

**ဦးဇော်ဌေး၊ စီမံထူးချွန်တံဆိပ်(ပထမဆင့်) ဒုတိယအမြဲတမ်းအတွင်းဝန်(ငြိမ်း)၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

ကျွန်တော်က ၁၉၇၈ ခုနှစ်က စပြီးတော့ ဝန်ထမ်းစလုပ်တာပါ။ ၂၀၁၅ ခုနှစ်မှာ ဝန်ထမ်းလုပ်သက် ၃၈ နှစ်နဲ့ ပင်စင်ယူခဲ့တာပါ။ ပြည်သူ့ဝန်ထမ်းဘဝက ပေးတဲ့တံဆိပ်တွေကို ကျွန်တော်ရခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်မှာ စီမံထူးချွန်တံဆိပ် (တတိယဆင့်) ရခဲ့ပါတယ်။ ကျွန်တော်အခုလို ဆုချီးမြှင့်ခံရမယ်လို့ တကယ်မမျှော်လင့်ပါဘူး။ အမျိုးသားအောင်ပွဲနေ့မှာ ကျွန်တော့်ကို စီမံထူးချွန်ပထမဆင့်ပေးတဲ့အတွက် အတိုင်းမသိဝမ်းမြောက်ဂုဏ်ယူပါတယ်။ ကျွန်တော်လုပ်ဆောင်ခဲ့တဲ့ လုပ်ဆောင်မှုအပေါ် နိုင်ငံတော်က တန်ဖိုးထားပြီး ချီးမြှင့်တယ်လို့ခံယူပါတယ်။ အခုလိုချီးမြှင့်တဲ့အတွက် နိုင်ငံတော်ကို ကျေးဇူးတင်ပါတယ်။ ချီးမြှင့်ထိုက်သူတွေကို ချီးမြှင့်တဲ့အတွက် အတိုင်းမသိဝမ်းမြောက်သလို ချီးမြှင့်ခံရတဲ့ သူတွေကိုယ်စားလည်း ဝမ်းသာတယ်။ ဆုတံဆိပ်ချီးမြှင့်ပေးတဲ့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီကိုလည်း ကျေးဇူးတင်ပါတယ်။ ။

■

# ဧရာဝတီတိုင်းဒေသကြီးအတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၂**

နိုင်ငံ၏ စီးပွားရေးအခြေအနေကောင်းများ ဖန်တီးနိုင်မှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဟု နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်နှင့်အညီ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စပါးနှင့် ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့နံနက်ပိုင်းတွင် အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဧရာဝတီတိုင်းဒေသကြီးအတွင်း ကွင်းဆင်းဆောင်ရွက်သည်။



**ညှိနှိုင်းဆွေးနွေး**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့်အဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တာဝန်ရှိသူများနှင့်လည်းကောင်း၊ အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ(၁)တွင် ဌာနဆိုင်ရာဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ဒေသခံလုပ်ငန်းရှင်များ၊ စိုက်ပျိုးမွေးမြူရေးဆောင်ရွက်သော တောင်သူများနှင့်လည်းကောင်း တွေ့ဆုံကာ တိုင်းဒေသကြီးအတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် စပါးနှင့် ပဲတီစိမ်း စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာများနှင့် လုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်ရေးတို့ကို ညှိနှိုင်းဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးရာတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ လယ်ယာစိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် စပါးနှင့် ပဲတီစိမ်း စိုက်ပျိုးသော တောင်သူများအတွက် လိုအပ်လျက်ရှိသော သွင်းအားစုများကို တစ်ရာခိုင်နှုန်းဝန်ဆောင်မှုစရိတ်ဖြင့် ငွေမချေးဘဲ မြေဩဇာနှင့် ပိုးသတ်ဆေးရရှိရေး ဆောင်ရွက်ပေးခြင်း၊ မြေဩဇာတန်ဖိုးနှင့်ညီမျှသော စပါးနှင့် ပဲတီစိမ်းများကိုတောင်သူများက ပေါက်ဈေးနှင့်အညီ ပြန်လည်ရောင်းချပေးဆပ်ခြင်း၊ လယ်ယာဖွံ့ဖြိုးရေးဘဏ် ကြွေးကျန်ရှိသည့် တောင်သူများအနေဖြင့် ကြွေးကျန်ပမာဏ၏ ၂၅ ရာခိုင်နှုန်းအပါအဝင် မြေဩဇာတန်ဖိုးနှင့်ညီမျှသော စပါးနှင့် ပဲတီစိမ်းများအား ပေါက်ဈေးနှင့်အညီ ပြန်လည်ရောင်းချပေးဆပ်ခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပြီး တောင်သူများ၏လက်ဝယ်သို့ သွင်းအားစုများ သတ်မှတ်ချိန်အတွင်း အချိန်မီရောက်ရှိ အသုံးပြုနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များက စနစ်တကျ စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် တောင်သူများအနေဖြင့် အထွက်တိုးအောင်မြင်နိုင်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့်လုပ်ငန်းများကို ကြိုးစားပြီး လိုက်နာဆောင်ရွက်ကြရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

**ညှိနှိုင်းဆောင်ရွက်**

ထို့နောက် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်နေမှုအနေဖြင့် ပဲတီစိမ်းဧက ၁ ဒသမ ၅ သိန်းခန့်၊ နွေစပါးစိုက်ဧက လေးသိန်းခန့် လျာထားဆောင်ရွက်နေကြောင်း၊ စီမံကိန်းအောင်မြင်ရေး၊ ချေးငွေများဆုံးရှုံးမှုမရှိစေရေး၊ လယ်ယာဖွံ့ဖြိုးရေးဘဏ်ချေးငွေများ ပြန်လည်ရရှိရေး ဆောင်ရွက်မည့် အစီအမံများနှင့် အစိုးရအဖွဲ့မှ စီမံကိန်းအောင်မြင်ရေးအတွက် တာဝန်ယူကြီးကြပ်ဆောင်ရွက်မည့်ကိစ္စရပ်များကို ပြန်လည်ဆွေးနွေးပြီး တက်ရောက်လာသောတောင်သူများ၊ ဒေသခံလုပ်ငန်းရှင်များနှင့် တောင်သူများ၏ မေးမြန်းချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ကန်ကြီးထောင့်မြို့နယ် ကွင်းလျားကြီးကျေးရွာတွင် ပြုလုပ်သော နေကြာမျိုးစေ့ချပွဲသို့တက်ရောက်အားပေးခဲ့ပြီး ဉာောင်တုန်းမြို့ မြို့တော်ခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ဒေသခံလုပ်ငန်းရှင်များ၊ စိုက်ပျိုးမွေးမြူရေးဆောင်ရွက်သော တောင်သူများနှင့် တွေ့ဆုံ၍ ပဲတီစိမ်းနှင့် နွေစပါး စီမံကိန်းများ၊ လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ပနိုင်ငံများတွင် ပညာတော်သင်မဟာဘွဲ့သင်တန်းများအပါအဝင် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ တက်ရောက်၍ ပြန်လည်ရောက်ရှိလာသော အရာထမ်းများ၏ အတွေ့အကြုံရှင်းလင်းပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၂**

ပြည်ပနိုင်ငံများတွင် ပညာတော်သင်မဟာဘွဲ့ သင်တန်းများအပါအဝင် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများတက်ရောက်၍ ပြန်လည်ရောက်ရှိလာသော အရာထမ်းများ၏ အတွေ့အကြုံရှင်းလင်းပွဲကို ယနေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

**အကျိုးကျေးဇူးများရရှိမည်**

အတွေ့အကြုံရှင်းလင်းပွဲတွင် ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ အသိပညာပြန်လည်မျှဝေခြင်းဖြင့် ပြည်ပခရီးသွားရောက်သူကိုယ်တိုင် ဘာသာရပ်ကို ပိုမိုကျေညက်စွာနားလည်လာခြင်း၊ ပါဝင်တက်ရောက်သူများအနေဖြင့် အသိပညာ၊ ဗဟုသုတ ရရှိပြီး မိမိတို့လုပ်ငန်းခွင်တွင် ပြန်လည်အသုံးချနိုင်ခြင်း အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအားလုံး ဘဝတစ်သက်တာ လေ့လာသင်ယူမှု (Life Long Learning) ပြုရန် တိုက်တွန်းလိုကြောင်း၊ သို့မှသာ တစ်ဦးတစ်ယောက်မှသည် အဖွဲ့အစည်းတစ်ခုလုံး၏ စွမ်းဆောင်ရည် ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း ပြောကြားသည်။

အတွေ့အကြုံရှင်းလင်းပွဲ ပထမနေ့တွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် အာဆီယံဒေသတွင်းရှိ အမျိုးသမီးများ၏ နိုင်ငံရေးတွင်ပါဝင်ဆောင်ရွက်မှုနှင့် ခေါင်းဆောင်မှုဆိုင်ရာ လေ့လာမှုစာတမ်း ရေးသားပြုစုရေးအတွက် နည်းပညာအထောက်အကူပြု အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ခဲ့သည့် လူမှုဝန်ထမ်းဦးစီးဌာနမှ အရာထမ်းနှစ်ဦးနှင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် AHA Centre ၏ (၇) ကြိမ်မြောက် ACE Program သင်တန်းသို့ ပါဝင်တက်ရောက်ခဲ့သော ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ အရာထမ်းနှစ်ဦးတို့က ဘာသာရပ်ဆိုင်ရာ အသိပညာများ ပြန်လည်ရှင်းလင်းဝေမျှခဲ့ပြီး အမေး၊ အဖြေ အစီအစဉ်များ ပြုလုပ်ခဲ့သည်။





ဒုတိယနေ့တွင် JDS အစီအစဉ်ဖြင့် ဂျပန်နိုင်ငံ ကိုဘေးတက္ကသိုလ်တွင် Master of International Studies (Disaster Risk Management) သင်တန်းသို့ ပါဝင်တက်ရောက်ခဲ့သော ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ အရာထမ်းတစ်ဦးနှင့် ဖိလစ်ပိုင်နိုင်ငံတွင် ဖွင့်လှစ်သော ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာကျူးလွန်မှု၊ ခေါင်းပုံဖြတ်ခံရမှုများ စုံစမ်းစစ်ဆေးခြင်း စွမ်းရည်မြှင့်တင်မှုအစီအစဉ်သို့ တက်ရောက်ခဲ့သည့် လူမှုဝန်ထမ်းဦးစီးဌာနမှ အရာထမ်းတစ်ဦးတို့က ဘာသာရပ်ဆိုင်ရာ အသိပညာများ ပြန်လည်ရှင်းလင်းဝေမျှခဲ့ပြီး အမေး၊ အဖြေ အစီအစဉ်များ ပြုလုပ်ခဲ့ကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က မေးခွန်းများ ပါဝင်မေးမြန်းခဲ့ကြပြီး မိမိတို့ဌာနအလိုက် ဆက်လက်ဆောင်ရွက်သင့်သည့် အကြံပြုချက်များ ဖော်ထုတ်သွားရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများသည် အရာထမ်း၊ အမှုထမ်းများနှင့် နေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြသည်။

ပြည်ပနိုင်ငံများတွင် ပညာတော်သင်မဟာဘွဲ့ သင်တန်းများအပါအဝင် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများတက်ရောက်၍ ပြန်လည်ရောက်ရှိလာသော အရာထမ်းများ၏ အတွေ့အကြုံရှင်းလင်းပွဲကို နိုဝင်ဘာ ၂၁ ရက်မှ ၂၃ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ငပုတောမြို့နယ် ဆယ်အိမ်စုကျေးရွာ၌ နေကြာမျိုးစေ့ချစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကျင်းပ



**ငပုတော နိုဝင်ဘာ ၂၂**

ဧရာဝတီ တိုင်းဒေသကြီး ငပုတောမြို့နယ် ကွင်းချောင်းကျေးရွာအုပ်စု ဆယ်အိမ်စုကျေးရွာရှိ တောင်သူ ဦးဂီတစိန်၏ လယ်ယာမြေ ၅ ဧက၌ နေကြာမျိုးစေ့ချစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ကျင်းပသည်။

အဆိုပါ နေကြာမျိုးစေ့ချစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲတွင် မြို့နယ် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကော်မတီ အတွင်းရေးမှူး ဦးထွန်းမျိုးသန့်က ပြည်တွင်း စားသုံးဆီဖူလုံရေးနှင့် ကျန်းမာရေးနှင့် ညီညွတ်သော စားသုံးဆီများ ရရှိရေးအတွက် ဆီထွက်နေကြာ သီးနှံများကို စိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးမှု စနစ်တကျရှိစေရေးအတွက် တောင်သူများအား နေကြာမျိုးစေ့ စိုက်ပျိုးခြင်းနှင့်ပတ်သက်၍ မျိုးစေ့ကုန်သက်သာခြင်း၊ မြေဩဇာပက်ဖျန်းရလွယ်ကူခြင်း၊ ရိတ်သိမ်းရလွယ်ကူခြင်း၊ လုပ်အားခသက်သာခြင်း၊ အချိန်ကုန်သက်သာမှုရှိခြင်းနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်ပျိုး နည်းပညာများကို ရှင်းလင်းပြောကြားပြီး စမ်းသပ်စိုက်ပျိုးဧက သုည ဒသမ ၅၀ ဧကအား သရုပ်ပြစိုက်ပျိုးသည်။

သရုပ်ပြပွဲသို့ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သူ၊ အတွင်းရေးမှူး ဦးထွန်းမျိုးသန့်နှင့် ဝန်ထမ်းများ၊ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ကျော်ဝင်းနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံတောင်သူများ စုစုပေါင်း ၄၅ ဦး တက်ရောက်ကြကြောင်း သိရသည်။

**ငပုတော(ပြန်/ဆက်)**

# ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များ၏ ပထမနှစ် သင်တန်းအသီးသီးသို့ တက်ရောက်ကြမည့် သစ်လွင်ကျောင်းသား ကျောင်းသူများအား ကြိုဆိုပွဲအခမ်းအနားကျင်းပ



ရန်ကုန် နိုဝင်ဘာ ၂၂

ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များ၏ ပထမနှစ် သင်တန်းအသီးသီးသို့ တက်ရောက်ကြမည့် သစ်လွင်ကျောင်းသား ကျောင်းသူများအား ကြိုဆိုပွဲ အခမ်းအနားကိုယမန်နေ့ နံနက်ပိုင်းက ဆေးတက္ကသိုလ် (၁) ရန်ကုန်၌ hybrid စနစ်ဖြင့် ကျင်းပသည်။

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ယခုနှစ်တွင် ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များသို့ ဝင်ခွင့်စာမေးပွဲစနစ်သစ်အနေဖြင့် လူတွေ့နှုတ်မေးစာမေးပွဲများ မေးမြန်းဖြေဆိုစေခြင်း ပါဝင်ကြောင်း၊ ထိုသို့ဖြေဆိုစေခြင်းဖြင့် မိမိအမှန်တကယ်ဝါသနာပါသည့် ဆေးပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုလိုသူများကိုသာ ရွေးချယ်စိစစ်နိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်၍ မိမိဆန္ဒအလျောက် လျှောက်ထားသူမျိုးမှသာလျှင် မည်သည့်အချိန်အခါတွင်မှ လူနာများကို ပစ်ပယ်မသွားဘဲ မိမိတို့တတ်မြောက်ထားသည့် ဆေးပညာဖြင့် ပြည်သူတို့အား ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်သူများ ဖြစ်လာမည်ဖြစ်ကြောင်း၊ ဆရာဝန်၊ သွားဘက်ဆိုင်ရာ ဆရာဝန်နှင့် ဆေးပညာနှီးနွှယ်ပညာရှင်တစ်ဦးဖြစ်သည်အထိ နိုင်ငံတော်မှ ငွေကျပ်သန်းပေါင်းများစွာ စိုက်ထုတ်အကုန်အကျခံပြီး ပညာသင်ကြားပေးခဲ့ခြင်းဖြစ်သဖြင့် ဘွဲ့ရရှိပြီးနောက် နိုင်ငံ့ဝန်ထမ်းအဖြစ် (၅)နှစ် မပျက်မကွက် တာဝန်ထမ်းဆောင်ကြရန် အထူးလိုအပ်ကြောင်း။

ယခု ပညာသင်နှစ်တွင် ဆေးတက္ကသိုလ်များသို့ နိုင်ငံတော်အစီအစဉ်ဖြင့် ၁၁၂၃ ဦး၊ မိမိစရိတ်ဖြင့် ၃၆ ဦး၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များသို့ နိုင်ငံတော်အစီအစဉ်ဖြင့် ၂၂၄ ဦး မိမိစရိတ်ဖြင့် နှစ်ဦး တက်ရောက်ခွင့်ရရှိခဲ့ပါကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ရရှိခဲ့သည့် (၆)ဘာသာပေါင်းရမှတ်နှင့် ရွေးချယ်ခဲ့သည့် တက္ကသိုလ်များဖြစ်သည့် ဆေးဝါးတက္ကသိုလ်များသို့ ၃၇၅ ဦး၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်များသို့ ၃၃၈ ဦး၊ သူနာပြုတက္ကသိုလ်များသို့ ၅၂၈ ဦး၊ အခြေခံကျန်းမာရေးတက္ကသိုလ်သို့ ၂၀၄ ဦး၊ တိုင်းရင်းဆေးတက္ကသိုလ်သို့ ၁၆၁ ဦးတို့ အသီးသီး တက်ရောက်ခွင့်ရရှိခဲ့ကြောင်း။

သစ်လွင်မောင်မယ်များအနေဖြင့် တက္ကသိုလ်နယ်မြေ၌ တက္ကသိုလ်ကျောင်းသားဘဝကို ရရှိတော့မည်ဖြစ်၍ ပညာရပ်အသီးသီးကို နှစ်ကာလပြီးဆုံးသည်အထိ ဆုံးခန်းတိုင်သင်ယူ၍ မိမိတို့၏ ဘဝရည်မှန်းချက်ပန်းတိုင် ရောက်ရှိသည်အထိ ကြိုးစားကြရန်နှင့် ပညာပြည့်ဝနှလုံးလှပြီး ပြည်သူများကို အလုပ်အကျွေးပြုသည့် ဆေးနှင့်ဆေးဘက်ဆိုင်ရာ ပညာရှင်များဖြစ်ရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် သက်ဆိုင်ရာ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များက မိမိတို့ တက္ကသိုလ်အလိုက် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနမှ အငြိမ်းစားဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံသွားနှင့် ခံတွင်းဆိုင်ရာဆေးကောင်စီ၊ မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်း၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီတို့မှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ သစ်လွင်ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး မန္တလေး၊ မကွေးနှင့် တောင်ကြီးမြို့များရှိ ဆေးတက္ကသိုလ်နှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များမှ အွန်လိုင်းမှတစ်ဆင့် တက်ရောက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် သစ်လွင်ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီး အတူတကွ နံနက်စာ သုံးဆောင်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်တွင် ဆေးပညာအခြေခံနှစ်(၅/၂၀၂၂)သင်တန်း ကျောင်းသားကျောင်းသူများအား ခွဲစိတ်ခွဲခန်းများ၌ လက်တွေ့စာမေးပွဲစစ်ဆေးနေခြင်း၊ တက္ကသိုလ်နယ်မြေရှိ စာသင်ခန်းများ၊ လက်တွေ့ခန်းများ၊ ခန္ဓာဗေဒ ခွဲစိတ်ကုသမှုလေ့ကျင့်ရေးဌာနနှင့် အုပ်စုငယ်များဖွဲ့၍ ဆွေးနွေးသင်ကြားသည့် စာသင်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်းနှင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ နည်းပညာသင်တန်းပို့ချ

နေပြည်တော် နိုဝင်ဘာ ၂၂

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်း၍ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်းနှင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ နည်းပညာသင်တန်းပို့ချခြင်း အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။



ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ညွှန့်ဝင်းဆွေနှင့် ကော်မရှင်အဖွဲ့ဝင် ဦးသန်းထွတ်သိန်းတို့က အမှာစကားပြောကြားကြပြီး အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူ ၂၆၀ တက်ရောက်ခဲ့ကြသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၌ ဖွဲ့စည်းထားရှိသည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU) ကို အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ နည်းပညာသင်တန်းပို့ချခဲ့ရာ CPU ၏ လုပ်ငန်းတာဝန်များ၊ တည်မြဲလုပ်ထုံးလုပ်နည်း (Standing Operating Procedure–SOP)၊ လုပ်ငန်းလမ်းညွှန် (Terms of Reference–TOR) ရေးဆွဲခြင်း၊ အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှု ဆန်းစစ်လေ့လာခြင်း (Corruption Risk Assessment–CRA)၊ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Program–PFP)တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ပြီး PFP အသုံးပြုဆောင်ရွက်နိုင်ရေး လက်တွေ့လေ့ကျင့်ခြင်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ သက်ဆိုင်ရာဌာနအသီးသီးမှ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး CPU အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြို့ပြများ ဘက်စုံသန့်ရှင်းသာယာလှပစေရေး အရှိန်အဟုန်မပြတ် ဆောင်ရွက်ကြရန် တိုင်းဒေသကြီးဝန်ကြီးချုပ် မှာကြား

နေပြည်တော် နိုဝင်ဘာ ၂၂

မြို့ပြများ ဘက်စုံသန့်ရှင်းသာယာလှပစေရေး မြို့နယ်စည်ပင်သာယာရေးအဖွဲ့များနှင့် တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက မြို့တစ်ခု၏ စည်ပင်သာယာရေးလုပ်ငန်းများသည် ယင်းမြို့၏ရရှိသည့် ဝင်ငွေခွန်အပေါ်တွင် မူတည်နေသဖြင့် ခေတ်နှင့်လျော်ညီသည့် အခွန်အခများရရှိစေရေး ဆောင်ရွက်သွားရန် လိုအပ်သကဲ့သို့ အခွန်ပုန်း၊ အခွန်ရှောင်များကိုလည်း ဖော်ထုတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ လာမည့် ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ်တွင် မြို့နယ်အလိုက် သန့်ရှင်းသာယာလှပစေရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို စနစ်တကျ ကြိုတင်ပြင်ဆင်ရေးဆွဲထားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိများက မြို့နယ်အလိုက် ဝင်ငွေနှင့် အသုံးစရိတ်များ၊ တည်ဆောက်ရေးလုပ်ငန်းများနှင့် မြို့သန့်ရှင်းသာယာလှပစေရေး ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးက တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်၌ ဆောင်ရွက်နေသည့် စည်ပင်သာယာရေးလုပ်ငန်းများကိုလည်းကောင်း အသေးစိတ်ရှင်းလင်းတင်ပြကြသည်။




ယင်းနောက် တိုင်းဒေသကြီး စီးပွားရေးရာ ဝန်ကြီး ဦးတင်ဦးက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

သင့်ကျန်းမာရေးအတွက် နေ့စဉ်နံနက်စောစောလမ်းလျှောက်ပေးပါ

# ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း ဒုတိယအကြိမ် အာဆီယံ ဒစ်ဂျစ်တယ်ပြည်သူ့ကျန်းမာရေးကွန်ဖရင့်အား Virtual စနစ်ဖြင့် တက်ရောက်ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၂**

ဘရူနိုင်းနိုင်ငံ ဘဏ္ဍာရေးနှင့် စီးပွားရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ကြီးမှူး၍ ဒုတိယအကြိမ် အာဆီယံဒစ်ဂျစ်တယ်ပြည်သူ့ကျန်းမာရေးကွန်ဖရင့် (The 2nd ASEAN Digital Public Health Conference)ကို ယနေ့မွန်းလွဲပိုင်းတွင် ဘရူနိုင်းနိုင်ငံ Empire ဟိုတယ်၌ Hybrid method ဖြင့် ကျင်းပခဲ့ရာ ဖွင့်ပွဲအခမ်းအနားတွင် ဘရူနိုင်းနိုင်ငံ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဘဏ္ဍာရေးနှင့် စီးပွားရေးဝန်ကြီး(၂) Mr. Pehin Dato Abdul Rahman က ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ် Mr. Lim Jock Hoi က အဖွင့်မိန့်ခွန်း ပြောကြားကြသည်။




**တက်ရောက်ဆွေးနွေး**

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးများ ဆွေးနွေးပွဲကို ကျင်းပခဲ့ရာ မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းသည် ဘရူနိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ထိုင်းနိုင်ငံတို့မှ ကျန်းမာရေးဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများပါဝင်သော Building a Resilient ASEAN ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို Virtual စနစ်ဖြင့် တက်ရောက်ဆွေးနွေးခဲ့ရာ အဆိုပါဆွေးနွေးပွဲတွင် ဒစ်ဂျစ်တယ်နည်းပညာကိုအသုံးပြု၍ ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း အာဆီယံနိုင်ငံများ၏ နိုင်ငံအလိုက်အောင်မြင်မှု၊ တွေ့ကြုံရသည့် အခက်အခဲများ၊ အနာဂတ် ဦးစားပေးအစီအစဉ်များနှင့် နောင်ဖြစ်ပေါ်လာနိုင်သည့် ကပ်ရောဂါများနှင့် ကျန်းမာရေးဆိုင်ရာခြိမ်းခြောက်မှုအန္တရာယ်များကို တုံ့ပြန်နိုင်ရန် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး ဒုတိယဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမှတ်တမ်း (Covid-19 Vaccination Certificate) အား VMIS စနစ်ဖြင့် အာဆီယံ Digital Portal တွင် ထည့်သွင်းခဲ့ပြီး အာဆီယံနိုင်ငံများအားလုံးမှ မြန်မာနိုင်ငံ၏ ကာကွယ်ဆေးထိုး မှတ်တမ်းအား စိစစ်နိုင်ခဲ့မှုအခြေအနေနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးအချက်အလက်များကို ဒစ်ဂျစ်တယ်နည်းပညာအသုံးပြု၍ ဆောင်ရွက်ခဲ့မှုကို ရှင်းလင်းပြောကြားခဲ့ပြီး ဒေသတွင်းနိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုသည် ပြည်သူ့ကျန်းမာရေးအရေးပေါ်တုံ့ပြန်မှုအစီအစဉ်တွင် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်ကြောင်း၊ ဒစ်ဂျစ်တယ်နည်းပညာပလက်ဖောင်းအသုံးပြု၍ အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက်များ မျှဝေခြင်းဖြင့် ကပ်ရောဂါတုံ့ပြန်ရေးအစီအစဉ်များကို အောင်မြင်စွာဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

အဆိုပါကွန်ဖရင့်ကို နိုဝင်ဘာ ၂၂ ရက်မှ ၂၃ ရက်အထိ ကျင်းပရာ အာဆီယံနိုင်ငံများမှ ဘာသာရပ်ဆိုင်ရာပညာရှင်များက ဒစ်ဂျစ်တယ်ပြည်သူ့ကျန်းမာရေးကိစ္စရပ်များကို အစီအစဉ်အလိုက် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မဲခေါင်-လန်ချန်းနိုင်ငံများအကြား ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ (၆)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၂၂**

မဲခေါင်-လန်ချန်း နိုင်ငံများအကြား ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Joint Working Group – JWG)၏ (၆)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ထိုင်းနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံ၍ ယနေ့မွန်းလွဲ ၁ နာရီက Virtual Conference စနစ်ဖြင့်ကျင်းပရာ မဲခေါင်-လန်ချန်း ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ Focal Department ဖြစ်သည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးသည်။

အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျေးလက်ဒေသဆင်းရဲမှုလျှော့ချရေး စီမံခန့်ခွဲမှုအဖွဲ့ (NRRA)မှ ညွှန်ကြားရေးမှူးချုပ် Mr. Xin Jiamin နှင့် ထိုင်းနိုင်ငံ Community Development Department မှ ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က အဖွင့်အမှာစကားပြောကြားကြသည်။

ဆက်လက်၍ မဲခေါင်-လန်ချန်း အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမှ မဲခေါင်-လန်ချန်း ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ Focal Department ဖြစ်သည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်နှင့် တာဝန်ရှိသူများက မဲခေါင်-လန်ချန်းနိုင်ငံများအကြား ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှု အတွေ့အကြုံများ မျှဝေဖလှယ်ခြင်း၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ ဆင်းရဲမှုလျှော့ချရေးကဏ္ဍ ငါးနှစ်စီမံချက် (၂၀၁၈-၂၀၂၂) အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု၊ ၂၀၂၃-၂၀၂၇ စီမံချက်အတွက် ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များကို အပြန်အလှန်ဆွေးနွေးကြသည်။

အဆိုပါ အစည်းအဝေးသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျေးလက်ဒေသဆင်းရဲမှုလျှော့ချရေး စီမံခန့်ခွဲမှုအဖွဲ့ (NRRA)မှ ညွှန်ကြားရေးမှူးချုပ်နှင့် မဲခေါင်-လန်ချန်းအဖွဲ့ဝင်နိုင်ငံများမှ ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Joint Working Group- JWG)မှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# "ဝ"အထူးဒေသ(၂) နမ့်တစ်မြို့၌ ပန်းခင်းစီမံချက်အဆင့်(၂)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ စတင်ကွင်းဆင်း ဆောင်ရွက်ပေး

**ဟိုပန် နိုဝင်ဘာ ၂၂**

"ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့နယ် "ဝ"အထူးဒေသ(၂) နမ့်တစ်မြို့၌ ပန်းခင်းစီမံချက်အဆင့်(၂)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ စတင်ကွင်းဆင်း ဆောင်ရွက်ပေးခြင်း အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နမ့်တစ် မြို့နယ်ခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီနပ်က "ဝ"အထူးဒေသရှိ တိုင်းရင်းသားပြည်သူများအား ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားဆောင်ရွက်ပေးမှု၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ဆောင်ရွက်ကြခြင်းဖြင့် ရရှိလာမည့်အခွင့်အရေးများနှင့် ကွင်းဆင်းဆောင်ရွက်ပေးသည့်အဖွဲ့အား ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးရေးတို့ကို ရှင်းလင်းပြောကြားသည်။



ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဟိုပန်ခရိုင်ဦးစီးမှူးက ပန်းခင်းစီမံချက် ကွင်းဆင်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် နမ့်တစ်မြို့ မြို့ပေါ်ရပ်ကွက်များမှ ပြည်သူများအား အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများ စတင်ဆောင်ရွက်ပေးခြင်းကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# လှည်းကူးမြို့နယ်၌ အားကစားနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြော

**လှည်းကူး နိုဝင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် အားကစားနှင့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီက အခြေခံပညာအထက်တန်းကျောင်း အထက (လှည်းကူး)ရှိ ပညာရတနာခန်းမ၌ ကျင်းပခဲ့သည်။

**အသိပညာပေးဟောပြော**

ရှေးဦးစွာ လှည်းကူးခရိုင်ပညာရေးမှူး ဒေါ်မြတ်မြတ်ထွေးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ အားကစားမှူး ဦးစိုးသိန်းက ကျောင်းသား ကျောင်းသူ လူငယ်များအား အားကစားကို လေ့ကျင့်အသုံးချစေရန် အသိပညာပေးဟောပြောခဲ့သည်။

ဆက်လက်၍ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားမှူးက အားကစားပစ္စည်းများကို လှူဒါန်းပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။ ထို့နောက် သရုပ်ပြအဖွဲ့များက Fitness Dance၊ တိုက်ကွမ်ဒို အားကစားနည်းတို့ဖြင့် သရုပ်ပြသဆောင်ရွက်ခဲ့သည်။

**ဉာဏ်ဟိန်း**

# နိုင်ငံတောင်ပိုင်းရှိ နိုင်ငံတကာရေပိုင်နက်တွင် အမေရိကန်တပ်ဖွဲ့များ ထပ်မံတပ်စွဲမည့်အစီအစဉ်အား လက်မခံဟု အီရန် ပြောကြား



**တီဟီရန် နိုဝင်ဘာ ၂၂**

အီရန်နိုင်ငံတောင်ပိုင်းရှိ နိုင်ငံတကာရေပိုင်နက်တွင် အမေရိကန်တပ်ဖွဲ့များ ထပ်မံတိုးချဲ့တပ်စွဲထားရန် အစီအစဉ်သည် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေသည့် ကိစ္စဖြစ်သဖြင့် လက်မခံနိုင်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ နဆာကာနာနီက နိုဝင်ဘာ ၂၀ရက်တွင်ပြောကြားခဲ့သည်။

အရှေ့အလယ်ပိုင်းဒေသ အပါအဝင် နိုင်ငံတကာရေပိုင်နက်၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းရေးအတွက် အရှေ့အလယ်ပိုင်းဒေသရှိ နိုင်ငံများနှင့် ဒေသတွင်းရှိ ကမ်းရိုးတန်းနိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် ကာနာနီက ပြောကြားသည်။

အရှေ့အလယ်ပိုင်းဒေသရှိနိုင်ငံများ မတည်မငြိမ်ဖြစ်စေရေးအတွက် အမေရိကန်နိုင်ငံက နှစ်ပေါင်းများစွာ ဆောင်ရွက်လာခဲ့ကြောင်း ၎င်းက ပြောကြားသည်။

ထို့ပြင် အမေရိကန်နိုင်ငံသည် နိုင်ငံတကာရေပိုင်နက်တွင် လုံခြုံရေးအခြေအနေများ ယိုယွင်းစေရေးအတွက် ဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်း ၎င်းက ပြောကြားသည်။ ပြီးခဲ့သည့်သီတင်းပတ်အတွင်းက အစ္စရေးနိုင်ငံပိုင် ရေနံတင်သင်္ဘောသည် အိုမန်ကမ်းရိုးတန်းတွင် ဒရုန်းဖြင့် တိုက်ခိုက်ခံခဲ့ရသည်။

**ကိုးကား - စီဂျီတီအင်န်၊ ဘာသာပြန် - စိုးသူရ**



# အင်ဒိုနီးရှားနိုင်ငံ၌ မြေငလျင်လှုပ်ခတ်မှုကြောင့် သေဆုံးသူ ၂၆၈ ဦးရှိလာ

**ဂျကာတာ နိုဝင်ဘာ ၂၂**

အင်ဒိုနီးရှားနိုင်ငံ အနောက်ပိုင်းတွင် နိုဝင်ဘာ ၂၁ ရက်က လှုပ်ခတ်ခဲ့သည့် မြေငလျင်ကြောင့် သေဆုံးသူ စုစုပေါင်း ၂၆၈ ဦးရှိလာကြောင်းနှင့် ၁၅၁ ဦး ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူတစ်ဦးက နိုဝင်ဘာ ၂၂ ရက်တွင် ပြောကြားသည်။

လက်ရှိအချိန်တွင် မြေငလျင်လှုပ်ခတ်မှုကြောင့် သေဆုံးသူ ၂၆၈ ဦးရှိလာပြီဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံ အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုအေဂျင်စီ အကြီးအကဲ ဆူဟာယန်တိုက သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားပြည်နယ်တွင် နိုဝင်ဘာ ၂၁ ရက်က လှုပ်ခတ်ခဲ့သည့် ပြင်းအား ၅ ဒသမ ၆ အဆင့်ရှိ မြေငလျင်ကြောင့် ၁၀၈၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်းနှင့် လူနေအိမ် ၂၁၀၀၀ ကျော်နှင့် အဆောက်အအုံအများအပြား ပျက်စီးမှုရှိခဲ့ကာ လူပေါင်း ၅၈၃၆၂ ဦးသည် နေအိမ်စွန့်ခွာခဲ့ရကြောင်း အင်ဒိုနီးရှားနိုင်ငံ အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှု အေဂျင်စီအကြီးအကဲ ဆူဟာယန်တိုက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံသမ္မတ ဂျိုကိုဝီဒိုဒိုက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဦးစားပေးလုပ်ဆောင်ရန် အာဏာပိုင်အဖွဲ့အစည်းများအား တိုက်တွန်းထားကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**

# တရုတ်နိုင်ငံ၌ စခန်းချအပန်းဖြေမှုတိုးတက်လာစေရေး ဆောင်ရွက်

**ပေကျင်း နိုဝင်ဘာ ၂၂**

တရုတ်နိုင်ငံ၌ ခရီးသွားပြည်သူများ စခန်းချအပန်းဖြေမှု တိုးတက်လာစေရေးအတွက် အများပြည်သူဆိုင်ရာ စခန်းချအပန်းဖြေနေရာများ တိုးချဲ့တည်ဆောက်ရေးနှင့် အထက်ပါ အပန်းဖြေနေရာများတွင် ပေးအပ်သည့်ဝန်ဆောင်မှုများ ကောင်းမွန်စေရေးအတွက် လမ်းညွှန်ချက်များကို တာဝန်ရှိသူများက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အထက်ပါ လမ်းညွှန်ချက်များတွင် ကျေးလက်ဒေသများရှိ စခန်းချအပန်းဖြေနိုင်သည့် နေရာများအပါအဝင် ကမ္ဘာလှည့်ခရီးသည်များ အနားယူအပန်းဖြေနိုင်သည့် နေရာများကို အဆင့်မြှင့်တင်ပြီး ပြီးပြည့်စုံသည့် ဝန်ဆောင်မှုများ ပေးအပ်နိုင်ရေးအတွက် ဆောင်ရွက်သွားရေး ညွှန်ကြားထားသည်။

ထို့ပြင် နိုင်ငံအတွင်းရှိ ယဉ်ကျေးမှုအမွေအနှစ်များကို အဆင့်မြှင့်တင် ထိန်းသိမ်းပြီး စခန်းချအပန်းဖြေသည့် ခရီးသည်များအား ဆွဲဆောင်နိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အထက်ပါညွှန်ကြားချက်အရ ခရီးသွားလာရေးလုပ်ငန်း လုပ်ကိုင်သည့် လုပ်ငန်းများအနေဖြင့်လည်း ခရီးသည်များ၏ လုံခြုံရေးကို ဂရုပြု ဆောင်ရွက်သွားရမည်ဖြစ်ပြီး မိမိတို့၏ ဝန်ဆောင်မှုများနှင့်ပတ်သက်၍ ခရီးသည်များအား ရှင်းလင်းပြတ်သားစွာ အသိပေးရေး ညွှန်ကြားခဲ့သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**





# တရုတ်နိုင်ငံအလယ်ပိုင်း၌ စက်ရုံတစ်ခုမီးလောင်မှုကြောင့် ၃၈ ဦး သေဆုံး

**ပေကျင်း နိုဝင်ဘာ ၂၂**

တရုတ်နိုင်ငံအလယ်ပိုင်းတွင် စက်ရုံတစ်ခုမီးလောင်မှုဖြစ်ပွားခဲ့ခြင်းကြောင့် သေဆုံးသူ ၃၈ ဦးရှိလာကြောင်း အာဏာပိုင်များက နိုဝင်ဘာ ၂၂ ရက်တွင် ပြောကြားသည်။

ဟီနန်ပြည်နယ် ဝန်ဖန်းခရိုင်ရှိ ကူးသန်းရောင်းဝယ်ရေးနှင့် ကုန်သွယ်ရေးကုမ္ပဏီတစ်ခု၏ စက်ရုံတစ်ခု၌ နိုဝင်ဘာ ၂၁ ရက် မွန်းလွဲ ၄ နာရီ ၂၂ မိနစ်တွင် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အန်ယန်းမြို့ ပြည်သူ့ဆက်ဆံရေးဌာနက ပြောကြားသည်။

အဆိုပါစက်ရုံမီးလောင်မှုကြောင့် အပေါ့စားဒဏ်ရာရရှိခဲ့သူနှစ်ဦးအား ဆေးရုံသို့ပို့ဆောင်ကာ ဆေးဝါးကုသပေးလျက်ရှိကြောင်း သိရသည်။ အရေးပေါ်စီမံခန့်ခွဲမှုဝန်ကြီးဌာနသည် ကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

မီးလောင်ကျွမ်းမှုနှင့်စပ်လျဉ်း၍ ဒေသဆိုင်ရာအာဏာပိုင်များသည် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရန် လူပေါင်း ၂၄၀ နှင့် ကယ်ဆယ်ရေးယာဉ် ၆၃ စီးအား မီးလောင်ကျွမ်းရာနေသို့ စေလွှတ်ခဲ့ကြောင်းလည်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

# အီရန်နိုင်ငံ၌ ယူရေနီယမ်သတ္တုထုတ်လုပ်မှု ၆၀ ရာခိုင်နှုန်းအထိ ထပ်မံတိုးမြှင့်မည်

**တီဟီရန် နိုဝင်ဘာ ၂၂**

အီရန်နိုင်ငံသည် အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ၏ ဆုံးဖြတ်ချက်ကို တုံ့ပြန်သည့်အနေဖြင့် ယူရေနီယမ်သတ္တုထုတ်လုပ်မှုကို ၆၀ ရာခိုင်နှုန်း ထပ်မံတိုးမြှင့်သွားမည်ဖြစ်ကြောင်း နိုဝင်ဘာ ၂၂ ရက်တွင် ပြောကြားသည်။

ယခုကဲ့သို့ ယူရေနီယမ်သတ္တုများအား ၆၀ ရာခိုင်နှုန်းအထိ တိုးတက်ထုတ်လုပ်မှုမှာ အီရန်အတွက် ပထမဆုံးအကြိမ် ဆောင်ရွက်ခြင်းဖြစ်ကာ အထက်ပါ ယူရေနီယမ်သတ္တုထုတ်လုပ်ခြင်းကို နိုင်ငံမြောက်ပိုင်း Qom မြို့အနီးရှိ ဖော်ဒိုးနျူကလီးယားစက်ရုံတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အီရန်အဏုမြူစွမ်းအင်အေဂျင်စီက ပြောကြားသည်။

အီရန်နိုင်ငံရှိ တရားဝင်ကြေညာထားခြင်းမရှိသည့်နေရာများတွင် ယူရေနီယမ်သတ္တုထုတ်လုပ်မှုများရှိနေကြောင်း အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီက ပြီးခဲ့သည့် သီတင်းပတ်အတွင်းက ပြောကြားခဲ့ပြီး အထက်ပါကိစ္စနှင့်ပတ်သက်၍ စစ်ဆေးရာတွင် အီရန်က ပူးပေါင်းဆောင်ရွက်ရန် အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီက ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။

အထက်ပါနေရာများတွင် ယူရေနီယမ်သတ္တုထုတ်လုပ်မှုများ ဆောင်ရွက်ခြင်းမရှိကြောင်း အီရန်က ငြင်းဆိုခဲ့သည်။ အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီ၏ အထက်ပါ ဆုံးဖြတ်ချက်သည် အီရန်နိုင်ငံအပေါ် နိုင်ငံရေးအရ ဖိနှိပ်ချုပ်ချယ်သည့် လုပ်ရပ်ဖြစ်သောကြောင့် အထက်ပါဆုံးဖြတ်ချက်အား ပယ်ချကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ နဆာကာနာနီက ပြောကြားသည်။ အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီအနေဖြင့် အီရန်၏ ပူးပေါင်းဆောင်ရွက်မှုများကို အသိအမှတ်ပြုပြီး ဆွေးနွေးပွဲများအတွင်း ကောင်းမွန်သည့် ရလဒ်များရရှိလာစေရေး ဆောင်ရွက်သင့်ကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# မြို့နယ်အချို့၌ PDF အမည်ခံအကြမ်းဖက်သမားများက ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြားကာ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီး

**နေပြည်တော် နိုဝင်ဘာ ၂၂**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ၏အနာဂတ်ဖြစ်သည့် မျိုးဆက်သစ်ရင်သွေးငယ်များ၏ ပညာရေးတွင် နောက်ကျကျန်ရစ်မှုမဖြစ်ပေါ်စေရေးအတွက် ပညာသင်ကြားနိုင်မှု အခွင့်အလမ်းကို ပြည့်ဝစွာအသုံးချနိုင်စေရန် အခြေခံပညာကျောင်းများကို ဇွန် ၂ ရက်တွင် စတင်ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး ကျောင်းဝတ်စုံ၊ ကျောင်းသုံးဖတ်စာအုပ်အပါအဝင် ကျောင်းသုံးစာရေးကိရိယာများကို နိုင်ငံတော်အစိုးရက အခမဲ့ထောက်ပံ့ပေးခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းတို့ကို အင်တိုက်အားတိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

သို့ရာတွင် NUG ၊ PDF အမည်ခံ အကြမ်းဖက်သမားများသည် အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ၎င်းတို့ကို အကြောက်တရားဖြင့် ထောက်ခံအားပေးလာစေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် ကျောင်းသား ဆရာ မိဘများကို ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အအုံများ မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ အထောက်အကူပြုပစ္စည်းများနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ကျောင်းသုံးစာအုပ်များအား မီးရှို့ဖျက်ဆီးခြင်း၊ အတင်းအဓမ္မလုယူခြင်း စသည့် နည်းလမ်းမျိုးစုံ



တောင်ငူမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက အခြေခံပညာမူလတန်းကျောင်းရှိ ပစ္စည်းများအား ဝင်ရောက်ဖျက်ဆီးမှု မှတ်တမ်းဓာတ်ပုံ။

အသုံးပြုကာ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ နိုဝင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီခန့်တွင် မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် မုံညင်းကျေးရွာသို့ PDF အမည်ခံ အကြမ်းဖက်သမားများ ရောက်ရှိလာပြီး အဆိုပါကျေးရွာနေ မုံညင်းအခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းစောင့်ဖြစ်သူ ဦးစန်းလွင်(၅၆)နှစ်(ဘ)ဦးအောင်ဖေနှင့် ၎င်း၏သမီးဖြစ်သူ ပေါက်မြို့နယ်မြသိန်းတန်ကျေးရွာရှိအခြေခံပညာမူလတန်းလွန်ကျောင်းမှ ဒုတိယအလယ်တန်းပြကျောင်းဆရာမဖြစ်သူ မဇင်ဝေလွင်(၃၅)နှစ်တို့အား "ဒလန်"ဟု စွပ်စွဲပြောဆိုကာ သေနတ်များဖြင့် ဝိုင်းဝန်းပစ်ခတ်သတ်ဖြတ်သွားခဲ့သဖြင့် ဦးစန်းလွင်နှင့် မဇင်ဝေလွင်တို့တွင် သေနတ်ထိမှန် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ကြောင်း သိရသည်။

အလားတူ မွန်းလွဲ ၁၂ နာရီခန့်တွင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် သဲဖြူချောင်းဝကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများရောက်လာပြီး ကျောင်းဝင်းအတွင်းရှိ ပစ္စည်းများအား ဖျက်ဆီးသွားခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါကျောင်းရှိ ကျောင်းနံရံများ၊ အိမ်သာနံရံများ၊ စာရေးစားပွဲခုံများ၊ ကျောင်းသုံးစာအုပ်များပေါ်တွင် သဘော်ဆေးများဖြင့် "PDF/ PDS" စာသားများ ရေးသားထားကာ စာသင်ကျောင်းအတွင်းရှိ ဗီရိုများ၊ ရုံးသုံးပစ္စည်း၊ စာရေးကိရိယာများအား မွှေနှောက်ဖျက်ဆီးခဲ့သဖြင့် ကျောင်းသုံး စာရွက်စာတမ်းများ ပျက်စီးခဲ့ကြောင်းနှင့် သဲဖြူချောင်းဝ အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းဆရာ ဆရာမ သုံးဦးက ကျောင်းသား ကျောင်းသူ ၅၀ တို့ကို ပညာသင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိသည်။ တိုင်းရင်းသားပြည်သူ လူထုတစ်ရပ်လုံးအနေဖြင့်လည်း ယခုကဲ့သို့ ယုတ်မာရိုင်းစိုင်းသည့်လုပ်ရပ်ကို ကျူးလွန်ခဲ့သည့်၊ ကျူးလွန်ရန် အားပေးလှုံ့ဆော်နေသည့် NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအပေါ် ဝိုင်းဝန်းဆန့်ကျင်ကြရန်နှင့် အကြမ်းဖက်အဖွဲ့များ၏ လှုပ်ရှားမှုသတင်းများရရှိပါက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များထံ သတင်းပို့ခြင်းဖြင့် ပြည်သူ့လုံခြုံရေး၊ အနာဂတ်ရင်သွေးငယ်များ၏ လုံခြုံရေးကို ဝိုင်းဝန်းကူညီပေးကြပါရန် မေတ္တာရပ်ခံတိုက်တွန်းထားကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၂၂**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ဖက္ကလိပ်ကျေးရွာနေ ယုနန္ဒာဗိုလ်သည် ၎င်းအသုံးပြုသည့် "Yu Nandar Bo" Facebook အကောင့်၊ ရောဂတီတိုင်းဒေသကြီး မအူပင်မြို့နယ် အမှတ်(၈)ရပ်ကွက်နေ ချစ်စုဝေပိုင်သည် ၎င်းအသုံးပြုသည့် "Chit Su Wai Paing" Facebook အကောင့်တို့သည် အသိပေးသတင်း ထုတ်ပြန်ချက် အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြား စေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပေါင်မြို့နယ် ကျုံဟော်ကျေးရွာ၌ လယ်ယာဧကများစွာကို အကျိုးပြုမည့် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**ပေါင် နိုဝင်ဘာ ၂၂**

သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျုံဟော်ကျေးရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သထုံခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာဝင်းစံ၊ ပေါင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများသည် ကျေးရွာကုန်ထုတ်လမ်း ကော်မတီဝင်များနှင့်အတူ ကျုံဟော်ကျေးရွာတွင်ကျေးလက်ကုန်ထုတ်လမ်းအရှည် ပေ၂၀၀၀၊ အကျယ် ၁၂ပေ၊ ဒု သုံးလက်မရှိ ကျောက်ရော မြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

**ရာနှုန်းပြည့်ဆောင်ရွက်**

ကျုံဟော်ကျေးရွာတွင် အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းကို ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၁၁၆၀ ဖြင့် တင်ဒါအောင်မြင်သည့် လင်းနိုင်ကုမ္ပဏီက ဇူလိုင် ဒုတိယအပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ယခုအခါလုပ်ငန်းများအာလုံး ၄၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်



ပြီးစီးပါက အဆိုပါကျေးရွာရှိ အကျိုးပြု အိမ်ခြေ ၃၁၇ အိမ်၊လူဦးရေ ၁၈၅၆ ဦး တို့၏ လယ်ယာဧကများမှ ထွက်ရှိသည့် လယ်ယာထုတ်ကုန်၊ ထွက်ကုန်များ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာဝင်းစံထံမှ သိရသည်။

၂၂၂

## အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာချက်

### ပြည်ပရောက်မြန်မာနိုင်ငံသားများ၏ လုပ်ခ/လစာဝင်ငွေများလွှဲပြောင်းသည့် ပမာဏအပေါ် နိုင်ငံတော်က ပံ့ပိုးငွေများ ထောက်ပံ့ပေးမည်

နိုင်ငံတော်အတွက် နိုင်ငံခြားငွေများကို တစ်ဖက်တစ်လမ်းက ရှာဖွေပေးလျက်ရှိသည့် ပြည်ပရောက်မြန်မာနိုင်ငံသားများအား နိုင်ငံတော်က ချီးမြှောက်သောအားဖြင့် ပြည်ပရောက်မြန်မာနိုင်ငံသားများ၏ နိုင်ငံခြားသုံးငွေဖြင့် ရရှိသော လုပ်ခ/လစာဝင်ငွေများကို ပြည်ပမှ ပြည်တွင်းသို့ နိုင်ငံခြားသုံးငွေရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်းလိုင်စင်ရဘဏ်များမှတစ်ဆင့် လွှဲပို့ခြင်းအတွက် အမေရိကန်တစ်ဒေါ်လာ(ယင်းနှင့်ညီမျှသောနိုင်ငံခြားငွေ)အပေါ်တွင် ၃၀ ကျပ်အား နိုင်ငံတော်ကအပိုဆောင်းငွေအဖြစ် ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်းနှင့် ယင်းသို့ပံ့ပိုးငွေများကို ငွေထုတ်ယူသည့်နေ့တွင် ချက်ခြင်းထည့်သွင်းပေးသွားမည်ဖြစ်ပြီး ၁-၁၁-၂၀၂၂ ရက်နေ့မှစ၍ အကျိုးသက်ရောက်မှုရှိမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ဆောက်လုပ်ရေးဝန်ကြီးဌာန နှစ်ပတ်လည်နေ့အထိမ်းအမှတ် နည်းပညာဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ ပိတ်ပွဲအခမ်းအနား ကျင်းပ





နေပြည်တော် နိုဝင်ဘာ ၂၂

ဆောက်လုပ်ရေးဝန်ကြီးဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ် နည်းပညာဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ ပိတ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၁၁) စုပေါင်းခန်းမ၌ ကျင်းပသည်။

စာတမ်းဖတ်ပွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေက နှစ်ရက်တာအတွင်း စာတမ်းပေါင်း ၁၈ စောင် ဖတ်ကြားနိုင်ပြီး စာတမ်းရှင်များ၏ ကြိုးစားရှာဖွေထားသော အချက်အလက်များကို မူလရည်ရွယ်ရင်း အနှစ်သာရများ ပေါ်လွင်အောင် ဖတ်ကြားနိုင်သည်ကို တွေ့မြင်ရကြောင်း၊ အလွယ်တကူရသော စာတမ်းအဟောင်း များကို ပြန်လည် ဖတ်ကြားခြင်းမျိုး မဟုတ်ဘဲ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ဦးဆောင်ဖော်ထုတ်သော အကြောင်းအရာများနှင့် လျော်ညီသည့် ခေါင်းစဉ်များဖြစ်သည့်အတွက် ဌာနအတွက်ရော နိုင်ငံအတွက်ပါ အသုံးဝင်သော စာတမ်းများဖြစ်သည်ကို တွေ့မြင်ရကြောင်း။

ယခုစာတမ်းများအားလုံးသည် ပညာရပ်ဆိုင်ရာ အဆင့်အတန်းရှိပြီး လုပ်ငန်းခွင်တွင် လက်တွေ့လိုက်နာစရာ စာတမ်းများဖြစ်သော်လည်း သုတေသနပြုချက်ပါ လိုက်နာရမည့် နည်းပညာ၊ နည်းဥပဒေသများကို လုပ်ငန်းများတွင် အသုံးချမှု နည်းနေသေးကြောင်း၊ နည်းပညာများ၊ သုတေသနအချက်အလက်များကို ရုံးချုပ်တွင် စုစည်းသိမ်းထားခြင်းမျိုး မလုပ်ဘဲ အောက်ခြေလုပ်ငန်းခွင်များ၌ပါ လက်တွေ့အသုံးချနိုင်အောင် စီစဉ်ကူညီပေးကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ယခုကျင်းပသည့် စာတမ်းဖတ်ပွဲတွင် နိုင်ငံတကာတွင် ရေပန်းစားနေသည့် လျှပ်စစ်ကားဆိုင်ရာ အကြောင်းအရာ၊ Steel Fibre Reinforcement ကဲ့သို့သော အကြောင်းအရာ၊ ပြည်တွင်း၌ တည်ဆောက်မှုများပြားလာသော AC လမ်းများအပေါ် Quality Management စသည့် Sustain-able road development၊ Bridge Maintenance and Repairing၊ Housing Barometer စသည့် မြို့ပြအိမ်ရာ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ခေါင်းစဉ်များဖြင့် တက်ကြွစွာ ဆွေးနွေးဖတ်ကြားခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားများအတွက် ငွေကြေးဆိုင်ရာဝန်ဆောင်မှုသိကောင်းစရာ ဟောပြောပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၂

မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်က ကြီးမှူး၍ သင်္ဘောသားများအတွက် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုသိကောင်းစရာ ဟောပြောပွဲကို နိုဝင်ဘာ ၁၈ ရက်က ကျောက်တံတားမြို့နယ် ၃၇ လမ်းရှိ အဖွဲ့ချုပ်ရုံး၌ ကျင်းပသည်။

**ပြောကြား**

အခမ်းအနားတွင် သင်္ဘောသားများ၏ နိုင်ငံခြားငွေဖြင့်ရရှိသည့် လုပ်ခ/လစာများကို မြန်မာကျပ်ငွေဖြင့် လျင်မြန်လွယ်ကူစွာ လဲလှယ်သုံးစွဲနိုင်ရေးအတွက် ဘဏ်များ၏ ဝန်ဆောင်မှုအကြောင်းကို uab ဘဏ်မှ မန်နေဂျာဖြစ်သူ ဒေါ်အာသာဝတီနှင့် ဦးအောင်သူတို့က အသေးစိတ်ရှင်းလင်း ပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံ ပင်လယ်ကူး သင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ် ဥက္ကဋ္ဌ ကပ္ပတိန် စိုးမင်းအောင်က ဖြည့်စွက်ပြောကြားရာတွင်ယခင်အခါကမြန်မာသင်္ဘောသားများသည် မိမိတို့၏ နိုင်ငံခြားငွေဖြင့် ရရှိသည့် လုပ်ခ/လစာများကို မြန်မာကျပ်ငွေရရှိရေးအတွက် ဟွန်ဒီငွေလဲလှယ်သည့် ကိုယ်စားလှယ်များမှတစ်ဆင့် လဲလှယ်ရယူခဲ့ကြကြောင်း၊ ထိုသို့လဲလှယ်ရယူရာတွင် မသမာမှုများကြောင့် ဆုံးရှုံးရခြင်းများ ကြုံတွေ့ခဲ့ရကြောင်း၊ နိုင်ငံအတွင်းရှိဘဏ်များ၏ ဝန်ဆောင်မှုသည် လုံခြုံစိတ်ချပြီး ဆက်သွယ်ဆောင်ရွက်ကြရန် ပြောကြားသွားသည်။ ထို့နောက်တက်ရောက်လာကြသည့် သင်္ဘောသားများနှင့် မိသားစုဝင်များက သိရှိလိုသည်များမေးမြန်းကြရာ တာဝန်ရှိသူတို့က ရှင်းလင်းဖြေကြားကြသည်။

**မျိုးမင်းသူရ**

## အုတ်ဖိုမြို့နယ်၌ နေအိမ်အတွင်း ဝင်ရောက်လုယက်သူများအား ဖမ်းဆီးရမိ

အုတ်ဖို နိုဝင်ဘာ ၂၂

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် ချောင်းနားကျေးရွာတွင် နိုဝင်ဘာ ၂၀ ရက်က နေအိမ်အတွင်းဝင်ရောက် လုယက်မှုဖြစ်ပွားခဲ့ရာ ပြစ်မှုကျူးလွန်သူများအား၂၄ နာရီအတွင်း ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ အုတ်ဖိုမြို့နှင့် ငါးမိုင်ခန့်အကွာ အိုးသည်ကုန်းမြို့(နယ်မြေစခန်းအပိုင်) ချောင်းနားကျေးရွာနေ ဦးစံမင်း၏ နေအိမ်သို့ ညနေ ၅ နာရီခွဲက လူလေးဦးတို့က ဝင်ရောက်လာပြီး လယ်ထွန်စက်ပျက်နေသဖြင့် လိုက်ပါကူညီပေးရန် အကူအညီတောင်းခံခဲ့သည်။ ထို့နောက် ဦးစံမင်းသည် ဆိုင်ကယ်ဖြင့် ၎င်းတို့ လေးဦးအနက်မှ တစ်ဦးအား တင်ဆောင်ပြီး ထွက်ခွာသွားရာ ကျန်သုံးဦးက ဦးစံမင်း၏ နေအိမ်အတွင်းဝင်၍ ဇနီးဖြစ်သူ ဒေါ်နီနီဝင်းထံမှ ရွှေနှစ်ကျပ်သားခန့်နှင့် ငွေကျပ်သိန်း ၁၀၀ ခန့်အား လုယူထွက်ပြေးရာ ကျေးရွာနေပြည်သူများက ဝိုင်းဝန်းဖမ်းဆီးသဖြင့် တစ်ဦးအား ဖမ်းဆီးရမိခဲ့သည်။



သတင်းအရ အိုးသည်ကုန်းနယ်မြေစခန်းမှူး ရဲအုပ်ခင်မောင်ထွေးနှင့်အဖွဲ့သည် လေးတဲကျေးရွာအနီး မြေနီလမ်းဘေးတွင် သွားရောက်စစ်ဆေးရာ ဦးစံမင်းမှာ ဓားဒဏ်ရာဖြင့် သေဆုံးနေကြောင်း တွေ့ရသည်။

ထို့နောက် ဖမ်းဆီးရမိသည့် တရားခံ တိုးကြီး(ခ)နိုင်ထွန်း(ခ)ထက်ဝင်းထွန်းထံတွင် အခင်းဖြစ်စဉ် အသုံးပြုခဲ့သည့်ဓားမြှောင်တစ်ချောင်း၊ ဟွန်ဒါ 125 ဆိုင်ကယ် တစ်စီး၊ ကျေးရွာနေပြည်သူများဝိုင်းဝန်းဖမ်းဆီးခဲ့သည့် တရားခံကျော်ကြီး(ခ)ကျော်သူရနိုင်ထံမှ ခေါက်ဓားတစ်ချောင်း၊ wave 110 New Zxineng ဆိုင်ကယ် တစ်စီး၊ ငွေကျပ် ၁၇ သိန်း၊ ရွှေ နှစ်ကျပ်သားခန့် ရွှေဆွဲကြိုး တစ်ကုံးတို့အားသိမ်းဆည်းရမိခဲ့သည်။ ဦးစံမင်းအား ဓားဖြင့်ထိုးသတ်သူ တိုးကြီး(ခ)နိုင်တိုး(ခ)ထက်ဝင်းထွန်း၊ ပစ္စည်းများ လုယူထွက်ပြေးသွားသော ကျော်ကြီး (ခ)ကျော်သူရနိုင်၊ စည်သူအောင်၊ မြကြီး (ခ)ငြိမ်းသူရ တို့အား ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## တောင်ငူခရိုင် လူထုအခြေပြုဗဟိုဌာန၌ ဆေးရောင်ခြယ်၊ ကဗျာရွတ်၊ ပုံပြင်ပြောနှင့် ပျော်ရွှင်စရာကစားနည်းအစီအစဉ်များ ပြုလုပ်

တောင်ငူ နိုဝင်ဘာ ၂၂

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် ယနေ့ မွန်းလွဲပိုင်းက ဆေးရောင်ခြယ်၊ ကဗျာရွတ်၊ ပုံပြင်ပြောနှင့် ပျော်ရွှင်စရာ ကစားနည်းအစီအစဉ်များကို အထက (၁) Grade 1 မှ ကျောင်းသား ကျောင်းသူများဖြင့် ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကျောင်းသား ကျောင်းသူလေးများက ကလေးစာဖတ်ခန်းအတွင်း၌ ဆေးရောင်ခြယ်ခြင်း၊ ကလေးစာပေများ ဖတ်ရှုလေ့လာခြင်းများဆောင်ရွက်ကြပြီးနောက် ပြည်သူ့စာကြည့်တိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြတိုက်ငယ်အတွင်းရှိ ရှေးဟောင်းပစ္စည်းများ၊ တိုင်းရင်းသားရိုးရာပစ္စည်းများ၊ လက်မှုပညာပစ္စည်းများနှင့် သမိုင်းကြောင်းဆိုင်ရာများကို လေ့လာကြည့်ရှုကြသည်။

ယင်းနောက် လူထုအခြေပြုဗဟိုဌာန ခန်းမအတွင်း၌ ဘိုးလင်းပစ်ခြင်း၊ ပင်ပေါင်ဘောလုံး ဇွန်းကိုက်သယ်ဆောင်ခြင်း၊ စာအုပ်ရွက်လမ်းလျှောက်ခြင်း စသည့် ပျော်ရွှင်စရာကစားနည်းအစီအစဉ်များကို ကစားကြပြီး ကဗျာရွတ်ဆိုခြင်း၊ ပုံပြင်ပြောခြင်း အစီအစဉ်များကို အလှည့်ကျပြုလုပ်ခဲ့ကြသည်။

အဆိုပါ အစီအစဉ်များဆောင်ရွက်ရာ၌ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများအတွက် အာဟာရအားဖြည့်နို့အေးဘူးများ လိုက်လံဝေငှပေးခဲ့ပြီး ကလေးငယ်များအား ငယ်စဉ်ကပင် စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိကာ စာဖတ်သည့်အလေ့အထများရရှိစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)




## ရွှေပြည်သာ အထက(၂)၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြော

ရန်ကုန် နိုဝင်ဘာ ၂၂

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် အဆိုပါကျောင်းရှိ ပညာရတနာခန်းမ၌ ကျင်းပရာ ရွှေပြည်သာမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦးက အဖွင့်အမှာစကားပြောကြားပြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန စစ်ဆေးရေးမှူး(၂) ဦးသန်းဇော်ဦးက ကျောင်းသား ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများကို အသိပညာပေးဟောပြောပြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနနှင့် အမှတ်(၆၅) ယာဉ်ထိန်းရဲတပ်ဖွဲ့စုတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို ကျောင်းသား ကျောင်းသူများ လက်ဝယ်အရောက် ဖြန့်ဝေပေးခဲ့ကြသည်။

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မျိုးညွန့်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသွင်ယုနိုင်၊ ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ စစ်ဆေးရေးမှူး (၂) ဦးသန်းဇော်ဦး၊ မြို့နယ်တရားသူကြီး ဒေါ်စန်းစန်းမြင့်၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်ထန်လွမ်၊ အမှတ်(၆၅)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ဒုရဲအုပ် တင်မျိုးဝင်း၊ အထက(၂)ကျောင်းအုပ်ဆရာမကြီး ဒေါ်သင်းသင်းဌေးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြင့်ဦး

# မှုန်တောင်ဒေသခံအစုအဖွဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေ သတ်မှတ်ဖွဲ့စည်း



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ် မေလတွင် ထုတ်ပြန်သည့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံး၍ ချင်းပြည်နယ် ဟားခါးခရိုင် ဟားခါးမြို့နယ်အတွင်းရှိ ဧရိယာ ၁၄၀၆ ဧကကို ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရန်အတွက် **“မှုန်တောင်ဒေသခံအစုအဖွဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေ”**အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၁၆၆/၂၀၂၂) အရ ၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၈) ရက် (၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်) မှစ၍ သတ်မှတ်ဖွဲ့စည်းကြောင်း ကြေညာလိုက်သည်။

မှုန်တောင်ဒေသသည် ဟားခါး-မှန်တောလမ်း ဟားခါးမြို့မှ အရှေ့ဘက် ၁၂ မိုင်ခန့်အကွာ မှုန်တောင်ကြောအတွင်း တည်ရှိပြီး ဟားခါးမြို့နှင့်နီးစပ်သဖြင့် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ ဝင်ထွက်သွားလာ အပန်းဖြေနိုင်သော နေရာဖြစ်ခြင်း၊ တောဆိတ်နှင့် တောင်ဆိတ်များစွာ ကျက်စားသည့် ထူးခြားထင်ရှားသည့် ကျောက်ကမ်းပါးယံကြီးတစ်ခု တည်ရှိခြင်းကြောင့် ဘူမိရုပ်သွင်ထူးခြားသော ဒေသဖြစ်ခြင်း၊ သစ်ပင်မျိုးစုံနှင့် ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝခြင်းတို့ကြောင့် ကာကွယ်ထိန်းသိမ်းရန်ရည်ရွယ်၍ သတ်မှတ်ဖွဲ့စည်းခြင်းဖြစ်သည်။

ဒေသခံအစုအဖွဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း ချင်းပြည်နယ်၏ အမှတ်အသား သင်္ကေတဖြစ်သော တောင်ဇလပ်ဖြူ တောင်ဇလပ်နီနှင့် ချယ်ရီပင်များနှင့် သစ်ခွမျိုးစုံ ပေါက်ရောက်ပြီး သဘာဝတောအနေအထားများ ကောင်းမွန်ခြင်းကြောင့် တောရိုင်းတိရစ္ဆာန်များ စုံလင်စွာ ကျက်စားသည့် ဒေသဖြစ်သည့်အပြင် ဒါအိုချိန်း၊ အိုင်ဗဲ၊ မှိုင်ခါ၊ ဗန်ဟာ၊ ကျင်ခွာ၊ ဖာရ်ရွန်းနှင့် ဖီးရ်သီးကျေးရွာတို့မှ အဓိက အားထားရာဒေသတစ်ခုဖြစ်ခြင်း၊ ဘူမိရူပသွင်ပြင် ထူးခြားသည့် သဘာဝကျောက်ကမ်းပါးယံကြီးတစ်ခုတွင် မျိုးသုဉ်းရန်အန္တရာယ်ရှိသည့် တောဆိတ်နှင့် တောင်ဆိတ်တို့ အများအပြား ထူးခြားစွာကျက်စားနေထိုင်ခြင်းတို့ကြောင့် ဇီဝမျိုးစုံမျိုးကွဲများ စုံလင်သဖြင့် မှုန်တောင်ဒေသခံအစုအဖွဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ကြေညာခြင်းဖြစ်သည်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်**
**ထိန်းသိမ်းရေးဝန်ကြီးဌာန**

## ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)၌ မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကျင်းပ



လွိုင်လင် နိုဝင်ဘာ ၂၂

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ကွန်ပျူတာတက္ကသိုလ် (ပင်လုံ)၌ ၂၀၂၂ - ၂၀၂၃ ပညာသင်နှစ် ပထမနှစ်တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများအား မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကို ယမန်နေ့က တက္ကသိုလ်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ကွန်ပျူတာတက္ကသိုလ်(ပင်လုံ) ဒုတိယပါမောက္ခချုပ် ဒေါက်တာမြင့်မြင့်ခိုင်က ယနေ့သည် ကွန်ပျူတာတက္ကသိုလ် (ပင်လုံ)တွင် ပထမနှစ်တက်ရောက်ကြမည့် မောင်မယ်သစ်လွင်ကျောင်းသား ကျောင်းသူများကို ကြိုဆိုပွဲပြုလုပ်သည့် အခမ်းအနားဖြစ်ကြောင်း၊ ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)မှ လှိုက်လှဲနွေးထွေးစွာကြိုဆိုပါကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ဒေါက်တာ အိအိသူ(ကထိက) က သင်ကြားပေးမည့် ဘာသာရပ်များအကြောင်း၊ ဌာနများအကြောင်း၊ ပေးအပ်သည့် ဘွဲ့အမျိုးအစားများနှင့်ပတ်သက်၍ ရှင်းလင်းမိတ်ဆက်ပြောကြားပြီး ပထမနှစ်တက်ရောက်ကြမည့် ကျောင်းသားကျောင်းသူများသည် တက္ကသိုလ်စာကြည့်တိုက်၊ ကွန်ပျူတာခန်းများကို လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃-၁၁-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၇၅ | ၂၁၂၀ | ၂၁၁၅ | ၂၀၈၀ | ၂၁၂၀ | ၂၁၄၀ | ၂၁၂၅ | ၂၁၀၅ | ၂၂၀၀ | ၂၂၁၅ | ၂၁၁၀ | ၂၁၂၀ | ၂၁၅၅ | ၂၁၅၅ | ၂၁၆၀ | ၂၃၇၅ | ၂၉၂၀ |
| 95 Ron | ၂၁၇၀ | ၂၂၂၀ | ၂၂၁၅ | ၂၁၈၀ | ၂၂၁၅ | ၂၂၄၀ | ၂၂၂၅ | ၂၂၀၅ | ၂၂၉၅ | ၂၃၁၀ | ၂၂၁၀ | ၂၂၂၅ | ၂၂၅၅ | ၂၂၅၅ | ၂၂၅၅ | ၂၄၇၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၄၈၀ | ၂၅၃၀ | ၂၅၂၅ | ၂၄၉၀ | ၂၅၂၅ | ၂၅၅၀ | ၂၅၄၅ | ၂၅၁၅ | ၂၆၃၀ | ၂၆၂၅ | ၂၅၂၀ | ၂၅၃၀ | ၂၅၆၅ | ၂၅၆၅ | ၂၅၆၅ | ၂၇၈၅ | ၃၆၄၀ |
| HSD (50 ppm) | ၂၅၆၀ | ၂၆၀၅ | ၂၆၀၀ | ၂၅၆၅ | ၂၆၀၅ | ၂၆၂၅ | ၂၆၂၀ | ၂၅၉၀ | ၂၇၀၅ | ၂၇၀၀ | ၂၅၉၅ | ၂၆၀၅ | ၂၆၄၀ | ၂၆၄၀ | ၂၆၄၅ | ၂၈၆၀ | ၃၆၇၀ |
| HSD (10 ppm) | ၂၅၆၀ | ၂၆၀၅ | ၂၆၀၀ | ၂၅၆၅ | ၂၆၀၅ | ၂၆၂၅ | ၂၆၂၀ | ၂၅၉၀ | ၂၇၀၅ | ၂၇၀၀ | ၂၅၉၅ | ၂၆၀၅ | ၂၆၄၀ | ၂၆၄၀ | ၂၆၄၅ | ၂၈၆၀ | ၃၆၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၇၄ | ၂၀၄၇ |
| 95 Ron | ၂၀၆၈ | ၂၁၄၃ |
| HSD (500 ppm) | ၂၃၇၀ | ၂၄၄၇ |
| HSD (50 ppm) | ၂၄၄၄ | ၂၅၂၂ |
| HSD (10 ppm) | ၂၄၄၄ | ၂၅၂၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၊ ၀၉-၆၉၉၆၁၁၁၁၆
၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ဓာတ်ခွဲနမူနာစုစုပေါင်း ၇၇၆၃ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၀ တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၂-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၁-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၂-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၇၆၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၀) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၃၉) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၆၀၄,၃၉၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၀၇၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၈၃) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၇,၄၉၅) ဦးရှိပြီ ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၇) ဦး ရှိပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၃၁) ရက်ဆက်တိုက် (၂) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။ သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါ ပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူ ယှဉ်တွဲပြီး(Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည် ဖြစ်သဖြင့်-

- အသက်(၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## နယ်စပ်ရေးရာဝန်ကြီးဌာနက ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဒေသအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း



**နေပြည်တော် နိုဝင်ဘာ ၂၂**

နယ်စပ်ရေးရာ ဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ဒေသအသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများနှင့် အခြားဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ် လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဒေသအတွင်း ကျိုင်းတုံမြို့နယ်၊ မိုင်းဆတ်မြို့နယ်၊ တာချီလိတ်မြို့နယ်နှင့် မိုင်းဖြတ်မြို့နယ်တို့အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်းထားပြီးဖြစ်ပြီး ယနေ့တွင်လည်း မက်မန်းမြို့နယ် ဥတ္တရာရုံကျောင်းတိုက်သို့ ရှမ်းပြည်နယ်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးခွဲ (ကျိုင်းတုံ) မှ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ထပ်မံလှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




## ဘွဲ့ကြို(ပထမနှစ်)မောင်မယ်သစ်လွင်များအား နွေးထွေးစွာ ကြိုဆို



**မုံရွာ နိုဝင်ဘာ ၂၂**

ကွန်ပျူတာတက္ကသိုလ်(မုံရွာ)တွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ဘွဲ့ကြို(ပထမနှစ်) မောင်မယ်သစ်လွင် ကျောင်းသား ကျောင်းသူများအား ကြိုဆိုပွဲအခမ်းအနားကို နိုဝင်ဘာ ၂၁ ရက် နံနက် ၉ နာရီမှ ၁၁ နာရီအထိ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ပါမောက္ခချုပ်၊ သင်ကြားရေးနှင့် စီမံခန့်ခွဲရေးဌာန အသီးသီးမှ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၂၁၀ တက်ရောက်ခဲ့ပြီး ပါမောက္ခချုပ်နှင့် ဌာနအသီးသီးမှ ဌာနမှူးများက ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားပေးခဲ့ပြီး သင်ကြားသင်ယူမှုများ ဆက်လက်ဆောင်ရွက်ခဲ့သည်။ **သတင်းစဉ်**

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၂၂**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများကို သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ “ဘယ်လိုဖျက်ဖျက် မပျက်တဲ့ တန်ဆောင်တိုင်” ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် “ ပေသောင်ရွာ လူသတ်မှု” ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည် ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်း ၀၉ -၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

■

## မန္တလေးဈေးကွက်အတွင်း တရုတ်စကားပွင့်ခြောက်များ ဈေးကွက်ဝင်ကာ ဈေးကောင်းရရှိ

**မန္တလေး နိုဝင်ဘာ ၂၂**

ယခုရက်ပိုင်း မန္တလေးဈေးကွက်အတွင်း၌ နယ်စုံဒေသမှထွက်ရှိဝင်ရောက်လာသည့် တရုတ်စကားပန်းပွင့်ခြောက်များ ဈေးကွက်ဝင်ကာ ဈေးကောင်းရရှိနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

တရုတ်စကားပန်းပွင့်များသည် ယခုနှစ်တွင် ဈေးကွက်ဝင်ပစ္စည်းဖြစ်ကာ တရုတ်စကားပန်းပွင့်ခြောက်တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ ဈေးထိရရှိနေပြီး ယင်းပန်းပွင့်ခြောက်များကို တရုတ်ဝယ်လက်များကလည်း ရသလောက်ဝယ်ယူ မှုများရှိနေကြောင်း သိရသည်။

“ တရုတ်စကားပင်ဟာ မြန်မာပြည်အနှံ့မှာ အလေ့ကျပေါက်ပင်နဲ့ စိုက်ပျိုးပင်ဆိုပြီး ပေါက်ရောက်နေတာတွေရှိပါတယ်။ အထင်ရှားဆုံး သိမြင်နိုင်တာက စစ်ကိုင်းတောင်ရိုးက ဘုရားတွေ၊ ချောင်တွေမှာ တစ်တောင်လုံးဖုံးလွှမ်းနေတာကို ရှေးယခင်ကတည်းက ကြည့်လို့မဆုံးနိုင်အောင်တစ်မျှော်တစ်ခေါ်တွေ့မြင်နိုင်ပါတယ်။ ခုလိုမျိုး ဈေးကွက်ဝင်လာ တာက စမ်းသပ်တင်ပို့ရင်းနဲ့ အခုနှစ်မှာ ပန်းပွင့်ခြောက်တွေကို ရသ လောက်ဝယ်ယူနေတာကြောင့်ဖြစ်ရပါတယ်။ ခုလိုမျိုး ဈေးကွက်ပေါ်ပေါက်လာတာကြောင့် လက်လုပ်လက်စားပြည်သူတွေအတွက် အပိုဝင်ငွေတွေ ရရှိနေပါတယ်။ မြို့သာစက်မှုဇုန်အနီးမှာလည်း ဧက ၁၀၀ လောက် စမ်းသပ်စိုက်ပျိုးပြီး အောင်မြင်ဖြစ်ထွန်းနေတာ တွေ့ရပါတယ်။ ခုလိုအလားအလာကောင်းတဲ့ အပင်တွေကို သုတေသနပြုလုပ်ပြီးတော့ စနစ်တကျဈေးကွက်ဝင်ဖြစ်အောင် ဖော်ဆောင်သင့်ပါတယ်” ဟု ၎င်းက ပြောသည်။

### ဈေးကွက်သို့အများဆုံးဝင်ရောက်

အဆိုပါတရုတ်စကားပင်များသည်ဒေသမရွေးပေါက်ရောက်လေ့ရှိပြီး အပွင့်သည်ရာသီမရွေးပွင့်လေ့ရှိသည့်အတွက် ဈေးကွက်သို့ အလွယ်တကူရောင်းချနိုင်ကြောင်း၊ ယင်းပန်းပွင့်ခြောက်များကို မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ဈေးကွက်သို့အများဆုံးဝင်ရောက်နေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ အောင်လင်း၏ အရိုင်းစံပယ် အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၂၁-၁၁-၂၀၂၂ ရက်မှအဆက်

'မ' သည် မျက်နှာထားတင်းတင်းဖြင့် မွန့်ကို ပြန်ကြည့်လိုက်သည်။

ကိုယ့်ထက်အကြီးလည်းဖြစ်၊ ကိုယ်တိုင်ကလည်း အထင်ကြီးသူဖြစ်၍ ပြောသမျှ ခေါင်းငုံ့ခံခဲ့သည်။ ယခုတော့ 'မ' သည် ခေါင်းငုံ့ခံ၍ မနေနိုင်တော့ပေ။

"အေးပေ့ါလေ လောကမှာ မွန်တို့ပြောသမျှ လုပ်သမျှ အကောင်းပဲဖြစ်ရမှာပေ့ါ။ ကျန်တဲ့လူ လုပ်တာတွေကျတော့ အဆိုးကြီးပဲပေ့ါ။ တစ်ခုတော့ ရှိတယ်မွန်၊ လူဆိုတာ ကိုယ့်ကိုယ်ကိုယ် ကောင်းစေချင်ကြတာချည်းပဲ။ သူများတွေထားတဲ့ စေတနာထက် ကိုယ့်ကိုယ်ကိုယ် ပိုပြီးထားကြတာပဲ။ မွန်တို့ဘဝအတွက် မွန်တို့ရွေးတဲ့လမ်းက မှန်ချင်မှန်ပေမယ့် 'မ' ဘဝအတွက် မှန်ချင်မှ မှန်မယ်။ မှန်တဲ့တိုင်အောင် 'မ' က လျှောက်ချင်မှ လျှောက်နိုင်မယ်"

ဒေါ်ခင်မျိုးသန့်သည်'မ'ပြောလိုက်သောစကားကို နားမလည်ဟန်ဖြင့် ဆင့်၍မေးလိုက်သည်။

"နေစမ်းပါဦး ... ဒါဖြင့် ညည်းက မှန်းထားပြီးသား ရှိနေလို့လား"

ထိုအမေးကို 'မ' က မဖြေနိုင်ခင် မော်က ဝင်၍ ဖြေလိုက်သည်။

"ရှိတယ် မာမီ ... ရှိတယ်၊ သမီးသိတယ်"

'မ' သည် မော့်ကို ဒေါသဖြင့်ကြည့်လိုက်ရင်း စကားဖြတ်လိုက်သည်။

"မင်း ဝင်ပြောစရာမလိုပါဘူး မော်၊ ငါကိုယ်တိုင် ပြောမှာပါ။ ဒါဟာ ဘာမှညာစရာမဟုတ်ပါဘူး။ ငါ ရည်းစားတစ်ယောက်ထားတာဟာ ကမ္ဘာမှာ ယောကျ်ားတကာနဲ့ တွဲတာထက်တော့ ရှက်စရာမရှိပါဘူး"

'မ'သည်မော့်ကိုပြောရာမှဒေါ်ခင်မျိုးသန့်ဘက်သို့ လှည့်၍ပြောလိုက်ပြန်သည်။

'မ' မျက်နှာသည် အရာရာကို ရဲရဲရင့်ရင့် ရင်ဆိုင်တော့မည်ကဲ့သို့ ပေါ်လွင်ပြတ်သားလျက်ရှိသည်။

"သမီးက မညာပါဘူးမေမေ။ သမီးမှာ ချစ်သူရှိတယ်။ သူကလွဲလို့ သမီး ဘယ်သူ့ကိုမှ ထပ်ပြီး ချစ်ဖို့ဆိုတာ မလွယ်ဘူး။ ဒါပေမဲ့ သမီးချစ်တဲ့သူကို မေမေတို့ ဘယ်နည်းနဲ့မှ သဘောတူမှာမဟုတ်ဘူး။ မတူတဲ့အကြောင်းကတော့ တခြားမဟုတ်ဘူး၊ သမီးချစ်သူမှာ မေမေတို့၊ မွန်တို့၊ မော်တို့ အထင်ကြီးလောက်တဲ့ ဘွဲ့ထူး၊ ဂုဏ်ထူး အဆောင်အယောင်တွေ မပါလို့ပဲ။ ဒါပေမဲ့ သူ့မှာ ဘွဲ့ထူး၊ ဂုဏ်ထူးမပါတာက လွဲလို့ ယောကျ်ားတစ်ယောက်မှာရှိအပ်တဲ့ အရည်အချင်း၊ ပညာ၊ အကျင့်စာရိတ္တ အားလုံးရှိတယ်ဆိုတာ ပြောရဲတယ်"

'မ' က ချစ်သူအတွက် ရှေ့နေကောင်းကြီးသဖွယ် လျှောက်လဲလိုက်သည်။

မော်သည် လှောင်ရယ်ကလေး ရယ်လိုက်သည်။

'မ' က အလျဉ်းဂရုမစိုက်။ သူ့စကားကိုသာ ဆက်၍ပြောချသည်။

"ဒီလူကို သိချင်သေးရင်လည်း ဘာမှဖုံးကွယ်နေစရာမလိုဘူး။ အခု ထုတ်ပြောလိုက်မယ်"

"ဘယ်သူလဲ ပြောစမ်း"

ဒေါ်ခင်မျိုးသန့်က မအောင့်နိုင်တော့ဘဲ ထိတ်ထိတ်လန့်လန့်ဖြင့် မေးလိုက်သည်။

မော်က ဒေါသသံဖြင့် ဖြတ်ဝင်၍ ဖြေလိုက်သည်။

"ဘယ်သူရှိဦးမလဲ၊ မာမီတို့ ခေါ်ပြီးထားတဲ့ စန္ဒရားဆရာပဲရှိတာပေ့ါ။ မော် မပြောချင်လို့နေတာ။ သူများကျ တယ်ပြီးပြောချင်တယ်"

ဒေါ်ခင်မျိုးသန့်သည် 'မ' ၏ပခုံးကို လှုပ်ယမ်း၍ ထပ်မေးလိုက်ပြန်သည်။

"ဟုတ်လားဟင်၊ မော်ပြောတဲ့အတိုင်း နင် ဒီကောင်နဲ့ဖြစ်နေသလား။ ငါ့ကို မလိမ်နဲ့နော်"

'မ'သည် ဒေါ်ခင်မျိုးသန့်ကို မျက်တောင်မခတ် စိုက်၍ကြည့်လိုက်သည်။

အမှန်အတိုင်းဝန်ခံရမည်ဆိုသောစိတ်က 'မ'ကို ရဲရင့်ပြတ်သားစေသည်။

ထို့ကြောင့်လည်း 'မ' သည် ဒေါ်ခင်မျိုးသန့်ကို မျက်တောင်မခတ် ကြည့်နေရင်း အမှန်အတိုင်း ဖြေချလိုက်သည်။

"ဟုတ်တယ်...မေမေ၊ သမီးလိမ်နေစရာမလိုပါဘူး။ သမီးချစ်တဲ့သူဟာ ဘီအေ၊ အမ်အေ ဟုတ်ချင်မှ ဟုတ်မယ်။ ပိုက်ဆံချမ်းသာချင်မှ ချမ်းသာမယ်။ မေမေတို့နှစ်သက်တဲ့ အဆောင် အယောင်တွေ ပါချင်မှပါမယ်။ ဒါပေမဲ့ ချစ်တာဟာ ချစ်တာပဲ။ အချစ်ကို အဆောင်အယောင်နဲ့တိုင်းထွာပြီးမှ သမီးမချစ်တတ်ဘူး။ သမီး ... ဆရာကိုဘခက်ကိုချစ်တယ် မေမေ"

ဒေါ်ခင်မျိုးသန့်သည် ရုတ်တရက် ဘာမျှမပြောနိုင်ဘဲ အံ့သြငေးမောနေမိသည်။ အတန်ကြာမှ ဒေါသအိုးသည် ပေါက်ကွဲထွက်လာသည်။

"ဩော် ... လက်စသတ်တော့ မွဲချင်တဲ့ခွေး ပြာပုံတိုးတာကိုး။ ခေါ်စမ်း သူ့အဖေကိုခေါ်စမ်း၊ ကိုကျော်ဒင် ... ကိုကျော်ဒင် ..."

ဒေါ်ခင်မျိုးသန့်၏အသံသည် တစ်အိမ်လုံးကို လွှမ်းမိုး၍သွားလေသည်။

မော်သည် အိမ်အပေါ်ထပ်သို့ အပြေးတက်သွားတော့သည်။

"သားရေပေါ်အိပ်...သားရေနားစား၊ မျက်နှာသာပေး ရွှေရေးပန်းကန်တက်၊ ဒီလိုလူယုတ်မာ မျက်နှာမျိုးကို ငါမကြည့်ချင်ဘူး"

'မ'သည် မျက်ရည်များလျှံနေသော မျက်လုံးများဖြင့် သူ့မေမေကိုသာ ကြည့်နေရှာသည်။

ဦးကျော်ဒင် ဆင်းလာသောအခါ ဒေါ်ခင်မျိုးသန့်သည် ဆီး၍ ရန်တွေ့လိုက်လေသည်။

"ဒီမှာ... ရှင့်သမီးကို စောင်းသင်ခိုင်းတာလား၊ ယောကျ်ားရှာခိုင်းတာလား...ဟင်။ စောစောစီးစီး သိပေလို့၊ သိများမသိရင် ဘယ်လိုစခန်းသွားနေကြမလဲ။ ရှင့်စောင်းဆရာကို အိမ်မှာမနေပါစေနဲ့။ ခုနှင်ထုတ်ပါ"

ဦးကျော်ဒင်သည် ဘာမျှမပြောဘဲ မလှုပ်မယှက်ရပ်နေသည်။ ဒေါ်ခင်မျိုးသန့်သည် ဦးကျော်ဒင်အား မကျေမနပ်ကြည့်နေသည်။ ထိုအတွင်းဝယ် မမျှော်လင့်သော အသံတစ်သံသည် ကိုဘခက်အခန်းဆီမှ ထွက်ပေါ်၍လာသည်။

"နှင်စရာမလိုပါဘူးဒေါ်ဒေါ်၊ ဒီအိမ်ကို ကျွန်တော်ရောက်လာစဉ်ကလည်း ဦးနဲ့အကြောင်းပြုပြီးမှ ရောက်လာတာပါ။ အလိုအလျောက်ရောက်ရတာ မဟုတ်ပါဘူး။ ခုလည်း ကျွန်တော်ကပဲ ဦးကို ခွင့်တောင်းပြီး ဆင်းမှာပါ။ ဒေါ်ဒေါ်နှင်စရာမလိုပါဘူး"

မော်က ကိုဘခက်ကို မဲ့ရွဲ့၍ကြည့်လိုက်ရင်း ခပ်တိုးတိုးပြောလိုက်သည်။

"ကြီးကျယ်လိုက်တာ၊ သူ့ကိုယ်သူ ဘာများမှတ်နေတယ် မသိဘူး"

ဒေါ်ခင်မျိုးသန့်သည် မျက်နှာတစ်ခုလုံး နီရဲနေသည်။ ကိုဘခက်ရှိရာသို့ တစ်လှမ်းနှစ်လှမ်းမျှ လျှောက်သွားပြီးမှ မာန်ပါပါ ခါးကိုထောက်လိုက်သည်။

"အေး...နှင်ချစရာမလိုရင် လေကုန်သက်သာတာပေ့ါကွယ်။ မင်းလို သားရေပေါ်အိပ်၊ သားရေနားစားတဲ့လူမျိုးရဲ့မျက်နှာကို မကြည့်ချင်ဘူး"

ကိုဘခက်သည် ဒေါ်ခင်မျိုးသန့်ကို အလျဉ်းဂရုမစိုက်။ ဦးကျော်ဒင်ကို ကြည့်နေလိုက်သည်။

ကျွန်တော် ဦးလေးကို အားနာပါတယ်။ ဒါပေမဲ့ ကိစ္စတစ်ခုဟာ တစ်ဖက်တည်းတွေးလို့မရပါဘူး။ နှစ်ဖက်ကြည့်တွေးတာဟာ တရားပါတယ်။ ဒီကိစ္စမှာ တစ်ဖက်ကတွေးရင် ကြီးမားတဲ့အပြစ်ကြီးတစ်ခုပါပဲ။ ဒါပေမဲ့ ကျန်တစ်ဖက်ကတွေးရင် ကြီးမားတဲ့ မေတ္တာစွမ်းအားကို မလွန်ဆန်နိုင်ပဲ ဖြစ်ကြရတာ။ ဘာပဲဖြစ်ဖြစ် ကျွန်တော့်ဘက်က အလွန်ပါပဲ။ ကျွန်တော် ဦးလေးကို တောင်းပန်ပါတယ်။ ဦးကျေးဇူးတွေဟာ ကျွန်တော့်အပေါ်မှာ မဖော်ပြနိုင်အောင် ကြီးမားပါတယ်။ ဒီကျေးဇူးတွေကို ကျွန်တော့်တစ်သက်နဲ့တစ်ကိုယ် ပြန်ဆပ်ဖို့ မမေ့ပါဘူး။ ကျွန်တော့်မှာ ဒီကိစ္စနဲ့ပတ်သက်ပြီး အပြစ်ကြီးတစ်ခုလိုဖြစ်ခဲ့ရင် ဦးညွှတ်ပြီး တောင်းပန်ပါတယ်။ အားလုံးရဲ့ဆန္ဒအရ ကျွန်တော် ခုပဲသွားပါရစေ။

ဦးကျော်ဒင်သည် ကိုဘခက်၏စကားကို နားထောင်ရင်း ငိုင်နေမိသည်။

ဒေါ်ခင်မျိုးသန့်က နောက်ဆုံးတစ်ချက်လွှတ်အမိန့်ကို ထုတ်ဖော်လိုက်သည်။

"အေး မင်း ဘာပဲပြောပြော ငါပြန်လာရင် မင်း ဒီအိမ်မှာမရှိပါစေနဲ့။ ရှိနေရင်တော့ မင်းကို ကြည့်နေမယ်မဟုတ်ပါဘူး"

ဒေါ်ခင်မျိုးသန့်သည် ပြောပြောဆိုဆို အပြင်သို့ ထွက်သွားတော့သည်။

ဦးကျော်ဒင်တွင် ပါးစောင်တွင်ခဲထားသော ဆေးတံကိုချွတ်ရင်း သက်ပြင်းကို မှုတ်ထုတ်လိုက်သည်။

"ဒီကိစ္စနဲ့ပတ်သက်ပြီး ငါ ဘာမှမပြောတော့ပါဘူး မောင်ဘခက်။ မင်းမှာ အစဉ်းစားဉာဏ်ရှိပါလိမ့်မယ်။ အားလုံးအတွက် အကောင်းဆုံးဖြစ်နိုင်မယ့်နည်းကို စဉ်းစားပြီး ဆုံးဖြတ်ပေတော့"

ဦးကျော်ဒင်သည် လှေကားရင်းတွင်ရပ်နေရာမှ အပေါ်ထပ်သို့ တစ်လှမ်းချင်း တက်သွားလေသည်။

မွန်နှင့် မော်တို့သည် ဦးကျော်ဒင်၏စကားကို အားမလိုအားမရ ဖြစ်မိသည်။

ဦးကျော်ဒင်သည် ကိုဘခက်အား နာနာကြည်းကြည်း ပြောဆိုနှင်ချမည်ဟု မျှော်လင့်ခဲ့သည်။

ယခုမူ ဦးကျော်ဒင်၏ စကားများသည် လူကြီးဆန်လွန်းသည်။ လိမ္မာပါးနပ်လွန်းသည်။

ထို့ကြောင့်လည်း မွန်နှင့် မော်မှာ မကျေနပ်နိုင်အောင် ရှိတော့သည်။ သို့မကျေနပ်သည့်တိုင်အောင် သူတို့ကိုယ်တိုင်ကား ရုတ်တရက် ဝင်၍မပြောရဲကြချေ။

ကိုဘခက်၏ တည်ကြည်ခန့်ညား စူးရှရဲတင်းသောအကြည့်များက သူတို့ကို ရွံ့စေသည်။ ကိုဘခက်သည် မွန်နှင့်မော့်ကို တစ်ချက်မျှကြည့်လိုက်သည်။

ပြီးမှ ... သူ့မျက်လုံးများက 'မ'ဆီသို့ ရောက်သွားသည်။ 'မ' သည် ကိုဘခက် ဆက်၍ပြောမည့် စကားကို စိုရိမ်တကြီး စောင့်စားနေဟန်ရှိသည်။

"ရှေးတုန်းက ကျွန်တော်တို့လို ပညာသည်တွေကို ရှင်ဘုရင်က ခေါ်ယူမြှောက်စားတတ်ကြသည်။ ဒါပေမဲ့ ဒီလိုပညာသည်တွေဟာ နန်းတွင်းသူတစ်ယောက်နဲ့ ဆက်သွယ်ရည်ငံမိရင် ရှင်ဘုရင်ရဲ့ အမျက်ထားခံရပြီး သတ်ရင်လည်း ခံရတယ်။ နန်းတွင်းက တခြားပြေးရင်လည်း ပြေးရတယ်။ ဒီအလေ့ဟာ ခုထိမပျောက်သေးဘူး။ အဲဒီလိုပါပဲ။ ကျွန်ပိုင်တွေက ကျွန်တွေကို ဈေးကောင်းကောင်းနဲ့ ရောင်းတဲ့စနစ်မျိုးဟာလည်း ခုထိရှိပါသေးတယ်။ 'မ' တို့ရဲ့အိမ်ကြီးဟာ နန်းတော်ကြီးတမျှ အဆောင်အယောင်တွေနဲ့ ပြည့်ဝပါလိမ့်မယ်။ ဒါပေမဲ့ အဲဒီလိုနေရာမျိုးမှာ အနုပညာသည်တွေဟာ ဖျော်ဖြေခစားရုံကလွဲလို့ တခြား ဘာမှမရှိဘူး။ ဒီလိုမှမဟုတ်ဘဲ သူတို့ ခြောက်ကပ်အက်ကွဲတဲ့ အသည်းနှလုံးနဲ့ တစ်စုံတစ်ယောက်ကိုများ မေတ္တာပွားမိရင် ဒီပညာသည်တွေဟာ ဒုက္ခလှလှကြီးတွေ့ရတာပဲ။ ဒါပေမဲ့ ဒီလိုနန်းတော်ကြီးတမျှ ခမ်းနားလှတဲ့ အိမ်ကြီးအတွင်းမှာရှိတဲ့ မိန်းမပျိုတွေဟာ တကယ်တမ်းကျတော့ ကျွန်တွေကို ဈေးကောင်းကောင်းနဲ့ရောင်းသလို အရောင်းခံနေကြရတာပါ။ နှလုံးသားမှာ တည်ရှိတဲ့ ချစ်မေတ္တာကိုသာ တန်ဖိုးထားရင် 'မ' တစ်ယောက်ဟာ အဲဒီလို အရောင်းမခံပါနဲ့ဆိုတာ ကျွန်တော် နောက်ဆုံးပြောခဲ့ပါတယ်"

ဆက်လက်ဖော်ပြပါမည်။

ဆရာအောင်လင်း၏ "အရိုင်းစံပယ်" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြ ခြင်းဖြစ်ပါသည်။ စာတည်း

'မ' မျက်နှာသည် အရာရာကို ရဲရဲရင့်ရင့် ရင်ဆိုင်တော့မည်ကဲ့သို့ ပေါ်လွင်ပြတ်သားလျက်ရှိသည်။

"သမီးက မညာပါဘူးမေမေ။ သမီးမှာ ချစ်သူရှိတယ်။ သူကလွဲလို့ သမီး ဘယ်သူ့ကိုမှ ထပ်ပြီးချစ်ဖို့ဆိုတာ မလွယ်ဘူး။ ဒါပေမဲ့ သမီးချစ်တဲ့သူကို မေမေတို့ ဘယ်နည်းနဲ့မှ သဘောတူမှာမဟုတ်ဘူး။ မတူတဲ့အကြောင်းကတော့ တခြားမဟုတ်ဘူး၊ သမီးချစ်သူမှာ မေမေတို့၊ မွန်တို့၊ မော်တို့ အထင်ကြီးလောက်တဲ့ ဘွဲ့ထူး၊ ဂုဏ်ထူး အဆောင်အယောင်တွေမပါလို့ပဲ။ ဒါပေမဲ့ သူ့မှာ ဘွဲ့ထူး၊ ဂုဏ်ထူးမပါတာကလွဲလို့ ယောကျ်ားတစ်ယောက်မှာရှိအပ်တဲ့ အရည်အချင်း၊ ပညာ၊ အကျင့်စာရိတ္တ အားလုံးရှိတယ်ဆိုတာ ပြောရဲတယ်"

## အနုပညာ

## ရုပ်သံဇာတ်လမ်းတွဲသစ်နဲ့အတူ ပြန်လာမယ့် လီယောင်အေး

တောင်ကိုရီးယားမင်းသမီး လီယောင်အေးဟာ ရုပ်သံဇာတ်လမ်းတွဲသစ်တစ်ခုမှာ ပါဝင်သရုပ်ဆောင်မှာဖြစ်ကြောင်း လတ်တလောမှာ အတည်ပြုခဲ့တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



နိုဝင်ဘာ ၂၂ ရက်မှာ လီယောင်အေးက ရုပ်သံဇာတ်လမ်းတွဲသစ် Maestra မှာ ပါဝင်သရုပ်ဆောင်မှာဖြစ်ကြောင်း ထုတ်ဖော်အသိပေးခဲ့တာပါ။ အဆိုပါဇာတ်လမ်းတွဲမှာ သူဟာ သံစုံတီးဝိုင်းတစ်ခုရဲ့ ခေါင်းဆောင်သူအဖြစ် တွေ့မြင်ရမှာလည်းဖြစ်ပါတယ်။ ပြင်သစ်အမည်နဲ့ရိုက်ကူးထားတဲ့ ရုပ်ရှင်ကို အခြေခံကာ ပြန်လည်ရိုက်ကူးမယ့် အဆိုပါဇာတ်လမ်းတွဲမှာ အမျိုးသမီးဂီတပညာရှင်တစ်ဦးရဲ့ ကြိုးစားရုန်းကန်ရပုံတွေကို ပုံဖော်မှာဖြစ်တယ်လို့လည်း သိရပါတယ်။

အဆိုပါ ဇာတ်လမ်းတွဲရုပ်ရှင်ဟာ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလနောက်ပိုင်း ပထမဆုံး ရိုက်ကူးမယ့် လီယောင်အေးရဲ့ ဇာတ်လမ်းတွဲလည်း ဖြစ်လာမှာပါ။

## အမေရိကန်တေးဂီတဆုပေးပွဲမှာ ထူးချွန်ဆုတွေဆွတ်ခူးနိုင်ခဲ့တဲ့ တေလာဆွစ်



အမေရိကန်ပေ့ါပ်ကြယ်ပွင့် တေလာဆွစ်ဟာ တေးအယ်လ်ဘမ်သစ်နဲ့အတူ အောင်မြင်မှုတွေ ထပ်ဆောင်းရယူနိုင်ခဲ့တာ တွေ့ရပါတယ်။ လတ်တလောကျင်းပခဲ့တဲ့ အမေရိကန် တေးဂီတဆုပေးပွဲမှာ သူဟာ အဓိကထူးချွန်ဆုတွေကို ဆွတ်ခူးနိုင်ခဲ့ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

နိုဝင်ဘာ ၂၀ ရက်ကပြုလုပ်ခဲ့တဲ့ အဆိုပါတေးဂီတဆုပေးပွဲမှာ တေလာဆွစ်ဟာ တစ်နှစ်တာအကောင်းဆုံး တေးသံရှင်ဆုအပါအဝင် ထူးချွန်ဆုခြောက်ဆု ဆွတ်ခူးနိုင်ခဲ့ပါတယ်။ တေလာဆွစ်ဟာ သူ့ရဲ့တေးအယ်လ်ဘမ်သစ်လေးခုကို ထုတ်လွှင့်ခဲ့ပြီး အဆိုပါတေးအယ်လ်ဘမ်တွေအတွက် ထူးချွန်ဆုတွေ ဆွတ်ခူးနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

အေးပြည့်

## နာမည်ကြီးအာဂျင်တီးနားအသင်း ဆော်ဒီအာရေဗျအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်

၂၀၂၂ ခုနှစ် ကာတာကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ အုပ်စု(C) အဖွင့်ပွဲစဉ်အဖြစ် နိုဝင်ဘာ ၂၂ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အာဂျင်တီးနားအသင်းနဲ့ ဆော်ဒီအာရေဗျအသင်းတို့ပွဲစဉ်မှာ အာဂျင်တီးနားအသင်းက ဆော်ဒီအာရေဗျအသင်းကို နှစ်ဂိုး–တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ အာဂျင်တီးနားအသင်းဟာ ပထမပိုင်းပွဲကစားချိန် ၁၀ မိနစ်မှာရရှိခဲ့တဲ့ ပင်နယ်တီကတစ်ဆင့် ဦးဆောင်ဂိုးစတင်ရရှိခဲ့ပြီး အဲဒီပင်နယ်တီသွင်းဂိုးကို တိုက်စစ်မှူးမက်ဆီက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ အာဂျင်တီးနားအသင်းဟာ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပြီးနောက်ပိုင်း သွင်းဂိုးတွေထပ်မံရရှိခဲ့ပေမယ့် လူကျွံပြစ်ဒဏ်ဘောတွေ ဖြစ်ခဲ့လို့ သွင်းဂိုးသုံးဂိုးအထိ နစ်နာခဲ့ရတာဖြစ်ပါတယ်။

အာဂျင်တီးနားအသင်းဟာ ပထမပိုင်းပွဲပြီးချိန်မှာ ဆော်ဒီအာရေဗျအသင်းကို တစ်ဂိုး–ဂိုးမရှိနဲ့ ဦးဆောင်နိုင်ခဲ့ပေမယ့် ဒုတိယပိုင်းပွဲကစားချိန် ၄၈ မိနစ်မှာ အယ်လ်ရှာရီက တစ်ဂိုးနဲ့ ၅၃ မိနစ်မှာ အယ်လ်ဒေါ်ဆာရီကတစ်ဂိုး အသီးသီး သွင်းယူပေးခဲ့လို့ ဆော်ဒီအာရေဗျအသင်းကို နှစ်ဂိုး–တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။

အာဂျင်တီးနားအသင်းဟာ ၂၀၂၁ ခုနှစ် ကိုပါအမေရိကဖလားရရှိခဲ့တဲ့ပွဲစဉ်အပါအဝင် နိုင်ငံတကာပွဲစဉ် ၃၆ ပွဲဆက်တိုက် ရှုံးပွဲမရှိ စံချိန်တင်ထားနိုင်ခဲ့ခြင်းနဲ့အတူ ယခုကာတာကမ္ဘာ့ဖလားပြိုင်ပွဲမှာလည်း ချန်ပီယံဖြစ်ဖို့ အလားအလာရှိတဲ့အသင်းအဖြစ် ရေပန်းစားနေတဲ့အသင်းလည်း ဖြစ်ပါတယ်။

အခုဆော်ဒီအာရေဗျအသင်းနဲ့ ပွဲစဉ်မှာလည်း အာဂျင်တီးနားအသင်းဟာ ကမ္ဘာ့ဖလားအုပ်စုအဆင့် အဖွင့်ပွဲစဉ်မှာ အနိုင်သုံးမှတ်အပြည့်ရရှိရေး ကစားသမားအစုံအလင်နဲ့ ပွဲထွက်လာခဲ့ပေမယ့် ဆော်ဒီအာရေဗျအသင်းရဲ့ စွမ်းဆောင်ရည်မြင့်မားတဲ့ခြေစွမ်းကို တန်ပြန်မတုံ့ပြန်နိုင်ခဲ့တာကြောင့် အဖွင့်ပွဲစဉ်မှာ ရှုံးပွဲကြုံခဲ့ရတာဖြစ်ပါတယ်။

ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ အုပ်စု(D)မှ ပွဲစဉ်တစ်ပွဲဖြစ်တဲ့ ဒိန်းမတ်အသင်းနဲ့ တူနီးရှားအသင်းတို့ပွဲစဉ်မှာတော့ ဂိုးမရှိ သရေရလဒ် ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။

ငွေကြယ်

## မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (၁၁) ကြိမ်မြောက်နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေး ဖိတ်ကြားလွှာ

မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၏ (၁၁)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ တက်ရောက်ချီးမြှင့်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်–

| | |
|---|---|
| ကျင်းပမည့်ရက် | – ၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက် |
| ကျင်းပမည့်အချိန် | – နံနက်(၁၀:၀၀)နာရီ<br>(၉:၄၅)နာရီတွင် ကြိုတင်ဝင်ရောက်ပေးပါရန် |
| ကျင်းပမည့်ပုံစံ | – Virtual Meeting |

အလုပ်အမှုဆောင်အဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းတို့ကို အသင်းသားများထံသို့ အီးမေးလ်၊ Viber တို့ဖြင့် ပေးပို့သွားမည်ဖြစ်ပါသည်။

အသင်းသားများအနေဖြင့် ပါဝင်တက်ရောက်နိုင်ပါရန်နှင့် ဆွေးနွေးအကြံပြုလိုသည်များရှိပါက အကြံပြုချက်များကို အသင်းရုံးသို့ (၁၂–၁၂–၂၀၂၂)ရက် နောက်ဆုံးထား ပေးပို့နိုင်ပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

အသင်း၏ (၁၁)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသား စုံညီအစည်းအဝေးကို အသင်းသားများ အဆင်ပြေချောမွေ့စွာ ပါဝင်တက်ရောက်နိုင်ရန်အတွက် အီးမေးလ် mfpea.office@gmail.com, ဖုန်းနံပါတ် ၀၁–၂၃၀၀၃၇၆၊ ၀၉–၂၆၃၂၁၃၂၇၀၊ ၀၉–၈၈၇၈၀၅၉၀၀ တို့တွင် ကြိုတင်စာရင်းပေးသွင်းနိုင်ပြီး စာရင်းပေးသွင်းသူများထံသို့ Meeting Link, Meeting ID, Meeting Passcode များ ပေးပို့ပေးသွားမည်ဖြစ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

**ဆက်သွယ်ရန် ဖုန်း–၀၁–၂၃၀၀၃၇၆၊ ၀၉–၈၈၇၈၀၅၉၀၀၊ ၀၉–၂၆၃၂၁၃၂၇၀**

**E–mail:mfpea.office@gmail.com**

### မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ဝိဇ္ဇာလမ်း၊ မြေကွက်အမှတ်–၇၄၀၊ အကျယ်ပေ(၄၀x၁၀၀)ရှိ မြေပိုင်မြေနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်အား အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူ၍ လက်ဝယ်ထားရှိ ပိုင်ဆိုင်သူ ဒေါ်ဥမ္မာရွှေ[၁၂/မရက(နိုင်)၁၁၄၅၄၀]ကိုင်ဆောင်သူထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါ မြေကွက်၏ပိုင်ရေးဆိုင်ခွင့်နှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူ မည်သူမဆို ယနေ့မှစ၍ (၇) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလွင် (LL.B.,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၇၆၅၂)**
**အမှတ်–၁၁၂၊ ဗိုလ်ချုပ်လမ်း၊ (၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**
**ဖုန်း–၀၉–၅၁၈၉၆၈၉**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၇) ရပ်ကွက်၊ ရွှေဘုံသာ(အလယ်) လမ်း၊ တိုက်အမှတ် (၂၃၄)၊ အခန်းအမှတ်-၄၊ ပထမထပ်(ဝဲဘက်ခြမ်း)၊ အကျယ်အဝန်းအားဖြင့် (၁၂' × ၆၀') ခန့်ရှိ တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းတွင် တပ်ဆင်အသုံးပြုထားသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ဝယ်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်အေးမြှိုင် (၁၂/ဒဂန (နိုင်) ၀၂၇၆၉၇) ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်သန္တာမြင့် (၁၂/ကတတ (နိုင်) ၀၃၁၈၄၅) က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဇာဇာဖြူ (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၅၆၂)
အမှတ်- ၂၇/၂၉၊ တတိယထပ်၊
၃၅ လမ်း (အောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၄၂၅၂၆၈၄၁၃

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် – ကြီးပွားရေး (မြောက်) မြေကွက်အမှတ် ၁၇၈/က၊ မြေကွက်တည်နေရာအမှတ် (၁၇၈/က)၊ ကျန်စစ်သားလမ်း၊ ကြီးပွားရေးမြောက်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် (ဦးအောင်ငွေး A/RGN –၀၁၂၀၀၁) အမည်ပေါက် နှစ် (၆၀)ဂရန် မြေအား အမည်ပေါက် ဦးအောင်ငွေး (ခင်ပွန်း) သည် (၁–၈–၂၀၂၁)ရက်နေ့တွင် ကွယ်လွန်သဖြင့် ဒေါ်စန်းမြင့်ဦး [၁၂/လမန(နိုင်)၀၆၁၅၉၉]မှ တရားဝင် အမွေဆက်ခံခွင့်ရှိသည့် ဇနီးတော်စပ်ကြောင်း၊ ၎င်းမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း ကျမ်းကျိန်လွှာ အမှတ် (၁၀၆၃/၂၆–၄–၂၀၂၂) သေစာရင်း၊ အိမ်ထောင်စု လူဦးရေစာရင်း၊ ဂရန်မူရင်းတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြ မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အရှေ့ရွှေဂုံတိုင်ရပ်ကွက်၊ အရှေ့ရွှေဂုံတိုင်လမ်း၊ အောင်ချမ်းသာအိမ်ရာ၊ တိုက်အမှတ်(စီ)၊ အခန်းအမှတ် (၅၀၃)အား အမည်ပေါက် ဒေါ်သန်းသန်းအေး(ခ) မသောက်ကြာ [၁/ဗမန(နိုင်)၀၀၁၉၃၁]ထံမှ အီမွီ(ခ)ဒေါ်ခင်မြင့်ရီ [၉/မကန(နိုင်)၀၇၀၀၈၉]က ဝယ်ယူပြီး ဖြစ်ပါသဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ်ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်၊ ၀၆၇–၃၄၀၇၅၄၇**

### သမီးအဖြစ်မှ အပြီးအပိုင်အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သန်းသန်းနွဲ့ [၁၂/ဗဟန(နိုင်)၀၂၀၅၅၄]အမှတ်–၈၉၄၊ ကနောင်လမ်း၊ (၃၅)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်တွင်နေထိုင်သူ၏သမီးဖြစ်သူ မဆွေဆွေမြင့် [၁၂/ဗဟန(နိုင်)၀၀၂၃၁၃]ကိုင်ဆောင်သူသည် မိခင်ဖြစ်သူ ဒေါ်သန်းသန်းနွဲ့အား စိတ်ဆင်းရဲအောင်အမျိုးမျိုးပြုလုပ်ပါသဖြင့် ယနေ့ကြော်ငြာပါသည့်နေ့မှစ၍ သမီးအဖြစ်မှ အပြီး အပိုင်အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ သို့ဖြစ်ပါ၍ ကြော်ငြာပါသည့်နေ့မှစ၍ ၎င်းနှင့်ပတ်သက်သည့်မည်သည့် အကြောင်းအရာ အရှုပ်အရှင်းမှန်သမျှတို့သည် ဒေါ်သန်းသန်းနွဲ့နှင့်မပတ်သက်၊ မသက်ဆိုင်တော့ပါသဖြင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝတို့ကို တာဝန်ယူ ဖြေရှင်းပေးတော့မည်မဟုတ်ကြောင်း၊ ၎င်းနှင့်ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန်းသန်းနွဲ့တို့သည် ဘာမှ မပတ်သက်တော့ကြောင်း အများသိစေရန် အသိပေး ကြော်ငြာအပ်ပါသည်။

**ဒေါ်သန်းသန်းနွဲ့၏လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်ညိုညိုစိုး(LL.B, DBL)** | **ဒေါ်သက်စုဝင်း(LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်–၃၃၈၆၀)** | **အထက်တန်းရှေ့နေ(စဉ်–၄၅၇၃၁)** |
| **ဖုန်း–၀၉–၇၇၃၂၆၁၆၄၇** | **ဖုန်း–၀၉–၉၆၃၈၂၂၃၁၂** |

### ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၄ ရပ်ကွက်၊ ၁၀လမ်း၊ အမှတ်–၅၁ (၇လွှာ)၊ ယာဘက်(ဘီ) ဟုခေါ်တွင်သော အကျယ်အဝန်း (၁၂ ၁'/၂ x၅၀')ရှိ တိုက်ခန်းနှင့် ပတ်သက်၍ အရောင်းအဝယ်ကို ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

၁။ အထက်ရည်ညွှန်းလိပ်စာဖော်ပြပါ တိုက်ခန်းကို အပိုင်ရောင်းချသူ ဒေါ်တင်တင်မြင့် [၁၂/ဒဂန(ပြု)၀၀၀၁၇၂]က တရားဝင် ရောင်းချလွှဲပြောင်းခွင့်ရှိကြောင်း ကိုယ်တိုင်ဝန်ခံကတိပြု၍ ရောင်းချမည်ဟု ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဦးမြင့်ငွေး[၈/ကမန(နိုင်)၀၈၂၈၅၆]က ဝယ်ယူရန် သဘောတူညီပြီး တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

၂။ ထိုတိုက်ခန်းရောင်းချလွှဲပြောင်းခြင်းကို မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ကြော်ငြာထည့်သွင်းပါရှိသည့်ရက်မှစ၍ (၇)ရက်အတွင်း ဖုန်းဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမျိုးချစ် (LL.B) စဉ်–၁၅၈၄၅**
**တရားလွှတ်တော်ရှေ့နေ**
**ရွှေစံမြတ် Law Firm General Service**
**အမှတ်–၃၁(မြေညီထပ်)၊ ၉ လမ်း၊ ၄ ရပ်ကွက်၊ လမ်းမတော်။ ဖုန်း–၀၉–၇၇၂၆၅၂၄၁၄**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သီတာလမ်း၊ အမှတ်(၇၀)ဟုခေါ်တွင်သော (၇–ထပ်)တိုက်၏ (ပထမထပ်/ခေါင်းရင်းခန်း)၊ (မျက်နှာမူလျှင် လက်ဝဲဘက်)၊ အကျယ်အဝန်း ပေ(အလျား၁၅x အနံ ၆၀)အကျယ်ရှိ တိုက်ခန်းနှင့် ယင်းတိုက်တွင် တပ်ဆင်ထားသော ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ထားရှိ ပိုင်ဆိုင်သူ ဦးမောင်ခင်ညွန့် [၁၁/ရသတ(နိုင်)၀၅၇၃၀၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဇင်မာမင်း (LL.B, D.B.L, D.I.L)၊**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၆၅၁)**
**အမှတ်(၁၁၇)၊ အောင်မင်္ဂလာပတ်လမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်။ ဖုန်း–၀၉–၄၂၀၀၃၁၃၅၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၉၊ မြေကွက်အမှတ်-၂၄/ဈ-၁၊ (၀.၂၉၅)ဧက၊ မြေကွက်တည်နေရာအမှတ်-၃၂(ဂျေ)၊ ဖမိုင်ခွဲ၊ ပြည်လမ်း၊ ဒေါ်မိုင်မွန်နာဘီဘီ(စီစီ-၀၀၃၂၂၃)၊ ဦးအက်ဘာလ်(ခ) အီဘရာဟင်[၁၂/ဗတထ(နိုင်)၀၂၃၅၃၇၊ မိုဟာမက်ဖာရွတ်[၁၂/ပဘတ(နိုင်)၀၀၇၆၂၂]၊ ဦးဆာလေမူဆာအီးမဒါး[၁၂/ပဘတ(နိုင်)၀၁၀၄၆၅]၊ ဦးအဗ္ဗဒူရာမန်[၁၂/ပဘတ(နိုင်)၀၁၀၃၁၀] အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက်တစ်ဦးဖြစ်ပြီး မိခင်ဖြစ်သူ ဒေါ်မိုင်မွန်နာဘီဘီသည် (၂၁-၂-၂၀၁၈)ရက်နေ့တွင်လည်းကောင်း၊ ဖခင်ဖြစ်သူ ဦးအမ်အီဘရာဟင်မဒါးသည် (၁၈-၁၁-၂၀၁၅)ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် (သားများဖြစ်ပြီး) အမည်ပေါက်များဖြစ်ကြသော ဦးအက်ဘာလ်(ခ) အီဘရာဟင်၊ မိုဟာမက်ဖာရွတ်၊ ဦးဆာလေမူဆာအီးမဒါး၊ ဦးအဗ္ဗဒူရာမန်တို့နှင့် သမီးတစ်ဦးဖြစ်သူ ဒေါ်ကောဆာရ်[၁၂/ပဘတ(နိုင်)၀၀၇၇၅၇] တို့က မိမိတို့(၅)ဦးသာ အမွေစား၊ အမွေခံသားသမီးများဖြစ်ကြောင်း၊ အခြားမွေးချင်းမရှိသည်မှာမှန်ကန်ကြောင်း၊ (၁၇-၈-၂၀၂၂)ရက်စွဲဖြင့် ကတိသစ္စာပြုလွှာ(၁)စောင်၊ ထောက်ခံကတိသစ္စာပြုလွှာ(၂)စောင်၊ ဒေါ်မိုင်မွန်နာဘီဘီ၏ သေစာရင်းနှင့် ဦးအမ်အီဘရာဟင်မဒါး၏သေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အမည်ပေါက်စာချုပ်တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## အမွေဆက်ခံရန်သက်သေခံလက်မှတ်လျှောက်ထားကြောင်း အကြောင်းကြားစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၇၃)
## ကမာရွတ်ခရိုင်တရားရုံးတော်၌
## ၂၀၂၂ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၃၅
## (ကွယ်လွန်သူ ဦးစိုးသိန်း၌ ကျန်ရစ်သော ပစ္စည်းများအကြောင်း)

ဒေါ်အေးအေးသန်း လျှောက်ထားသူ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ အေးရိပ်သာ(၁)လမ်း၊ အမှတ်-၅၂ နေ ဒေါ်အေးအေးသန်းက ကွယ်လွန်သူ ဦးစိုးသိန်း၏ဇနီးဖြစ်သည်ဟူ၍ အထက်ပါလိပ်စာနေ ကွယ်လွန်သူ ဦးစိုးသိန်း ကျန်ရစ်သောပစ္စည်းများထဲမှရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံခြင်းအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံးသို့ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူဦးစိုးသိန်းကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်၊ (၁၃၈၄ ခုနှစ်၊ နတ်တော်လပြည့်)နေ့တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဒေါ်အေးအေးသန်း၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်စာရသင့် မရသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ လ ၂၁ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်မျိုးညွန့်)**
**တွဲဖက်ခရိုင်တရားသူကြီး**
**ကမာရွတ်ခရိုင်တရားရုံး**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၆) ရပ်ကွက်၊ ဇေယျာခေမာလမ်း၊ အမှတ် (၅၀၀) နှင့် အမှတ် (၅၀၁) မြေကွက် ထဲမှ အမှတ်-၅၀၀ ဟုခေါ်တွင်သော ၂၄ × $\frac{၂၆}{၅၄}$ ပေရှိမြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ (၂) ထပ်တိုက်အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို (၁-၂-၂၀၁၆) ရက်စွဲပါ အမွေပစ္စည်းအား ခွဲဝေရယူခြင်းဆိုင်ရာ စာချုပ်အရ ဒေါ်ချိုချိုအောင် (၁၂/မရက (နိုင်) ၀၃၀၈၁၁)၊ ဦးကျော်ကျော်နိုင် (၁၂/မရက (နိုင်) ၀၅၅၆၀၁)၊ ဒေါ်ရီရီအောင် (၁၂/မရက (နိုင်) ၀၅၆၀၉၇) တို့က မိမိတို့ (၃) ဦးသာလျှင် လက်ရောက်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း စာချုပ်စာတမ်းပြသ၍ အဆိုပြုချက်အပေါ် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ဤသတင်းစာကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်လဲ့လဲ့ဝင်း **(LL.B)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၄၇၁၄)
အမှတ်-၉၉၊ အောင်သုခ (၁) လမ်း၊ (၆) ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉၂၆၄၁၀၄၁၅၀

---

# သစ်
# တော
# နဲ့
# သစ်
# ပင်
# ချစ်
# ခင်
# တဲ့
# လူ
# မျိုး
# သစ်
# ပင်
# ကို
# နှစ်
# စဉ်
# စိုက်
# ရွှေ
# တိုက်
# ကို
# စိုး

---

## ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ၁၁-ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ် (၁၅၊ ၁၅/က) ပေါ်တွင် ဆောက်လုပ်ထားသော Royal Maung Bamar Condo, Tower (A) ၊ စတုတ္ထထပ်၊ အခန်းအမှတ် (4-G) အကျယ် (၁၆၆၅ စ/ပေ)ရှိ ကွန်ဒိုတိုက်ခန်း အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ ကွန်ဒိုတိုက်ခန်းအကျိုးခံစားခွင့်အရပ်ရပ်တို့အား အရပ်ကတိအရောင်းအဝယ်စာချုပ်အရ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်ဝင်းဝင်းနု [၉/အမဇ (နိုင်) ၀၁၂၈၀၉] က မိမိတစ်ဦးတည်း ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဟိန်းစိုး ဦးသန်းဦး**
**အထက်တန်းရှေ့နေ (စဉ်-၄၈၉၃၃) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၈၇၅)**
**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀)
## လသာမြို့နယ်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂

ဦးအောင်မိုး (ခ) လျောင်ကျင်ဝှက် နှင့် ဒေါ်ချောစုယဉ် (ခ) ဝေါင်ငုတ်ဝါ
**တရားလို** **တရားပြိုင်**

အထက်ပါအမှုမှ တရားပြိုင် ဒေါ်ချောစုယဉ် (ခ) ဝေါင်ငုတ်ဝါ၊ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ် (၁၉၄)၊ ပထမထပ် (ယာ) နေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးအောင်မိုး (ခ) လျောင်ကျင်ဝှက်က လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုလျက်ရှိရာ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၂၃) ရက် နံနက် (၁၀) နာရီတွင် တရားလို စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ (၂၁)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဆုဒါလီဝင်း)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**လသာမြို့နယ်တရားရုံး**

---

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးမြို့၊ ရှင်စောပုရပ်ကွက်၊ အမှတ်(၈၅၈)၊ ဆိုရှယ်လစ်(၂)လမ်းနေ ဦးနေဝင်း - ဒေါ်ကြည်ကြည်ဝင်းတို့၏သား မောင်ဝေဟင်နေဝင်း(ခ) ဝေလင်းဖြိုး [၇/ပခန(နိုင်) ၂၃၅၄၅၉] သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(ဖခင်) ဦးနေဝင်း- (မိခင်) ဒေါ်ကြည်ကြည်ဝင်း**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၂)ရပ်ကွက်၊ ၆-လမ်း၊ တိုက်အမှတ် (၄၀)၊ ပထမထပ် တိုက်ခန်းအား ဆက်စပ်စာချုပ်များဖြင့် တရားဝင်ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်စန်းစန်းဝေ (၁၄/ပသရ (ဧည့်) ၀၀၀၀၂၂) ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသည့် မခင်မာထွေး (ခ) မြင့်မြင့်စန်း (၁၄/ပသရ (နိုင်) ၀၀၀၁၀၈)နှင့် မသင်းသင်းကြူ (၁၄/ပသရ (ဧည့်) ၀၀၀၀၂၃)တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်တိုက်ခန်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှ ( ၇ )ရက်အတွင်း ခိုင်မာသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ - ဦးဝင်းထိုက် (LL.B)**
တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၀၄၈၉/၁၅)
ဖုန်း - ၀၉ ၄၄၄၄၃၅၁၂၂

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ကရင်ခြံရပ်ကွက်၊ Orchid Condo ၊ အလုံလမ်း၊ အမှတ်-၂၃၂၊ ၁၂-လွှာ၊ အခန်းအမှတ်-၁၂၄၊ အကျယ် (၂၀၅၀) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းအကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးစိုးလင်း [၁၂/ပဘတ(နိုင်)၀၀၉၀၈၅] အမည်ပေါက်လျက်ရှိပြီး ဦးစိုးလင်းနှင့်ဇနီးဖြစ်သူ ဒေါ်မြင့်မြင့်အေးတို့ ကွယ်လွန်သဖြင့် ၎င်းတို့၏တရားဝင်အမွေဆက်ခံပိုင်ခွင့်ရှိသူ သားသမီးများဖြစ်ကြသော ဦးရဲလင်းအောင် [၁၂/ပဘတ(နိုင်)၀၀၂၇၇၇] နှင့် ဒေါ်မေဇင်ခိုင် [၁၂/ပဘတ(နိုင်)၀၁၇၇၅၅] တို့မှ အမွေဆက်ခံပိုင်ဆိုင်ခဲ့ကြပြီး (၁၅-၁၁-၂၀၂၂) ရက်စွဲပါ "မေတ္တာဖြင့် အပိုင်ပေးအပ်ခြင်းစာချုပ်" အရ ဒေါ်မေဇင်ခိုင် [၁၂/ပဘတ (နိုင်) ၀၁၇၇၅၅] က လက်ဝယ်ထားရှိပိုင်ဆိုင်၍ စီမံခန့်ခွဲလျက်ရှိပါသည်။ အဆိုပါ တိုက်ခန်းအား ဒေါ်မေဇင်ခိုင် [၁၂/ပဘတ(နိုင်)၀၁၇၇၅၅] အမည်သို့ ပြောင်းလဲမည်ဖြစ်သည့်အတွက် ကန့်ကွက်မည့်သူရှိပါက ကျွန်ုပ်တို့ထံသို့ (၁)လအတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အမည်ပြောင်း ဆောင်ရွက်ခြင်းအား ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဟိန်းစိုး ဦးသန်းဦး**
**အထက်တန်းရှေ့နေ (စဉ်-၄၈၉၃၃) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၈၇၅)**
**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

---

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ အာသာဝတီလမ်း၊ တိုက်အမှတ် (၂)၊ (၄-လွှာ)ယာတွင် နေထိုင်သူ ဒေါ်ခင်သီတာဦး [၁၂/သဃက (နိုင်) ၂၁၀၁၀၂] (ဘ) ဦးတင်ဦးမှ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်မ ဒေါ်ခင်သီတာဦး [၁၂/သဃက(နိုင်) ၂၁၀၁၀၂] သည် ဦးတင်ဦး [၁၂/မရက(နိုင်)၁၈၂၈၂၅] (ဘ) ဦးရွှေသိန်းနှင့် ၂၀၁၇ခုနှစ်က အစ္စလာမ်ဘာသာဓလေ့ထုံးတမ်းအရ နိကာရ်ပြုလက်ထပ်ပေါင်းသင်းနေထိုင်လာခဲ့ရာ သားတစ်ဦးထွန်းကားခဲ့ပါသည်။ ဦးတင်ဦးသည် ကျွန်မတို့ မိသားစုအပေါ် စိတ်ဆင်းရဲအောင်အမျိုးမျိုးလုပ်ဆောင်ပြီး မိသားစုဂုဏ်သိက္ခာကျဆင်းစေရန် ပြုလုပ်လာသည့်အပြင် ဦးတင်ဦးသည် (၆-၁၁-၂၀၂၂)ရက်တွင် နေအိမ်မှ ထွက်သွားခဲ့ပြီး မိသားစုအပေါ် ယနေ့တိုင် အဆက်အသွယ်ပြုလုပ်ခြင်းမရှိခဲ့ပါ။ ကျွန်မအနေဖြင့် ဦးတင်ဦးနှင့် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့သည့်အတွက် ဦးတင်ဦးနှင့် ပတ်သက်သည့် ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်သီတာဦး**
**[၁၂/သဃက(နိုင်) ၂၁၀၁၀၂]**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၂၉ စီ၁၊ မြေကွက်အမှတ် - ၅၀၊ မြေအကျယ်အဝန်း (၀.၀၂၉)ဧကရှိ နှစ်(၆၀)ဂရန်အမျိုးအစား မြေကွက်သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်မြင့်မြင့်မော်[၁၂/လမတ(နိုင်)၀၂၀၅၅၈]အမည်ဖြင့် မှတ်သားတည်ရှိပြီး ယင်းမြေကွက်ပေါ်တွင် တည်ဆောက်ထားသည့် အမှတ်- (၂၄)၊ မဟာဗောဓိလမ်း၊ မြေနီကုန်းတောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်ဟုခေါ်တွင်သည့် (၈)ထပ်ခွဲတိုက်အဆောက်အဦတွင် ဖွင့်လှစ်တည်ထောင်ထားသော Hotel La Maison Company Limited ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာသည်မှာ-

ဖော်ပြပါ Hotel La Maison Company Limited ကို ကုမ္ပဏီမှတ်ပုံတင်အမှတ် - 117861511 ဖြင့် ဖွဲ့စည်းတည်ထောင်ထားပြီး အထက်ပါလိပ်စာတွင် MILANOA MOTEL အမည်ဖြင့် တည်းခိုရိပ်သာ လုပ်ငန်းလိုင်စင် ရယူခဲ့ပြီး လုပ်ငန်းလုပ်ကိုင်ခဲ့ရာမှ ယခုအခါ ယင်းတည်းခိုရိပ်သာလုပ်ငန်းလိုင်စင်ကို ဒေါ်မြင့်မြင့်မော်[၁၂/လမတ(နိုင်)၀၂၀၅၅၈]၏ အမည်ဖြင့် ပြောင်းလဲလျှောက်ထားဆောင်ရွက်မည် ဖြစ်ပါသောကြောင့် ယင်းကိစ္စရပ်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ ဥပဒေနှင့်အညီ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူမရှိပါက တည်းခိုရိပ်သာလုပ်ငန်းလိုင်စင်အမည်ပြောင်းလဲခြင်းကို ဆက်လက်ဆောင်ရွက်လိမ့်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ**
**ဒေါ်သဲသီမ့်သီမ့်ထွေး(LL.B, D.BL)**
**အထက်တန်းရှေ့နေ(စဉ်-၄၈၂၃၀)**
**YE THAW & PARTNERS LAW FIRM LIMITED**
**တိုက်အမှတ်(A-2)၊ အခန်းအမှတ်(၃၀၂)၊ ရတနာအိမ်ရာ၊ ရတနာလမ်း၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 09-253025069, 09-964555099**
**yethaw1979@gmail.com, lawyerthaintthaint@gmail.com**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## မိတ္ထီလာခရိုင် တရားရုံးတော်၌
## ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၈

ဦးစိုးမင်းထွန်း ---------------- ဦးကျော်စွာဝင်း
(၎င်း၏ အခွင့်ရကိုယ်စားလှယ်
ဒေါ်ခင်စုစုဝင်း) နှင့်
**တရားလို** -------------- **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့၊ သာယာကုန်းရပ်၊ နန်းတော်ကုန်းနယ်မြေနေ ဦးကျော်စွာဝင်း (ဘ) ဦးမြအောင် [၉/မထလ(နိုင်) ၂၀၇၀၇၄] (ယခုလိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ ဦးစိုးမင်းထွန်းက "နှစ်ဦးသဘောတူ အိမ်ဝိုင်းအရောင်းအဝယ်ကတိစာချုပ်ပါ အိမ်နှင့်ဝိုင်းမြေအား လက်ရောက် ပေးအပ်စေလိုမှု (သို့မဟုတ်) နှစ်ဦးသဘောတူ အိမ်နှင့်ဝိုင်းခြံမြေ အရောင်းအဝယ်ကတိစာချုပ်ပါ တန်ဖိုးငွေကျပ်သိန်း (၁၈၀) အား ပြန်ပေးစေလိုမှု" လျှောက်ထားစွဲဆိုထားသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလ (၉)ရက်၊ (၁၃၈၄ခုနှစ်၊ နတ်တော်လဆုတ် ၂ ရက်နေ့) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ပါတရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင်၏မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ်၊ နိုဝင်ဘာလ (၁၈)ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ဝင်းနိုင်)**
**ခရိုင်တရားသူကြီး**
**မိတ္ထီလာခရိုင်တရားရုံး**

---

## BB/4972 (BGO), Nissan AD VFY11 (2006)၏ ယာဉ်မှတ်ပုံတင်စာအုပ်နှင့် ယာဉ်ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများ လွှဲပြောင်းပေးခြင်းကိစ္စ

ဦးအောင်ဇော်ဦး (ဘ) ဦးကျော်သန်း [၆/မမန(နိုင်)၁၁၅၆၃၈] ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ ဇလွန်လမ်း၊ အမှတ် (၂၉) နေသူသည် ရွှေသော့ကုမ္ပဏီလီမိတက်မှ ရောင်းချသော BB/4972 (BGO), Nissan AD VFY11 (2006), Chassis No. VFY11-715435 အဖြူရောင် မော်တော်ယာဉ်အား Best Merchant Finance Co.,Ltd (ငွေရေးကြေးရေးကုမ္ပဏီ)တွင် အငှားဝယ်စနစ် (Hire Purchase)ဖြင့် ဝယ်ယူရန်လျှောက်ထားသဖြင့်(၂၅-၉-၂၀၁၉)ရက်နေ့တွင် Best Merchant Finance Co.,Ltd (ငွေရေးကြေးရေးကုမ္ပဏီ)မှဝယ်ယူပြီး ၎င်းအား အငှားချထားပေးခဲ့ပါသည်။ ဦးအောင်ဇော်ဦး သည် Best Merchant Finance Co.,Ltd (ငွေရေးကြေးရေးကုမ္ပဏီ)သို့ အရစ်ကျငွေများ ပေးသွင်းရန် (၁၁)လ ဆက်တိုက်ပျက်ကွက်လျက်ရှိပြီး ၎င်း၏ဆက်သွယ်ရန် နေရပ်လိပ်စာတွင်လည်း နေထိုင်ခြင်းမရှိတော့ပါ။ ပျက်ကွက်လများအတွက် Best Merchant Finance Co.,Ltd (ငွေရေးကြေးရေးကုမ္ပဏီ) မှ (၁၁-၆-၂၀၂၁) ရက်နေ့တွင် ကုမ္ပဏီအကြောင်းကြားစာတစ်ကြိမ်၊ (၂-၁၁-၂၀၂၁) ရက်နေ့တွင် ကုမ္ပဏီအကြောင်းကြားစာတစ်ကြိမ်၊ (၂၃-၃-၂၀၂၂)ရက်နေ့တွင်ရှေ့နေ အကြောင်းကြားစာတစ်ကြိမ် အကြောင်းကြားစာများပေးပို့ခဲ့ပြီး၊ (၁၄-၄-၂၀၂၂) ရက်နေ့ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၈)တွင် မော်တော်ယာဉ်ကို လာရောက်အပ်နှံဖြေရှင်းရန် ကြေညာခဲ့သော်လည်း ဦးအောင်ဇော်ဦးနှင့် အာမခံသူများ တစ်ဦးတစ်ယောက်မျှ လာရောက်ဖြေရှင်းဆောင်ရွက်ခြင်း မရှိခဲ့ပါ။

ယခုအခါ ရွှေသော့ကုမ္ပဏီလီမိတက်မှ ကျွန်ုပ်တို့ Best Merchant Finance Co.,Ltd (ငွေရေးကြေးရေးကုမ္ပဏီ)နှင့် "နှစ်ဦးသဘောတူလုပ်ငန်းစာချုပ်"အရ အငှားဝယ်စနစ်ဖြင့် အငှားရယူသူ ဦးအောင်ဇော်ဦးပေးသွင်းရန် ကျန်ရှိသော အရစ်ကျငွေများကို တစ်လုံးတစ်ခဲတည်း ရှင်းလင်းပေးသွင်းပြီးဖြစ်ပါ၍ ဦးအောင်ဇော်ဦးမှ အာမခံ တင်သွင်းအပ်နှံထားသော ယာဉ်မှတ်ပုံတင်စာအုပ်မူရင်းနှင့်ယာဉ်ပိုင်ဆိုင်မှုအထောက်အထားမူရင်းများကို ရွှေသော့ ကုမ္ပဏီလီမိတက်ထံသို့ထုတ်ပေးမည် ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်း များနှင့်တကွ Best Merchant Finance Co.,Ltd(ငွေရေးကြေးရေးကုမ္ပဏီ)သို့ ဤသတင်းစာ ကြေညာပါသည့် နေ့မှ(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အဆိုပါရက်ကျော်လွန်ပါက အငှားစာချုပ်နှင့် ပတ်သက်သမျှ တာဝန်ယူဖြေရှင်းသူ ရွှေသော့ကုမ္ပဏီလီမိတက်သို့ ပိုင်ဆိုင်မှုမူရင်းများထုတ်ပေးသွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့်အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**Best Merchant Finance Co.,Ltd (ငွေရေးကြေးရေးကုမ္ပဏီ)၏**
**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်မေအောင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၆၂၆၄/၁၅)**
**ဖုန်း-၀၉-၄၄၈၀၃၅၃၅၄**
**အမှတ်(၇)၊ ပဏ္ဍိတလမ်း၊(၇)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် အသုံးပြုရန်အတွက် မြန်မာငွေအတုအစစ်ခွဲခြားရေတွက်စက်များအား မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ဆို၍ ဝယ်ယူလိုပါသည်-

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၄-၁၁-၂၀၂၂ ရက် မှ ၅-၁၂-၂၀၂၂ရက် အထိ(ရုံးချိန်အတွင်း)
တင်ဒါပုံစံရောင်းချမည့်နေရာ - ဂိတ်အမှတ်(၂)၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် (နေပြည်တော်)၊ ရုံးအမှတ်(၅၅)
တင်ဒါနောက်ဆုံးတင်သွင်းရမည့်နေ့ရက်/အချိန် - ၇-၁၂-၂၀၂၂ ရက်၊ ညနေ (၄:၀၀)နာရီ
တင်ဒါဖွင့်လှစ်မည့်နေ့ရက် - ၉-၁၂-၂၀၂၂ရက်၊ နံနက် (၁၀:၀၀)နာရီ
တင်ဒါဖွင့်လှစ်မည့်နေရာ - ဇမ္ဗူသီရိခန်းမ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် (နေပြည်တော်)၊ ရုံးအမှတ်(၅၅)

၂။ တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇- ၃၄၁၈၂၉၃ (အင်ဂျင်နီယာဌာနစိတ်၊ စက်မှု) သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။ **တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ရခိုင်ရိုးကြီးကျေးရွာ၊ ဆရာစံလမ်းသွယ်တွင် ကျွန်ုပ်ဒေါ်မြင့်မာမှ အောက်ဖော်ပြပါ အမည်တံဆိပ်(၅)မျိုး-

(၁) သုခအောင်
(၂) မိုးမြင့်အောင်
(၃) ရွှေပီတိ
(၄) သေုခ
(၅) ရွှေသာယာ

အနက်မှ သင့်လျော်သော အမည်တံဆိပ်တစ်ခုဖြင့် သောက်ရေသန့်ထုတ်လုပ်ရောင်းချရန် စီစဉ်ထားရှိပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်းတွင်ရှိသော သောက်ရေသန့်စက်ရုံများမှ အမည်တူရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုတစ်စုံတစ်ရာ မရှိပါက အထက်ပါအမည်ဖြင့် ရန်ကုန်မြို့မှတ်ပုံတင်ရုံး၌ တရားဝင် မှတ်ပုံတင်သွင်း၍ သောက်ရေသန့် ထုတ်လုပ်သည့်လုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဒေါ်မြင့်မာ [၁၂/ထတပ(နိုင်)၀၀၇၃၁၆]**
**ဖုန်း-၀၉-၄၂၀၂၀၅၀၅၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂/နွယ်အေး၊ မြေကွက်အမှတ်-၂၇၆၊ ဧရိယာ(၂၅'x၅၀')၊ မြေကွက်တည်နေရာ(၂၇၆)၊ သီတာနွယ်လမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးအေးလူ [၁၂/ဒပန(နိုင်)၀၃၂၄၃၄] အမည်ပေါက်နှစ်(၆၀) ဂရန်မြေအား တရားလို ဦးမြင့်ဦး၊ ဦးမဟာမတ်ဒါနိစ်တို့မှ တရားပြိုင် ဦးအေးလူအပေါ် ဒေါပုံမြို့နယ်တရားရုံး၌ ၂၀၁၉ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၆ ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုတရားစွဲဆိုခဲ့မှုအပေါ် အနိုင်ဒီကရီချမှတ်သည့် (၁၆-၇-၂၀၂၀)ရက်စွဲပါ စီရင်ချက်နှင့် ဒေါပုံမြို့နယ်တရားရုံး ၂၀၂၁ခုနှစ်၊ တရားမဇာရီမှုအမှတ်- ၁၃ဖြင့် ဘီလစ်ခန့်အပ်သည့် (၁၇-၁၂-၂၀၂၁)ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်းတာဝန်ခံ မိတ္တူမှန်၊ ဒေါပုံမြို့နယ်တရားရုံး၏ (၅-၅-၂၀၂၂)ရက်စွဲပါ စာအမှတ်-၁၁၈/(က)/၁၃-၁/၂၀၂၂ ဘီလစ်ခန့်စာ၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်းတို့တင်ပြ၍ တရားရှုံးများကိုယ်စား ဘီလစ်ဦးဆောင်းလွင်ဦး [၁၂/တမန(နိုင်)၀၂၉၅၃၁]မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ်(၅)ရှိ Golden Parami Condo Tower (A)ဟုခေါ်တွင်သော (၈)ထပ်ကွန်ဒိုတိုက်အဆောက်အဦ၏၃-လွှာ၊ အခန်းအမှတ်(၃၀၃)၊ ဧရိယာ(၁၇၉၀.၀၅)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွ ယင်းကွန်ဒိုတိုက်ခန်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရှိုင်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်ထံမှဝယ်ယူပြီး တရားဝင် လက်ရှိထားပိုင်ဆိုင်သူ ဒေါ်ချိုချိုလှိုင် [၁၂/လမတ(နိုင်)၀၂၃၈၁၈]က အဆိုပါကွန်ဒိုတိုက်ခန်းကို မိမိတစ်ဦးတည်းသာပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း၊ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံအဆိုပြုပြီးရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်သဘောတူညီသောကြောင့် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေများအနက်မှအချို့ကိုစရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အထက်ပါကွန်ဒိုတိုက်ခန်းအား အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၇)ရက်အတွင်းခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့် တကွလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို တည်ဆဲဥပဒေများနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရတနာညီထွဏ်း**
**LL.B, DBL, DIL, DML, MA(Business Law)**
**အထက်တန်းရှေ့နေ (စဉ်-၃၉၉၈၂)**
**တိုက်(၈၈)၊ မြေညီထပ်၊ (၃၈)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၀၀၅၁၁၈၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁/တပင်ရွှေထီး၊ မြေကွက်အမှတ်-၂၃၈/က၊ ဧရိယာ(၁၂၀၀)စတုရန်းပေ၊ မြေကွက်တည်နေရာ-အမှတ်(၄)၊ မဟာဗန္ဓုလလမ်း၊ တပင်ရွှေထီးရပ်ကွက်၊ ဒလမြို့နယ်၊ ဦးအုံးသော် [၁၀/သဖရ(နိုင်)၀၃၁၁၆၆] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် (ခင်ပွန်း) ကွယ်လွန်သဖြင့် ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုစာရင်း၊ နှစ်(၆၀) ဂရန်မူရင်းတို့တင်ပြ၍ ဒေါ်မြတ်ကျင် [၁၀/သဖရ(နိုင်)၀၃၈၂၁၆]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၀/၂၂ (၂၆-၉-၂၀၂၂)ရသူ ဒေါ်စန်းစန်းမော် [၁၂/ရကန(နိုင်)၀၄၄၆၆၅]မှ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ် စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁/တပင်ရွှေထီး၊ မြေကွက်အမှတ်-၂၃၈/ခ၊ ဧရိယာ(၁၂၀၀)စတုရန်းပေ၊ မြေကွက်တည်နေရာ-အမှတ်(၄)၊ မဟာဗန္ဓုလလမ်း၊ တပင်ရွှေထီးရပ်ကွက်၊ ဒလမြို့နယ်၊ ဦးအုံးသော် [၁၀/သဖရ(နိုင်)၀၃၁၁၆၆] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် (ခင်ပွန်း) ကွယ်လွန်သဖြင့် ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေဆုံးမှု လက်မှတ်၊ အိမ်ထောင်စုစာရင်း၊ နှစ်(၆၀) ဂရန်မူရင်းတို့ တင်ပြ၍ ဒေါ်မြတ်ကျင် [၁၀/သဖရ(နိုင်)၀၃၈၂၁၆] ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်- ၁၀/၂၂ (၂၆-၉-၂၀၂၂)ရသူ ဒေါ်စန်းစန်းမော် [၁၂/ရကန(နိုင်)၀၄၄၆၆၅]မှ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ် စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

တော
တောင်
ပျက်
ပြုန်း
မြေဆီ
သုဉ်း၏

## ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ် သမဝါယမအသင်းစု
## အိတ်ပိတ်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ သမဝါယမအသင်းစုပိုင်၊ အကွက်အမှတ်(2A)၊ ရေတွင်းချောင်တောင်ကွက်၊ ဧရိယာ(၀.၂၃၆)ဧက၊ အမှတ်(၁)ရပ်ကွက်၊ မင်းလမ်းရှိ မြေကွက်နှင့် အဆိုပါမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၇၀'x၁၂'x၁၅')ရှိ အခန်း(၁၀)ခန်းပါ ဘော်ဒါဆောင် အဆောက်အဦ (၁)လုံး၊ (၂၀'x၁၆'x၁၅')ရှိ စာသင်ဆောင် အဆောက်အဦ (၂)လုံး၊ (၂၀'x၂၀'x၁၅') အဆောက်အဦ(၁)လုံး၊ (၃၀'x၂၀'x၁၅')ရှိ ဂိုဒေါင်(၁)လုံး၊ လုပ်ငန်းသုံးပါဝါမီတာ(၁)လုံးတို့အား အိတ်ပိတ်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

၁။ အိတ်ပိတ်လေလံလျှောက်လွှာရောင်းချမည့်ရက် - (၂၅-၁၁-၂၀၂၂)ရက်မှ (၁၅-၁၂-၂၀၂၂)ရက်အထိ
၂။ လျှောက်လွှာပိတ်မည့်ရက် - (၁၅-၁၂-၂၀၂၂)ရက် ညနေ (၁၆:၀၀)နာရီ
၃။ လေလံတင်ရောင်းချမည့်ရက် - ထပ်မံကြေညာပါမည်
၄။ လေလံတင်ရောင်းချမည့်နေရာ - ထပ်မံကြေညာပါမည်

အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များအား မေးမြန်းစုံစမ်းနိုင်ပါသည်-

**ဖုန်း-၀၉-၈၄၃၀၀၅၅၈၄၊ ၀၉-၂၅၄၂၆၅၉၃၇၊ ၀၉-၄၀၉၆၅၃၅၇၀၊ ၀၉-၂၅၀၀၆၀၁၇၈**

**လေလံတင်ဒါထုခွဲရောင်းချရေးအဖွဲ့၊ မြို့နယ်သမဝါယမအသင်းစု**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၊ မြေကွက်အမှတ် - ၂၇၊ မြေကွက်တည်နေရာအမှတ် - ၂၇၊ စက်မှုလယ်ယာ(၂) လမ်း၊ (၁၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဦးသန်းလွင် (MTT-080833) အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား ဦးသန်းလွင် (ဖခင်)(အမည်ပေါက်)သည် (၃-၃-၂၀၁၈) ရက်နေ့တွင် လည်းကောင်း၊ ဒေါ်သိန်းသိန်း (မိခင်) (၁-၂-၂၀၂၁) ရက်နေ့တွင်လည်းကောင်း၊ အသီးသီးကွယ်လွန်ကြ၍ ၎င်းတို့၏ တရားဝင်တစ်ဦးတည်းသော သမီးတော်စပ်ကြောင်း လသာမြို့နယ်၊ တရားရုံး၏ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂) စောင်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ မိခင်၊ ဖခင်သေစာရင်းများ၊ နှစ် (၆၀) မြေငှားစာချုပ်ဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ဒေါ်မို့မို့ခိုင် [၁၂/ဗဟန(နိုင်)၀၈၅၄၉၆]မှ ပိုင်ဆိုင်ကြောင်း အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်း စစ်ဆေးရာ မြေပေါ်တွင် (၁) ထပ်သွပ်မိုး၊ ပျဉ်ကာ၊ အဆောက်အဦ(၁)လုံးတွင် အိမ်ငှားထားရှိပြီး၊ (၂) ထပ် အခန်းတွဲ တိုက်(၁)လုံးတွင် အရပ်ကတိဖြင့် ဝယ်ယူထားသူ၏ အိမ်ငှားများနေထိုင်ပါသည်။ မြေပြင်ကွင်းဆင်း စစ်ဆေးသည်ကို သိရှိကြောင်းနှင့် တစ်ခြမ်းတွင် အိမ်ငှားထားရှိပြီး၊ ကျန်တစ်ခြမ်းအား အရပ်ကတိဖြင့် ရောင်းချထားကြောင်း ၎င်းမြေကွက်ရောင်းချထားခြင်းအတွက် အရှုပ်အရှင်းမရှိပါကြောင်း ပြဿနာပေါ်ပေါက်လာပါက တာဝန်ယူ ဖြေရှင်းမည်ဖြစ်ကြောင်း လျှောက်ထားသူ ဒေါ်မို့မို့ခိုင်မှ လက်မှတ်ရေးထိုးပေးပါသည်။ သို့ဖြစ်ပါ၍ ဒေါ်မို့မို့ခိုင်မှ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## "ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၂)ရပ်ကွက်၊ သစ္စာရိပ်သာလမ်း၊ သစ္စာရိပ်သာကွန်ဒို၊ အမှတ်(၈)၊ အခန်း(၂၀၃)တွင်တည်ရှိသော ZUVENTUS MEDICA LIMITED၊ ကုမ္ပဏီမှတ်ပုံတင်အမှတ်(၁၂၅၄၉၂၂၇၄)သည် အောက်တွင် ဖော်ပြထားသော အမှတ်တံဆိပ်အား ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားသည့် အမှတ်တံဆိပ်မူပိုင်ရှင်ဖြစ်ပါသည်-

USA UC II ORIGINAL
CAPSULE

**စာချုပ်အမှတ်- ၈၀၀၇/၂၀၂၂ (နေ့စွဲ - ၄-၁၀-၂၀၂၂)**

အထက်ဖော်ပြပါ အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် အရိုးအဆစ်များ၊ ကြွက်သားများ၊ ခါး၊ ဒူးဆစ်နှင့် ခြေကျင်းဝတ်များ ရောင်ရမ်းနာကျင်ခြင်း၊ ကြွက်သားနာကျင်ကိုက်ခဲခြင်းများကို သက်သာစေရန် အထောက်အကူပြုပေးသည့် ဖြည့်စွက်စာ USA UC II Original capsule 40mg (Undenatured Chicken Collagen Type II)အား ကမ္ဘောဒီးယားနိုင်ငံအခြေစိုက် ကုမ္ပဏီဖြစ်သော DIO PHARMA CO.,LTD ၏ မြန်မာပြည်တစ်ဦးတည်းတင်သွင်းသူအနေဖြင့် မိမိတို့ ZUVENTUS MEDICA LIMITED မှ တင်သွင်း၍ ဖြန့်ချိခြင်း၊ လက်လီ/လက်ကား ရောင်းချခြင်း၊ online မှ ရောင်းချပေးခြင်းတို့တွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ အသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအမှတ်တံဆိပ်အား မည်သည့်ပုံစံဖြင့်မဆို မိုငြမ်း တုပသုံးစွဲခြင်း၊ တရားမဝင်တင်သွင်းရောင်းချခြင်း၊ အခြားတစ်နည်းနည်းဖြင့် အသုံးပြုခြင်းမျိုး လုပ်ဆောင်ခြင်းမပြုကြရန် သတိပေးတားမြစ်ပါသည်။ မိုငြမ်းတုပသုံးစွဲခဲ့မည်ဆိုပါက တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆို အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ZUVENTUS MEDICA LIMITED ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အေးမင်းမင်းသိမ့်** | **ဒေါ်ခိုင်ဆုဝေ** |
| **(LL.B, D.B.L, D.I.L, D.M.L)** | **(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၃၇)** | **အထက်တန်းရှေ့နေ (စဉ်-၅၂၀၆၅)** |

**The Solution Power Legal Consultant and Investment Co., Ltd**
**အမှတ်(၉၃၆)၊ ရွှေနှင်းဆီ (၂)လမ်း၊ (၉)မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၅၀၉၈၉၄၂၊ ၀၉- ၇၉၅၉၂၁၉၃၂**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း အုပ်ချုပ်မှု/ ပုံမှန်လုပ်ငန်းသုံး ဒီဇယ်ဆီများအား အိတ်ဖွင့်တင်ဒါစနစ် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | ဒီဇယ်ဆီ | ၃၀၀၀၀ ဂါလန် |

တင်ဒါပုံစံရောင်းချမည့်နေ့ရက် - ၂၂-၁၁-၂၀၂၂ ရက်နေ့မှ ၆-၁၂-၂၀၂၂ ရက်နေ့အထိ
တင်ဒါပိတ်ရက်နှင့်အချိန် - ၆-၁၂-၂၀၂၂ ရက် မွန်းတည့်(၁၂:၀၀)နာရီ

၂။ အိတ်ဖွင့်တင်ဒါပုံစံများအား သတ်မှတ်ရက်အတွင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)၊ ဖြည့်တင်းရေးဌာနခွဲ-၂ ရုံးအမှတ် (၅၀)၊ နေပြည်တော်၊ ဖုန်းနံပါတ်-၀၆၇-၃၄၃၁၂၉၅၊ ၀၆၇-၃၄၃၁၃၀၈ တွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၄၊ မြေကွက်အမှတ်(၅၅၇)၊ ဧရိယာ (၀.၀၅၇)ဧကရှိ နှစ် (၆၀) မြေငှားဂရန် မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ ဒဂုံမြောက်မြို့နယ်၊ (၃၄)ရပ်ကွက်၊ သရဖီ (၅) လမ်း၊ အမှတ်(၅၅၇)ခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ပိုင်ဆိုင်သူ ဖခင် ဦးမောင်မောင်စော[၁၂/လမန(နိုင်)၀၁၈၆၆၁]မှ သမီးများဖြစ်သော ဒေါ်စောချိုဦး [၁၂/ဒဂမ(နိုင်)၀၂၀၈၇၄]+ ၂ထံသို့ အဖိုးစားနားရယူခြင်းမရှိဘဲ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းနှင့် စပ်လျဉ်း၍ နစ်နာမှုတစ်စုံတစ်ရာအကြောင်းရှိနိုင်သူ မည်သူမဆို ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါပြီး (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ချက်မရှိပါက တည်ဆဲဥပဒေများအား မဆန့်ကျင်စေဘဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးလိမ္မော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၃၁၄)**
**အမှတ် (၄၆/ပထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉- ၆၉၂၂၉၈၅၆၃၊ ၀၉- ၄၂၈၆၃၀၇၀၄**

## အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးပြီးဖြစ်ကြောင်း
## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ကိုလွင်အောင်မြင့် [၁၂/မရက(နိုင်)၁၁၃၄၇၉] နှင့် ဒေါ်သီတာဇင် [၁၂/မရက(နိုင်)၀၀၂၃၂၉]ကိုင်ဆောင်သူတို့ နှစ်ဦးသည် စိတ်သဘောထား တိုက်ဆိုင်ခြင်းမရှိတော့ပါသဖြင့် (၂၁-၁၁-၂၀၂၂)ရက်နေ့တွင် ရန်ကုန်အင်းစိန်ခရိုင်တရားရုံးတော်၊ ဒုတိယဦးစီးမှူးရှေ့မှောက်တွင် မှတ်ပုံတင်အမှတ်စဉ် - ၉၅/၂၀၂၂ ဖြင့် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ပါသည်။ နောက်နောင်တွင် ဒေါ်သီတာဇင်၏ ဆောင်ရွက်မှုမှန်သမျှသည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ကိုလွင်အောင်မြင့်နှင့် ပတ်သက်စပ်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ကလျာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၆၁၈၁)**
**အမှတ် (၅၀)၊ ပထမထပ်၊ အခန်း (C-10)၊ ဘဏ်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph : 09 - 956939076**

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ (၁၂)ရပ်ကွက်၊ သခင်မြလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ-၅)၊ မြေကွက်အမှတ်(၁၈/ခ)ဟုခေါ်တွင်သော ဦးတင်ရွှေအမည်ပေါက်မြေချပါမစ်မြေကွက် (အလျား၂၀ပေx အနံ၆၀ပေ) အကျယ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် တွယ်ကပ်တပ်ဆင်ထားသော မြေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ဆိုင်အကျိုးခံစားခွင့်၊ ရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဒေါ်ခင်မေဦး(ဘ)ဦးကြွယ်သန်း [၁၂/ကမတ(နိုင်) ၁၄၃၈၆၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်လင်းဇာဖြိုး(ဘ) ဦးစိုးမင်း[၁၂/လသယ(နိုင်)၀၆၂၂၁]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေအိမ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အပြီးသတ်ငွေပေးချေ၍ အရောင်းအဝယ်အား ပြီးဆုံးအောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်အိအိဖြိုး** | **ဦးမောင်မောင်မြင့်** |
| **LL.B.,D.B.L,WIPO (Switzerland)** | **LL.B,D.B.L WIPO (Switzerland)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၄၇၀)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၃၃၉)** |

**အမှတ်(၂၃၄)၊ ကမ်းနားလမ်း၊ မကျည်းတန်းတောင်/ အနောက်ရပ်ကွက်၊**
**ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၄၂၈၃၄၃၀၃၈၊ ၀၉-၂၅၄၃၈၃၇၆၁**

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ (၁၃)ရပ်ကွက်၊ လှိုင်သရဖီလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ-၆)၊ မြေကွက်အမှတ်(၇၂/က)ဟုခေါ်တွင်သော ဦးလှကြည် အမည်ပေါက်မြေချပါမစ်မြေကွက်(အလျား၂၀ပေx အနံ၆၀ပေ) အကျယ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် တွယ်ကပ်တပ်ဆင်ထားသော မြေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ဆိုင်အကျိုးခံစားခွင့်၊ ရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဒေါ်အေးမှုံ(ဘ)ဦးထွေး[၁၂/မဂတ(နိုင်)၀၆၆၅၅၉] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးဇော်လင်းဦး(ဘ)ဦးဝင်းဇော်[၁၂/လသယ(နိုင်) ၁၁၂၆၅၉]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေအိမ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အပြီးသတ်ငွေပေးချေ၍ အရောင်းအဝယ်အား ပြီးဆုံးအောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်အိအိဖြိုး** | **ဦးမောင်မောင်မြင့်** |
| **LL.B,D.B.L,WIPO(Switzerland)** | **LL.B,D.B.L,WIPO(Switzerland)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၄၇၀)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၃၃၉)** |

**အမှတ်(၂၃၄)၊ ကမ်းနားလမ်း၊ မကျည်းတန်းတောင်/အနောက်ရပ်ကွက်**
**ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၈၃၄၃၀၃၈၊ ၀၉-၂၅၄၃၈၃၇၆၁**

## ဒေါ်ခင်သန်းမြင့်
### အသက် (၈၅)နှစ်

(ဦးသာအောင်-ဒေါ်စိုးမြင့်)တို့၏သမီး၊ (ဦးလှဘော်သူ-ဒေါ်အေးစိန်)တို့၏သမီးချွေးမ၊ [ဦးအောင်ခင်ဦး(ခ)အနောင်]-ဒေါ်မြတ်မြတ်ထင်၊ (ဦးခင်မောင်ကြည်)-ဒေါ်ခင်ဝင်းမြင့်သိန်းတို့၏ညီမ၊ [ဦးခင်မောင်မြင့်(ခ)အောင်ပြည့်]-ဒေါ်နွယ်နွယ်ညွန့်၊ (ဦးအထွင့်ပန်)-ဒေါ်ခင်အေးမြင့်၊ [ဦးခင်မောင်ဌေး(ခ)ကောင်းညွန့်]-ဒေါ်ငွေရည်၊ (ဦးဝဏ္ဏ-ဒေါ်ချိုချိုရီ)တို့၏အစ်မ၊ [ဦးသိန်း (လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း၊ အကောက်ခွန်ဦးစီးဌာန)]၏ဇနီး၊ ဦးအောင်နိုင်ဦး၊ ဦးကျော်ထင်လင်း-ဒေါ်မိုးသူဇာ၊ (ဦးအောင်ကျော်မိုး)၊ (ဦးအောင်ကျော်သူ)၊ ဦးအောင်ကျော်စိုးမိုးတို့၏မိခင်၊ Michael John၊ မသူသူသစ္စာ၊ မောင်သိက္ခာ၊ မောင်သမာဓိတို့၏အဘွားသည် ၂၁-၁၁-၂၀၂၂ (တနင်္လာနေ့) ညနေ ၅:၅၅ နာရီတွင် မြောက်ဒဂုံ၊ ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁၁-၂၀၂၂ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား ညှိုးငယ်စွာဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။ [၂၈-၁၁-၂၀၂၂ (တနင်္လာနေ့) နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကွယ်လွန်သူအားရည်စူးအလှူပြုလုပ်မည်ဖြစ်ပါသဖြင့် ကန်ဦးဇေတဝန်စာသင်တိုက်၊ ရွှေနှင်းဆီလမ်း၊ ၈-မိုင်ခွဲ၊ မရမ်းကုန်းမြို့နယ်သို့ ကြွရောက်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးဟံရှင်
### အသက်(၈၃)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ မဲဇလီကုန်းတိုက်နယ်၊ စံပြရပ်ကွက်၊ အောင်သိဒ္ဓိလမ်းနေ (ဦးကြင်-ဒေါ်မယ်သီ)တို့၏ တတိယမြောက်သား၊ (ဦးကံမြင့်)၊ ဦးမောင်လှိုင်တို့၏ညီ၊ (ဒေါ်လှထွေး)၏ ချစ်လှစွာသောခင်ပွန်း၊ သား နှစ်ယောက်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ ဦးကဲနက်သန့်ဇင်ဇော်-ဒေါ်အေးသီတာသိမ့်၊ မြေး ရှစ်ယောက်တို့၏ အဘိုးသည် ၂၂-၁၁-၂၀၂၂ (အင်္ဂါနေ့) နံနက် ၅ နာရီတွင် (၉၆)ပါးသောရောဂါဝေဒနာတို့ဖြင့် ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ၂၄-၁၁-၂၀၂၂ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်စိုးမြင့်
### အသက် (၆၉)နှစ်

(ဦးဘသိန်း-ဒေါ်အုန်းမြိုင်)တို့၏သမီး၊ (ဦးမြတ်စိုး-ဒေါ်ခင်သိန်း)တို့၏သမီးချွေးမ၊ [ဦးအောင်သန်း (ညွှန်မှူး-ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန)]၊ ဒေါ်ခင်သန်းမြင့် (အထက်တန်းပြ-ငြိမ်း)တို့၏ညီမ၊ ဒေါ်သီတာသဲသဲခိုင် (မြို့ပြအင်ယာ၊ လ/ထ ညွှန်မှူး)၊ (လေကြောင်းဦးစီးဌာန)၊ ဦးစိုးကျော်စွာ (Managing Director, ရွှေနွယ်ဝင်ကုမ္ပဏီလီမိတက်)-ဒေါ်သန္တာဝင်း (ကထိက၊ ဆေးဝါးတက္ကသိုလ်)တို့၏ ဒေါ်လေး၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ (ဦးမင်းစိုး)၏ ချစ်လှစွာသောဇနီး၊ ဦးအေးမင်းသိန်း (Senior General Manager, Aung Gyi Group of Companies)- ဒေါ်ချောစန္ဒာသက်၊ ဦးသူရသင်းဇော်(ခရိုင်ဥပဒေအရာရှိ)- ဒေါ်အိအိဖြိုး (ဒုတိုင်းဥပဒေအရာရှိ)တို့၏ ကျေးဇူးရှင်မွေးသမိခင်ကြီး၊ မနဒီအေး၊ မောင်ရှင်းသန့်တို့၏ ဘွားဘွားကြီး ဒေါ်ခင်စိုးမြင့်သည် ၂၂-၁၁-၂၀၂၂ ရက် နံနက် ၁၀:၂၅ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၂ နာရီတွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၁၁-၂၀၂၂ ရက် နံနက် ၉ နာရီတွင် ရက်လည်ဆွမ်းကျွေး တရားတော်များ နာကြားမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ-၁၄)၊ မြေကွက်အမှတ်- ၆၇၂၊ နွယ်နီလမ်း၊ (၁၅)ရပ်ကွက်၊ ဒေါ်စန်းရီ အမည်ပေါက် မြေချပါမစ်၊ (၄၀'x၆၀') အကျယ်ရှိ မြေကွက်ကြီးထဲမှ တစ်စိတ်တစ်ပိုင်းဖြစ်သော ခြေရင်းဘက်ခြမ်း (၂၀'x၆၀') အကျယ်ရှိ မြေကွက်နှင့်အိမ်အဆောက်အဦ (၂)လုံးတို့ကို အမွေဆက်ခံပိုင်ဆိုင်သူ ဒေါ်ဌေးဌေးရီ [၁၂/မရက(နိုင်)၀၁၅၉၈၁]၊ ဒေါ်ဇင်မာဝင်း [၁၂/မရက(နိုင်)၁၂၄၇၉၈]နှင့် ဒေါ်ခိုင်ဇာလင်း [၁၂/မရက(နိုင်)၁၄၇၀၁၁]တို့မှ အရှုပ်အရှင်းမရှိ ပိုင်ဆိုင်ကြောင်းဝန်ခံ၍ ကျွန်ုပ်၏မိတ်ဆွေတို့အား ရောင်းချရာ အပြီးအပိုင်ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် အိမ်အဆောက်အဦတို့နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်း အထောက်ထားများတင်ပြ၍ ကျွန်ုပ်ထံ ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးသည်နှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းမာလာ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၆၅၀)**
**အမှတ်-၂၈၇/က၊ စပ်စံထွန်းလမ်း၊ (၉)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၃၁၆၀၄၈၀**

---

အပြင်ထွက်တိုင်း

ပါးစပ်နှင့် နှာခေါင်းစည်း (MASK) ကို စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ

---

မာန်အောင်မြို့နယ်အသင်း(ရန်ကုန်)

## ဦးဖြူလှအောင် (ခ) ဦးလှအောင်
### အသက်(၉၀)

ရန်ကုန်မြို့၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ (၂၀)ရပ်ကွက်၊ အနော်ရထာလမ်းမကြီး၊ အမှတ်(၄၉၂/ခ)နေ ဦးအုန်းဖေ-ဒေါ်ခိုင်သက်ဝေတို့၏ဖခင်ကြီး ဦးဖြူလှအောင်(ခ)ဦးလှအောင်(မာန်အောင်မြို့နယ်အသင်းဝင်)သည် ၂၁-၁၁-၂၀၂၂ ရက်တွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၁-၂၀၂၂ ရက် ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ၊ အသင်းသားနှင့် ဆွေမျိုးမိတ်ဆွေများ လိုက်ပါပို့ဆောင်ကြပါရန် နှိုးဆော်အပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့
(မာန်အောင်မြို့နယ်အသင်း-ရန်ကုန်)

---

## ရဲမှူး စိန်ဝင်းမောင် (လ/၅၆၉၉၀)
### အရှေ့ပိုင်းခရိုင်ရဲမှူး(ငြိမ်း)
### အသက်(၇၇)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ကျုံမငေးမြို့နေ (ဦးကံညွန့်-ဒေါ်အုန်းသွယ်)တို့၏သားကြီး၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၂)ရပ်ကွက်၊ ရာဇာဓိရာဇ်အိမ်ရာ၊ တိုက်(၄၇၂)၊ အခန်း(၀၀၄)နေ ဒေါ်မြသန်း၊ (ဒေါ်မြသိန်း)၊ ဒေါ်ယဉ်ယဉ်မြတို့၏ အစ်ကိုကြီးသည် ၂၁-၁၁-၂၀၂၂ ရက် မွန်းလွဲ ၂:၅၅ နာရီတွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၂-၁၁-၂၀၂၂ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေအပေါင်းအသင်းများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

တေဇ(၂၃)မှ သူငယ်ချင်း အေးမင်းသိန်း၏ မိခင်ကြီး ဒေါ်ခင်စိုးမြင့် အသက် (၆၉)နှစ်သည် ၂၂-၁၁-၂၀၂၂ ရက် နံနက် ၁၀:၂၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၂၃)မှ သူငယ်ချင်းများနှင့် မိသားစုများ**

---

### “ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၂)ရပ်ကွက်၊ သုဒဿန(၁)လမ်း၊ မြေကွက်အမှတ်(၃၅/ခ)တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ဒုတိယထပ် (၃-လွှာ)၊ (တိုက်မျက်နှာမူ ညာဘက်)၏ တိုက်ခန်းတစ်ခန်းနှင့် တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိမိသာလျှင် တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်အဆိုရှိသူ ဒေါ်သန်းသန်းမြင့် [၁၂/ဥကတ(နိုင်)၀၆၈၃၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ တိုက်ခန်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန်းညွန့်အောင် (LL.B, D.M.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၉၂၆)**
**အမှတ်- (၃၃/၄၉)၊ ပထမထပ်၊ အခန်း(၃၃)၊ STRAND CONDO၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 09- 450025702**

---

### “ကန့်ကွက်နိုင်ပါကြောင်း”

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၀)၊ မြေကွက်အမှတ် (၉၂၈)၊ (အလျား ပေ၄၀ x အနံ ပေ၆၀)ရှိသော မြေကွက်၊ (ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၌ ဒေါ်ညိမ်းညိမ်းလှိုင် အမည်ဖြင့် မြေငှားဂရန်စာချုပ် ရရှိထားသောမြေကွက်)အား အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေ ဒေါ်ဌေး [၁၂/ဆကန(နိုင်)၀၀၀၇၀၆]မှ ရောင်းချသူ ဒေါ်စိုးမေ[၅/တလထ(နိုင်)၀၀၇၂၄၄]ထံသို့ စရန်ငွေ တစ်စိတ်တစ်ဒေသကို (၃၁-၁၀-၂၀၂၂)ရက်နေ့တွင် ပေးချေပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက နှစ်ဦးသဘောတူမြေကွက်အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဌေး၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးဇော်ဖုန်းမြင့် | ဒေါ်အေးအေးသက် |
|---|---|
| LL.B | LL.B, D.B.L, D.M.L, D.I.R, Dip in English |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဉ်-၁၆၀၁၉) | (စဉ်-၁၂၅၈၆) |

**အမှတ်(၁၉)၊ ရှမ်းကုန်းလမ်း၊ မြေနီ/မြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၀၈၆၁၄၈၊ ၀၉-၄၄၈၀၀၂၄၉၂**

---

### လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

အိမ်ပြင်ပ၌ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။




---

## ဒေါ်အေးကြည်
### အသက်[၉၉]နှစ်

ရန်ကုန်မြို့နေ(ဦးဖိုးမင်း-ဒေါ်ရိုစီ)တို့၏သမီး၊ (ဦးတင့်မောင်-ဒေါ်သိန်းခင်)တို့၏ သမီးချွေးမ၊ ဦးစိန်ထွန်း-ဒေါ်ခင်ဆွေမြင့်တို့၏ညီမ၊ (ဒေါ်သိန်းတင်-ဦးလှ)၊ (ဦးလှမြင့်-ဒေါ်မေရီ)၊ (ဒေါ်ညွန့်ညွန့်-ဦးခင်သိန်း)၊ (ဒေါ်အုံးကြည်-ဦးထွန်းတင်)၊ (ဦးမြသိန်း)၊ ဒေါ်တင်အေး-(ဦးအုံးကြိုင်)၊ ဒေါ်ညွန့်တင်-(ဦးစံသိန်း)တို့၏အစ်မ၊ ဒေါ်ကြည်ကြည်ဝင်း-(ဦးသိန်းထွန်း)၊ ဒေါ်ခင်ပြုံး-(ဦးအေးကို)၊ ဦးကိုကိုကြီး-(ဒေါ်ခင်မာသိန်း)၊ (ဦးကိုကိုလေး)-ဒေါ်ဥမ္မာသက်၊ ဒေါ်မာမာအေး၊ (ဒေါ်အေးအေးသောင်း)၊ ဦးကိုကိုလတ်-ဒေါ်ခင်မြအေးတို့၏မိခင်၊ (ဦးစိုးဝင်း)၏ ချစ်လှစွာသောဇနီး၊ မြေး ၁၂ ယောက်တို့၏အဘွား၊ မြစ် ၁၉ ယောက်တို့၏ ဘွားဘွားကြီးသည် ၂၂-၁၁-၂၀၂၂ ရက် နံနက် ၆:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

သုဝဏ္ဏဘူမိသထုံအသင်း(ရန်ကုန်)

## ဒေါ်ခင်စိန်(သထုံ)
### အသက်(၉၇)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်ရိပ်သာလမ်းနေ အသင်းဝင် ဦးခင်မောင်ကြည်နှင့် ဒေါ်ဆန်းဆန်းလှတို့၏မိခင် ဒေါ်ခင်စိန်သည် ၂၀-၁၁-၂၀၂၂ (တနင်္ဂနွေနေ့) ည ၁၁:၂၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၂၂ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူ/အသင်းသားတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

---

ရဟန်း ဒါယိကာမ

## ဒေါ်စိုးစိုးဝင်း
### အသက်(၅၈)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့၊ မြောက်အင်းရပ်ကွက်၊ မအ(၃၅)နေ [ဆရာတော်ကုမာရ(ခ)ဦးသိန်းအောင်-ဒေါ်ဝင်းကြည်]တို့၏ သမီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နေ (ဦးခင်မောင်-ဒေါ်ပု)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ကိုကောင်းစည်သူ၊ ကိုဇင်ဝေယံ၊ မဝတ်ရည်အောင်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ ဦးဝင်းနိုင်၏ ချစ်လှစွာသောဇနီးသည် ၂၀-၁၁-၂၀၂၂ (တနင်္လာနေ့) နံနက် ၈:၂၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ကျန်ရစ်သူမိသားစုတို့မှ ၂၇-၁၁-၂၀၂၂ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီထိ ပင့်သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်း အမျှအတန်းပေးဝေလိုပါသောကြောင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သမာဓိလမ်း၊ တိုက်အမှတ်(၈၅၀) နှစ်ခန်းတွဲ ခြောက်ထပ်တိုက်မှ (၃)လွှာ၊ ခြေရင်းတိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ရှင်များဖြစ်ကြသော ဦးဗိုလ်ကြည်နိုင် [၁၂/ရကန(နိုင်) ၀၂၃၃၄၅]နှင့် ဒေါ်နွဲ့အေးလွင် [၁၂/ကတတ(နိုင်)၀၀၂၀၂၉]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မေလင်း [၁၂/ဗဟန(နိုင်) ၀၈၃၀၇၉]က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါရှိသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းများ(မူရင်းများ)ဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခိုင်ခိုင်မော်(ခ) သန္တာရွှေ**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၇၉၄)**
**အမှတ်(၂၄၃/ဒီ)၊ သိမ်ဖြူမီးရထားဝင်း၊ မွှေ့ာရုံလမ်းသွယ်(၂)၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၄၂၀၀၀၈၉၈၆**

---

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၆/ရွှေပေါက်ကံ)၊ ညောင်ရမ်းလမ်း၊ မြေကွက်အမှတ်(၁၀၂၈)၊ အကျယ်အဝန်း (အလျား ၄၀ပေx အနံ ၆၀ပေ) နှစ်(၆၀) ဂရန်အမည်ပေါက် ဦးတင်ရှိန် [၁၂/ဒဂန(နိုင်)၀၀၂၇၆၄] မြေကွက်ထဲမှ တရားဝင်မခွဲစိတ်ရသေးသော (အလျား ၁၂ပေx အနံ ၆၀ပေ) အလယ်ခြမ်း ဂရန်မူရင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူထားပြီး ရောင်းချပိုင်ခွင့်ရှိသော ဒေါ်စန်းစန်းဝင်း [၁၂/ဗဟန(နိုင်)၀၆၄၂၁၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်မင်းထွန်း [၁၂/ဥကတ(နိုင်)၁၅၇၈၀၂]က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်နှင့် မြေရှင်ထံသို့ ပိုင်ဆိုင်မှုအထောက်အထားစာရွက်မူရင်းများကို ကိုင်ဆောင်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြုလုပ်မည့် မြေကွက်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန်းမြင့်(LL.B, WIPO, Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၇၄)**
**၄၃၊ သီတာလမ်း၊ ရန်အောင်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၉၆၇၆၈၃၂၀၄၊ ၀၉-၄၅၀၂၇၉၄၆၈**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက် လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ် များဖြင့် ပိုမို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု များကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစား လိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

❖ **ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရန်အတွက် ရေးဆွဲအကောင်အထည်ဖော် လျက်ရှိသည့် အမျိုးသားပို့ကုန်မဟာဗျူဟာ၏ ဦးစားပေးပို့ကုန်အမယ်ထဲ တွင် ဆန်နှင့်ဆန်ထွက်ပစ္စည်းကဏ္ဍသည် ဦးစားပေးကဏ္ဍတစ်ရပ်အဖြစ် ပါဝင်...**

❖ **ဆန်စပါးတင်ပို့မှုမြှင့်တင်ရေးမဟာဗျူဟာ၏ မျှော်မှန်းချက်သည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝင်ငွေတိုးပွားလာစေရေးအတွက် အရည်အသွေးမြင့်မားပြီး သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေ ဖြစ်မည့် ရေရှည်ဖွံ့ဖြိုးတိုးတက်သည့် ဆန်စပါးထုတ်လုပ်ရေးနှင့် တင်ပို့ရေး ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော မြန်မာ့ဆန်စပါးညီလာခံ – ၂၀၂၂ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပ နိုင်ငံတော်အဆင့်အခမ်းအနားဖြစ်သည်နှင့်အညီ ခမ်းခမ်းနားနားဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် နိုဝင်ဘာ ၂၂

၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ် မှူးကြီးစိုးဝင်း တက်ရောက် အမှာစကား ပြောကြားသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ☆

## ၂၀၂၁ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲအခမ်းအနားကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၂၂

၂၀၂၁ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၃ ရက် နံနက် ၉ နာရီခွဲ တွင် နေပြည်တော်ရှိ MICC–2 ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယင်းနေ့ နံနက် ၉ နာရီ မိနစ် ၂၀ တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV–HD၊ MRTV News၊ MWD၊ MWD Variety၊ MITV၊ MOI Website၊ MOI Youtube၊ MRTV Website၊ MRTV Web & App နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(LIVE)ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

သတင်းစဉ်

## နာမည်ကြီး အာဂျင်တီးနားအသင်း ဆော်ဒီအာရေဗျအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်

စာမျက်နှာ » ၁၉ သို့

